
www.burmeseclassic.com

# မြင်းဦးခေါင်း နဲ့ ကောင်းကင်သတို့သမီး

## ပိုးလမ်းမပုံပြင်များ

လင်းတည်ဦး
ပြန်ဆိုသည်



Than Myint Aung 2007

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အမှတ်-၁၁

# မြင်းဦးခေါင်းနဲ့ ကောင်းကင်သတို့သမီး

## (ပိုးလမ်းမှ ပုံပြင်များ)

## လင်းတည်ဦး

လင်းသစ်ရောင်စဥ်
စိတ်ယဥ်ကျေးမှု အနုပညာလှိုင်းများ

အမှတ် ၁၁/ ၆၄၊ ဂေါက်ကွင်းလမ်း၊ တညင်းကုန်းရပ်ကွက်၊ အင်းစိန်၊ ရန်ကုန်မြို့။
ဖုန်း- ၅၀၅၀၉၅

www.burmeseclassic.com

www.burmeseclassic.com

# မြင်းဦးခေါင်းနဲ့ ကောင်းကင်သတို့သမီး

## မာတိကာ

မိတ်ဆက် ၇

◈

၁။ ရက်လုပ်ထားတဲ့လေ ၁၁
မြင်းဦးခေါင်းနဲ့ ကောင်းကင်သတို့သမီး ၁၅

◈

၂။ ကျောက်စိမ်းတံခါး ၂၃
နတ်မျောက်နဲ့ မြစ်နဂါး ၂၇

◈

၃။ သဲမြို့တော် ဒန်ဟွမ်း ၃၇
တိမ်ဖြူနတ်သမီး ၄၁

◈

၄။ တာကလာမာကန်က မကောင်းဆိုးဝါးများနဲ့ နဂါးများ ၄၉
ညှို့ယူဖမ်းစားတဲ့ ဥယျာဉ် ၅၃

◈

၅။ ကက်ရှ်ဂါရဲ့ ကာရာဗန်ဆာရေး ၆၃
မော်ကုန်းနီးအိတ် ၆၇

◈

၆။ ကာဂျစ်တို့ရဲ့နတ်မြင်းများ ၇၇
ပညာရှိကလေး အာရုစ် ၈၁

◈

၇။ ဆမာကန်ရဲ့ ခမ်းနားကြီးကျယ်မှုများ ၉၁
ပိုးသားသက်တံ ၉၅

www.burmeseclassic.com

www.burmeseclassic.com

# မိတ်ဆက်

ပိုးလမ်းမ (the Silk Road) ဟာ အာရှတိုက်ရဲ့ အရှေ့နဲ့အနောက် သွယ်တန်းနေတဲ့ ကုန်သွယ်ရေးလမ်းဟောင်းကြီးဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ မြို့တော်ဟောင်း ချန်အန်း (ယခုအခေါ် ဇီအန်)ကနေ အစပြုပြီး အာရှတိုက်ရဲ့ အလယ်ဗဟိုတည့်တည့်ဆီ ဆက်သွားတယ်။ ဒီလမ်းကြောင်းကြီး ဘယ်မှာ ဆုံးတယ်ဆိုတာတော့ ပြောဖို့ခပ်ခက်ခက်ပါပဲ။ အဓိကလမ်းကြောင်းက ဆမာကန်၊ ခိုင်ဗာ စတဲ့မြို့တွေအထိ ဦးတည်သွားပါတယ်။ ဒါပေမယ့် တချို့ခရီးသွားအုပ်စုတွေကတော့ ပိုးလမ်းမကြီးအတိုင်း ဆီးရီးယား၊ တူရကီ၊ ဂျော်ဒန်နိုင်ငံတွေသာမက အနောက်ဥရောပတိုင်အောင် သွားကြပါသတဲ့။ လမ်းကြောင်းတစ်လျှောက်မှာ ရွေးချယ်စရာလမ်းခွဲတွေလည်း အများကြီးရှိတယ်။ ဥပမာပြောရရင် အိန္ဒိယနိုင်ငံဆီ ဦးတည်ပြီး အများဆုံးအသုံးပြုနေကြတဲ့ လမ်းပေါ့။ ဒါကြောင့် ပိုးလမ်းမဟာ လမ်းခွဲလမ်းမြွာတွေ ခွဲဖြာယှက်နေတဲ့ လမ်းကြောင်းကြီးပါပဲ။ ဒါပေမယ့် ခရီးသွားတွေဟာ တူညီတဲ့ရည်ရွယ်ချက်တွေနဲ့ ပိုးလမ်းမကြီးကို အသုံးချခဲ့ကြတယ်။ အရှေ့နဲ့အနောက် အလိုရှိရာကုန်စည်တွေ ဖလှယ်ကြဖို့ပဲပေါ့။

အဲဒီ ကုန်သွယ်မှုဟာ ဘယ်အချိန် ဘယ်ကာလက စခဲ့တယ်ဆိုတာတော့ ဘယ်သူမှ မပြောနိုင်ပါဘူး။ ဒါပေမယ့် ဘီစီ ၂၀၀၀၊ ဒါမှမဟုတ် အဲဒါထက်စောပြီး ပိုးလမ်းမရဲ့အစိတ်အပိုင်းတွေကို လူတွေ စတင်အသုံးပြုခဲ့ကြတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ကျောက်စိမ်း၊ သတ္တုပစ္စည်းနဲ့ တခြား

www.burmeseclassic.com

www.burmeseclassic.com



အဖိုးတန်ကျောက်မျက်ရတနာတွေ ကုန်သွယ်ခဲ့ကြတယ်။ ဘီစီ ၂၀၀ လောက်မှာတော့ တကယ့်ကုန်သွယ်ရေးလမ်းမကြီးဖြစ်လာခဲ့တယ်။ အဲဒီကစလို့ အာရှကနေ ဥရောပကို လုံခြုံမှုပိုရှိပြီး ပိုပြီးတော့အဆင်ပြေတဲ့ ပင်လယ်ရေကြောင်းခရီးနဲ့ သွားရောက်နိုင်ခဲ့ကြတဲ့ ၁၄ ရာစုနှစ်တိုင်အောင်ပါပဲ။

ပိုးလမ်းမလို့ခေါ်ကြတာက တရုတ်နိုင်ငံနဲ့ အနောက်နိုင်ငံတွေကြား ဆက်သွယ် ကုန်ဖလှယ်ကြရာမှာ ပိုးထည်တွေဟာ အရေးအပါဆုံးကုန်စည် ဖြစ်ခဲ့လို့ပါပဲ။ ဒါပေမယ့် အခြားကုန်ပစ္စည်းအမယ်တွေလည်း ပါပါတယ်။ အနောက်ကနေ အရှေ့ဆီ ဖန်ထည်ပစ္စည်းတွေ၊ ကော်ဇော၊ အမွှေးတိုင်၊ ကျောက်စိမ်းတွေနဲ့ ထူးခြားနှစ်သက်ဖွယ်ရာ သစ်သီးသစ်နှံတွေ၊ ဟင်းသီးဟင်းရွက်တွေပါ အစုံပါဝင်ပါသတဲ့။ နှစ်တွေကြာလာတာနဲ့အမျှ တိုင်းတစ်ပါးက တင်သွင်းလာတဲ့ ကုန်ပစ္စည်းတွေအပေါ် လူတွေ အရသာတွေ့လာကြတယ်။ အဲဒီကုန်ပစ္စည်းတွေအတွက် ငွေကြေးအမြောက်အမြားသုံးစွဲဖို့ အသင့်ရှိနေခဲ့ကြတယ်။ ဒီလိုနဲ့ အဲဒီထူးဆန်းပြီး အဖိုးထိုက်တန်တဲ့ အရာတွေဟာလည်း တဖြည်းဖြည်းနဲ့ ' သာမန်အနေအထားမျိုး ဖြစ်လာခဲ့ကြတော့တာပေါ့။ အဲဒီကနေ့မှာတော့ တို့တွေဟာ သခွားသီးခြစ်ဖို့၊ ချည်သားရှပ်အကျီဝယ်ဖို့ နှစ်ခါမစဉ်းစားတော့ဘူးလေ။ ဒါပေမယ့် တစ်ချိန်တုန်းကတော့ အဲဒီပစ္စည်းနှစ်မျိုးဟာ ပိုးလမ်းမတစ်လျှောက် ကူးသန်းရောင်းဝယ်ခဲ့ကြတာမို့ ဈေးကြီးတဲ့ ရှားပါးပစ္စည်းတွေ ဖြစ်ခဲ့ကြပါသတဲ့။

ပိုးလမ်းမကြီးဟာ ကုန်ဖလှယ်မှုသာမက အသိပညာ၊ အယူအဆတွေ ဖလှယ်ရာမှာလည်း အရေးပါတဲ့ လမ်းကြောင်းကြီးဖြစ်ခဲ့ပါတယ်။ နက္ခတ္တဗေဒပညာ၊ ဆေးပညာ၊ သိပ္ပံပညာရပ်တွေဟာ ပိုးလမ်းမတစ်လျှောက် မြို့ရွာတွေအနှံ့ ဖြတ်သန်းကူးလူးခဲ့ကြတယ်။ ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ရှေးဟောင်းပါရှန်းလူမျိုးတွေရဲ့ ဇိုရိုအက်စ်ထရီးယန်းဝါဒ ... စတဲ့ ဘာသာတရားတွေလည်း ပျံ့နှံ့ခဲ့တယ်။ အနုသုခုမပညာတွေလည်း ပါတာပေါ့။ အပြန်အလှန်ကူးလူးဆက်နွှယ်ပြီး ပြောင်းလဲတိုးတက်ခဲ့ကြတာပါ။ ဒါကြောင့် ဒီကနေ့ ဝေးလံခေါင်ဖျား လူသူအရောက်အပေါက်နည်းတဲ့ တရုတ်နိုင်ငံအနောက်ပိုင်းမှာ ဥရောပပန်းချီဩဇာသက်ရောက်နေတဲ့ ဗုဒ္ဓဝင်ပန်းချီကားတွေ မြင်တွေ့နိုင်ပါတယ်။ အိန္ဒိယအနုပညာကတော့ အလွှမ်းမိုးဆုံးပေါ့။

ပိုးလမ်းမရဲ့ သမိုင်းတစ်လျှောက် များပြားလှတဲ့အင်ပါယာတွေ ပေါ်ပေါက်ခဲ့၊ ပြိုလဲပျက်သုဉ်းခဲ့ကြတယ်။ ဆော့ဂ်ဒီးယန်း၊ ကူရှန်း၊ ပါရှန်း ... အင်ပါယာတွေဟာ ကက်ရှ်ဂါရီယာ၊ ဂန္ဓာရ စတဲ့ ဘုရင့်နိုင်ငံတွေလိုပဲ ဟိုးရှေး

www.burmeseclassic.com

www.burmeseclassic.com



ရှေးတုန်းကတည်းက ပျက်သုဉ်းခဲ့ကြတယ်။ ပိုးလမ်းမတစ်လျှောက်က လူတွေဟာလည်း နေရာအနှံ့ ပြောင်းရွှေ့နေထိုင်ခဲ့ကြတယ်။ မကြာခဏ ကျူးကျော်သူတွေရဲ့ ဖယ်ရှားမောင်းထုတ်ခြင်းခံကြရပါတယ်။ အထူးသဖြင့် ၁၃ ရာစုလောက်က အာရှတိုက်ရဲ့ နယ်မြေအတော်များများ၊ အလယ်ပိုင်းဒေသနဲ့ ဥရောပတို့ကို အောင်နိုင်သိမ်းပိုက်ခဲ့တဲ့ မွန်ဂိုမျိုးနွယ်စုတွေရဲ့ ကျူးကျော်မှုတွေပဲပေါ့။

ဒါပေမယ့် မွန်ဂိုတွေဟာ ပိုးလမ်းမဆီကို ငြိမ်းချမ်းရေးတစ်မျိုး ယူဆောင်လာခဲ့ကြပါတယ်။ ရှေးယခင်တုန်းကဆို ခရီးသွားတွေအဖို့ ပိုးလမ်းမအစအဆုံး အနှောင့်အယှက်ကင်းကင်း သွားလာဖို့ဆိုတာ မဖြစ်နိုင်သလောက်ပါပဲ။ အစောပိုင်းခရီးသည်တချို့ သွားရောက်ခဲ့ဖူးပေမယ့် ကုန်သွယ်ဖို့ ခရီးသွားလာဖို့ စိတ်ချရတဲ့လမ်းမဟုတ်ခဲ့ပါဘူး။ လမ်းမကြီးတစ်နေရာရာမှာ စစ်ပွဲတွေ ရှိတယ်။ ပုန်ကန်ထကြွမှုတွေ ရှိနေတယ်။ တိုင်းတစ်ပါးသားတွေကို ဝင်ခွင့်မပြုတဲ့ ဘုရင်ဧကရာဇ်တွေလည်း ရှိနေပါတယ်။ ဒါကြောင့် ကန္တာရခရီးသည်တွေသာ ပုံမှန်သွားလာ လေ့ရှိတဲ့လမ်းပါပဲ။ ရာချီတဲ့တိရစ္ဆာန်တန်းကြီးနဲ့အတူ လမ်းတစ်နေရာရာက ခရီးတစ်ထောက်လောက်အထိပဲပေါ့။ သူတို့တွေဟာ ပါလာတဲ့ကုန်ပစ္စည်းတွေကို နောက်ခရီးသည်အုပ်စုထံ လွှဲပြောင်းပေးလိုက်ကြတယ်။ အဲဒီနောက် တစ်ဖက်က ကုန်စည်တွေကို မိမိတို့ရဲ့ ကုလားအုတ်နဲ့ လားတွေပေါ် တင်ဆောင်ပြီး နေရပ်ဆီပြန်ကြတာပေါ့။ ၁၃ ရာစုရဲ့ ဒီဘက်ပိုင်းနှစ်တွေကျမှသာ ကန္တာရခရီးသည်တွေ၊ လွတ်လပ်တဲ့ခရီးသွားတွေအတွက် လမ်းကြောင်းအစအဆုံး လုံခြုံစိတ်ချရပြီး လက်တွေ့သွားနိုင်တဲ့ လမ်းမကြီးဖြစ်လာခဲ့ပါတယ်။

ဒီကနေ့တိုင်အောင် ပိုးလမ်းမမှာ ခရီးသွားနိုင်တုန်းပါပဲ။ ခရီးသွားတွေအတွက် လမ်းပြအမှတ်အသားတွေဖြစ်ကြတဲ့ ရှေးမြို့တော်ဟောင်းတွေ၊ ဘုန်းတော်ကြီးကျောင်းတွေနဲ့ ခရီးတစ်ထောက်နားခိုစခန်းတွေ တွေ့မြင်ရမယ်။ ပိုးလမ်းမပေါ်က အမျိုးအဆင်၊ အသွင်ကွဲပြားတဲ့ လူတွေကိုလည်း တွေ့ကြရပါလိမ့်မယ်။ အူရီဂါးစ်၊ ကာဂျစ်၊ တာဂျစ် . . . စသဖြင့်ပေါ့။ ပြီးတော့ သူတို့ရဲ့ ရိုးရာနေထိုင်မှုတွေရောပေါ့။ တစ်ခါ ကျွဲ၊ နွား၊ ကုလားအုတ် စသဖြင့် ရောင်းဝယ်ဖောက်ကားနေကြတဲ့ တိရစ္ဆာန်ဈေးကွက်တွေ၊ စပျစ်သီးခြောက်၊ ဓား၊ ပိုးထည်၊ ခတ်ပြီးသား ကြေးနီတွေ ရောင်းချရာ ဈေးခင်းတွေကိုလည်း လှည့်လည်ကြည့်ရှုနိုင်ပါလိမ့်မယ်။ အဲဒီဈေးတွေမှာ ကိုယ့်ဒေသမှာမရနိုင်တဲ့ အထူးကုန်ပစ္စည်းတွေကို အသည်းအသန်ဈေးဆစ် ဝယ်ယူနေကြတုန်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . . . အခုသွားမယ့်ခရီးကတော့ အချိန်ကာလကို နောက်ကြောင်းပြန်သွားကြမှာပါ။ ပိုးလမ်းမရဲ့ ရွှေရောင်တောက်ပတဲ့ ကာလတွေဆီ ပြန်ပြီးခရီးသွားကြမယ်လေ။

၀၀၀၀

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ၁

# ရက်လုပ်ထားတဲ့လေ

ဟယ်လို။

ပိုးလမ်းမကြီးတစ်လျှောက် ကျွန်ုပ်နဲ့အတူ လိုက်ချင်ပါသလား။ တရုတ်နိုင်ငံရဲ့ ရှေးမြို့တော်ဟောင်း ချန်အန်းကနေ ခရီးစတင်ကြမယ်လေ။ ဒီကနေ သဲကန္တာရတွေ၊ ရေခဲဖုံးတောင်တန်းတွေကိုဖြတ်တင်ပြီး အနောက်အရပ်ဆီက ခမ်းနားလှပတဲ့ မြို့တော်ဆမာကန်အထိ သွားကြမယ်။ အခုလို ကျွန်ုပ်နဲ့အတူတူ သွားရတာ သင်ကံကောင်းပါတယ်။ လပေါင်းအတော်ကြာ ကုလားအုတ်ကျောပေါ်မှာ စီးပြီး သွားရမှာမဟုတ်ဘူး။ အစာရေစာ ဆာလောင်မွတ်သိပ်ပြီး မားပြတွေရဲ့ရန်ကို တွန်းလှန်တိုက်ခိုက်ရင်း သွားရမှာမဟုတ်ပါဘူး။ ကျွန်ုပ်က ပိုးလမ်းမကြီးရဲ့ ဝိညာဉ်။ ကျွန်ုပ်ရဲ့ပိုးချည်မျှင်နဲ့ သင့်ကို ကျွန်ုပ် လုစ်ခနဲ ခေါ်ဆောင်သွားမှာလေ။ နဂါးယုံထက် ပိုမြန်မယ်၊ ငှက်တစ်ကောင်ထက် ပိုပေါ့ပါးပါလိမ့်မယ်။ ဒီအရပ်ကလူတွေက ပိုးကို ရက်လုပ်ထားတဲ့လေလို့ ခေါ်ကြတယ်။ ဘာကြောင့်ဆိုတာ သင် မကြာခင်သိရမှာပါ။ ကဲ အဆင်သင့်ဖြစ်ပြီလား။ ခရီးစဉ်တစ်လျှောက် ပိုးချည်၊ ပိုးသားနဲ့ ပိုးထည်တွေအကြောင်း ဒီထက်ပိုသိရအောင် ပြောပြပါ့မယ်။ ဟောဟိုမှာ သစ်ပင်တွေမြင်ရဲ့လား။ အဲဒါ ပိုးစာပင်တွေပေါ့။ ပိုးစာရွက်တွေဟာ ပိုးကောင်ကလေးတွေ စားနိုင်တဲ့တစ်မျိုးတည်းသော အစာပါပဲ။ ဟောဟိုက ပိုးစာရွက်ခူးနေကြတဲ့ အမျိုးသမီးတွေဟာ ပိုးကောင်လေးတွေကို နာရီဝက်တိုင်း၊ နာရီဝက်တိုင်းမှာ ပိုးစာရွက်ခူးဆွတ်ပြီး အစာကျွေးကြရတယ်။ အဲဒီ ပိုးကောင်လေးတွေ အစာစားတာဟာ တစ်လမှာ

www.burmeseclassic.com

www.burmeseclassic.com



အကြိမ်တစ်သောင်းလောက် ရှိမယ်တဲ့။ အဲဒီနောက်တော့ ပိုးအိမ်ကလေးတွေ ရက်လုပ်ကြတော့တယ်။ ပိုးဖလံအဖြစ် အသွင်ပြောင်းလဲဖို့ အဆင်သင့်ဖြစ်အောင်ပေါ့။ ဒါပေမယ့် ပိုးကောင်လေးတွေအသွင်မပြောင်းလဲခင်မှာပဲ ပိုးအိမ်ကလေးတွေဟာ ဆူပွက်နေတဲ့ရေထဲ ရောက်သွားကြတော့တယ်။ အဲဒီနောက်တော့ ပိုးချည်အဖြစ် အင်ငံခံရ၊ ပိုးချည်လုံး အရစ်ခံရတော့တာပေါ့။ပိုးထည်ရက်လုပ်ဖို့ အဆင်သင့်ဖြစ်အောင်လို့ လေ။ ပိုးထည်တွေကို လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀၀၀ လောက်က တရုပ်ပြည်မှာ စတင်ရက်လုပ်ခဲ့တယ်လို့ ဆိုကြတယ်။ တရုတ်လူမျိုးတွေဟာ ပိုးထည်ရက်လုပ်ခြင်းအတတ်ရဲ့ လျှို့ဝှက်ချက်ကို ဂရုတစိုက် စောင့်ရှောက်ထိန်းသိမ်းခဲ့ကြတယ်။ ရိုမန်တွေနဲ့ ပါရှန်းလူမျိုးတွေ စစ်ဆင်နွှဲကြတဲ့အခါမှာ ပိုးထည်တွေကို စတင်တွေ့ရှိကြတာတဲ့။ရန်သူတွေရဲ့ တောက်ပတဲ့ပိုးသား တံခွန်တွေကိုမြင်ရတော့ စစ်ရှုံးတဲ့ထိတ်လန့်တုန်လှုပ်မှုမျိုး ဖြစ်ကြရပါသတဲ့။ မကြာခင်မှာပဲ ရိုမန်တွေဟာ ပိုးထည်တွေကို ရွှေထက်တောင်ပိုပြီးလိုချင်တပ်မက်လာကြတော့တယ်။ အင်မတန်စျေးကြီးလွန်းတော့ ထိပ်တန်းရိုမန်တွေသာ ဝတ်ဆင်ခွင့်ရရှိကြတယ်။ တရုတ်ပြည်မှာလည်း အစောပိုင်းတုန်းက အဲဒီအတိုင်းပါပဲ။ ကေရာဇ်မင်းနဲ့ မှူးကြီးမတ်ရာ သေနာပတိတွေသာ သုံးဆောင်ဝတ်ဆင်ရတဲ့ လုပတဲ့အဝတ်အထည် အသုံးအဆောင်တစ်မျိုးပဲပေါ့။ မကြာခင်မှာပဲ အဲဒီ အင်ပါယာနှစ်ခုစလုံးက လူတိုင်းလိုလို ပိုးထည်တွေကို ဝတ်ဆင်လာကြတော့တယ်။ အနောက်တိုင်းက လူတွေဟာ ပိုးထည်ဆိုတာ ဘာလဲလို့ မှန်းဆကြည့်ကြတယ်။ တချို့က သစ်ပင်တစ်မျိုးပေါ်က အမျှင်နုနုကလေးတွေဖြစ်မယ်လို့ မှန်းဆကြတယ်။ တချို့ကျတော့ ခြေရှစ်ချောင်းရှိတဲ့ ပင့်ကူကြီးတစ်မျိုးရဲ့ အမျှင်တွေဖြစ်မယ်လို့ တွေးကြသတဲ့။ အဲ နောက်ဆုံးတော့လည်း တရုတ်ကေရာဇ်တစ်ပါးရဲ့ သမီးတော်ဟာ တိုင်းတစ်ပါးက မင်းသားတစ်ပါးနဲ့ လက်ထပ်ထိမ်းမြားလိုက်တဲ့ အချိန်အခါမှာတော့ ပိုးချည်မျှင်ရဲ့ လျှို့ဝှက်ချက်ဟာ အနောက်နိုင်ငံတွေဆီ ပေါက်ကြားသွားပါတော့တယ်။ မင်းသမီးဟာ ပိုးချည်မျှင်မရှိဘဲ အိမ်ထောင်သည်ဘဝကို သူမရဲ့ခေါင်းဆောင်းအဆင်အယင်ထဲမှာ ဝှက်ယူသွားခဲ့ပါသတဲ့။ ဒီလိုနည်းနဲ့ ပိုးချည်မျှင်လျှို့ဝှက်ချက်ဟာ တရုတ်နိုင်ငံအပြင်ဘက် ရောက်ရှိပျံ့နှံ့သွားတော့တယ်။

ပိုးလမ်းမတစ်လျှောက် ကျွန်ုပ်တို့ဖြတ်သန်းသွားမယ့်ရွာတွေမှာ တွေ့မြင်ရသလိုပါပဲ။ ပိုးထုတ်လုပ်ခြင်းဟာ မိန်းမသားတွေရဲ့အလုပ်ပါ။ လယ်တော၊ ယာတောတိုင်းမှာ ပိုးစာခင်းတွေရှိတယ်။ ပိုးမွေးတဲ့အိမ်၊ ပိုးထည်ရက်လုပ်တဲ့ ရက်ကန်းရုံတွေ ရှိကြတယ်။ အမျိုးသမီးတွေဟာ ညဥ့်နက်တဲ့အထိနေ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပိုးကောင်လေးတွေကို ဂရုတစိုက် စောင့်ရှောက်ကြတယ်။ လရောင်နဲ့ မိုင်းငင်ကြတယ်။ တရုတ်ပြည်မှာ အကြီးအကဲပိုးနတ်သမီးက *လေဇူ* လို့ အမည်ရပါသတဲ့။ *ဆီလင်း* လို့လည်း တစ်ခါတစ်ရံခေါ်ကြတယ်။ တစ်နေ့တော့ သူမဟာ ပိုးအိမ်ကလေးတစ်ခုကို လက်ဖက်ရည်ကြမ်းပူပူထဲ မတော်တဆချမိရာက ပိုးချည်ကို စတင်တွေ့ရှိခဲ့တယ်လို့ ပြောဆိုကြပါတယ်။ ဒါပေမယ့် အခုပြောပြမှာက တခြားပိုးနတ်သမီးတစ်ပါးရဲ့ ပုံပြင်လေးပါပဲ။ မြင်းဦးခေါင်းနဲ့ ကောင်းကင်သတ္တိသမီးလို့ အမည်ရပါတယ်။

ဖ ဖ ဖ ဖ

www.burmeseclassic.com

www.burmeseclassic.com

# မြင်းဦးခေါင်းနဲ့ ကောင်းကင်သတို့သမီး



''အို ငါတို့အဖြစ်က ဆိုးလှပါလား''

မာတိုးညံ့ရဲ့ မိခင်ဟာ ပိုးအင်္ကျီလက်နဲ့မျက်နှာကို ကွယ်ဝှက်ပြီး ရှိုက်ကြီးတငင်ငိုနေရှာတယ်။ မာတိုးညံ့က နံဘေးကနေ နှစ်သိမ့်နေရှာသတဲ့။

''ဘာကြောင့် သူ့ကို ခေါ်သွားကြတာလဲ။ သူတို့ကို ငါ့ယောကျ်ားက ဘာများလုပ်ခဲ့ဖူးလို့လဲ''

''အို အမေရယ်၊ စိတ်အေးအေးထားပါ။ သူတို့ အဖေ့ကို ဘာမှမလုပ်ဘဲပြန်လွှတ်ပေးမှာပါ''

ဒီလိုနှစ်သိမ့်မိပေမယ့် မာတိုးညံ့ကိုယ်တိုင်လည်း အဲဒီလိုဖြစ်မလာမှာစိတ်ထဲက စိုးရိမ်နေမိတယ်။ လွန်ခဲ့တဲ့ သုံးရက်က တင်းပုတ်တွေကိုင်ဆောင်တဲ့

www.burmeseclassic.com

www.burmeseclassic.com





ခေးပြုကိုဏ်းတစ်ဂိုဏ်းက ပိုးစာပင်တွေကြားမှာ အေးအေးလူလူ လမ်းလျှောက်နေတဲ့ ဖခင်ကြီးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြတယ်။

''သူတို့ ဘယ်ကလာတယ် ဆိုတာလည်း မသိ။ ငါ့ယောက်ျားကို ဘယ်ခေါ်သွားတယ်ဆိုတာလည်းမသိ''လို့ မိခင်ဖြစ်သူက ပြောဆိုငိုကြွေးနေပြန်တယ်။

''ကဲ အမေ၊ ကျွန်မတို့ စိတ်ရှည်ရှည်ထားပြီး စောင့်သင့်ပါတယ်။ သူတို့ငွေတောင်းဖို့ ပြန်လာကြပါလိမ့်မယ်။ ဒါမှမဟုတ်ရင်လည်း ကျွန်မတို့ဟာ မရှိဆင်းရဲသားတွေလို့ သိသွားပြီး အဖေ့ကို ပြန်လွှတ်ပေးမှာပါ''

မာတိုးညံ့က အဲဒီလိုနှစ်သိမ့်စကားတွေ ပြောနေပေမယ့်လို့ မိခင်ကြီးဟာ မျက်ရည်တတွေတွေကျနေတာပါပဲ။

''အခုဆို ငါတို့ကို ကာကွယ်စောင့်ရှောက်ဖို့ မိသားစုထဲမှာ ယောက်ျားသား မရှိတော့ဘူး။ ငါ့အစ်ကိုလည်း ဆုံးရှာပြီ။ ငါ့ယောက်ျားကိုရှာဖို့ လွှတ်စရာလူလည်း မရှိတော့ဘူး။ ငါ့ယောက်ျားကို အသက်နဲ့ကိုယ် အိုးစားမကွဲဘဲ ပြန်ခေါ်လာနိုင်သူသာ ရှိရင် သမီးနဲ့ ဝမ်းသာအားရ လက်ထပ်ပေးလိုက်မှာပဲ''

အဲဒီအချိန်မှာ မြင်းခွာသံတွေ ကြားလိုက်ရတယ်။ မြင်းတစ်ကောင် သူတို့ကို ဖြတ်သန်းပြီး ဒုန်းစိုင်းနှင်သွားသတဲ့။ ဖခင်ကြီးရဲ့ လက်စွဲတော်မြင်းပေါ့။ မြင်းဇောင်းအကာအရံကို ချိုးဖျက်၊ စည်းရိုးကိုခုန်ကျော်ပြီး ပြေးထွက်သွားတယ်။ မာတိုးညံ့တို့သားအမိဟာ သူတို့မျက်လုံးတွေကိုတောင် သူတို့မယုံနိုင်ဘဲ ဖြစ်နေကြတယ်။

''ငါတို့ မြင်းကိုပါ ဆုံးရှုံးရပြီ။ ကံဆိုးမှုတွေက မဆုံးနိုင်တော့ဘူးနော်း

www.burmeseclassic.com



ကွယ်ရို့''လို့ မာတိုးညံ့ရဲ့မိခင်က ပြောဆိုပြန်သတဲ့။

''မဟုတ်နိုင်ပါဘူး အမေရယ်။ ဒီမြင်းက ကျွန်မတို့ပြောနေတာ ကြားသွားတယ်ထင်တယ်။ ကျွန်မစိတ်ထင် သူ အဖေ့ကို သွားကယ်တာပဲ ဖြစ်မယ်''လို့ မာတိုးညံ့က ဖျောင်းဖျရတယ်။ ဒီတော့ မိခင်ကြီးက

''မဖြစ်နိုင်တာပဲကွယ်။ သူက မြင်းပဲ၊ တို့ပြောနေတာတွေ ဘယ်လိုလုပ်နားလည်မှာလဲ''လို့ ပြောသတဲ့။ မာတိုးညံ့က ဘာမှပြန်မပြောတော့ဘူး။ ဒါပေမယ့် သူမရဲ့အထင်အမြင်ဟာ မှန်ကန်ပါတယ်။ နောက် နှစ်ရက်၊ သုံးရက်နေတော့ မနက်စောစောစီးစီးကြီး မြင်းခွာသံတွေ ကြားလိုက်တယ်။ မြင်းရဲ့ကျောပေါ်မှာတော့ မာတိုးညံ့ရဲ့ ဖခင်ကြီးပါလာတယ်လေ။ မာတိုးညံ့တို့ ပြေးထွက်ကြည့်ကြတော့ . . .

''ဟေး သမီးရေ၊ မိန်းမရေ၊ ငါ့မြင်းက ငါ့ကို ဘေးမသီရန်မခ ပြန်ကယ်လာတာ။ ဒီကောင်ကြီးဟာ တကယ့်မြင်းကောင်းတစ်ကောင်ပဲဟေ့''

မြင်းကို မြင်းဇောင်းမှာ အနားယူစေပြီးနောက်မှာတော့ ဖခင်ကြီးက မနက်စာစားရင်း ဖြစ်ကြောင်းကုန်စင် ပြန်ပြောပြတယ်။

''ဓားပြတွေက ငါ့ကို ကုန်လှောင်ရုံဟောင်းတစ်ခုထဲမှာ သော့ပိတ်ပြီး ချုပ်နှောင်ထားကြတယ်။ သူတို့က ငွေအများကြီးပေးမှ ပြန်လွှတ်မယ်လို့ ပြောကြတယ်။ ငါက မပေးနိုင်တော့ ဒေါသအကြီးအကျယ်ထွက်ကုန်ကြတာပေါ့။ သူတို့ ငါ့ကို သတ်ပစ်ကြတော့မှာ။ ငါလည်း မင်းတို့သားအမိကို စိတ်ပူပြီး စိတ်ဓာတ်ကျနေမိတော့တာပေါ့။ မနေ့ညကတော့ အသံတစ်သံ ကြားလိုက်ရတယ်။ ငါ့ကို ချုပ်ထားတဲ့ ကုန်လှောင်ရုံတံခါးကြီးကို ချိုးဖျက်နေတဲ့အသံပေါ့။ အဲဒါက လူတစ်ယောက်မဟုတ်ဘဲ ငါ့မြင်းကြီး ဖြစ်နေတော့တာကိုး။ သူ့ခွာတွေနဲ့ တံခါးတွေကိုချိုးဖွင့်နေတာလေ။ အဲဒီနောက်တော့ ငါမြင်းပေါ် အမြန်ခုန်တက်ပြီး အိမ်ကို ဒုန်းစိုင်းပြန်ခဲ့တော့တာပဲ။ ဓားပြတွေ ငါလွတ်သွားတာသိရင် အံ့ဩကြမှာ သေချာတယ်''

နောက်ရက်အနည်းငယ်အတွင်း မာတိုးညံ့တို့မိသားစု ပျော်ပျော်ရွှင်ရွှင်ရှိနေကြတယ်။ ဒါပေမယ့် မြင်းကတော့ တစ်မျိုးဖြစ်နေသတဲ့။ မာတိုးညံ့ရဲ့မိခင်ဟာ ပြောခဲ့တဲ့ကတိစကားတွေကို မေ့လျော့နေတာမို့ မြင်းက ဒေါသထွက်နေတာတဲ့။ မာတိုးညံ့အနားက ဖြတ်သွားတဲ့အခါ ဟီပြီး အလန့်တကြားဖြစ်အောင် သဲသဲမဲမဲမောင်းထုတ်ပါသတဲ့။

ဒီတော့ ဖခင်ကြီးဟာ ဒေါသထွက်စပြုလာတော့တာပေါ့။

''ဘာဖြစ်နေတာတုံး ဒီကောင်။ ငါ့ကိုသာ မကယ်ခဲ့ရင် နင့်ကို ငါ

www.burmeseclassic.com



ကြာပွတ်နဲ့နာနာရိုက်တယ်''လို့ အော်ဟစ်ကြိမ်းမောင်းတယ်။ ဒီအခါမှာ မာတိုးညီရဲ့မိခင်ဟာ ပြောခဲ့မိတဲ့ ကတိစကားကို ပြန်သတိရမိတယ်။ ကြောက်လန့်တကြား ပါးစပ်ကိုလက်နဲ့ကာပြီး ...

''အို ယောကျ်ားရေ၊ ကျွန်မ ကတိပေးခဲ့မိတယ်။ ရှင့်ကို ကယ်နိုင်တဲ့သူဆိုရင် သမီးကလေးနဲ့ လက်ဆက်ပေးမယ်လို့ စကားကျွံခဲ့မိပြီ''

''ဘာ မင်းရူးနေလား။ ဒါ လူမဟုတ်ဘူး။ တိရစ္ဆာန်ကွ တိရစ္ဆာန်။ ဒီအဓိပ္ပာယ်မရှိတာကို ရပ်တန့်ပစ်ရမယ်''

ဖခင်ကြီးဟာ ဒေါသနဲ့ မွန်ထူပြီး ပုဆိန်ကိုဆွဲ၊ သူ့အသက်ကို ကယ်တင်ခဲ့တဲ့ မြင်းကို တစ်ခါတည်းခုတ်သတ်ပစ်လိုက်တော့သတဲ့။ မာတိုးညီခမျာ ချော့မော့နှစ်သိမ့်လို့မရအောင် မျက်ရည်ကျရှာတယ်။ နောက်တစ်နေ့ကျတော့ ဖခင်ကြီးလည်း သူ့ကိုယ်သူအရှက်ရပြီး မြင်းသေရဲ့အရေခွံကိုဆုတ်၊ နေထုတ်လှမ်းထားလိုက်တယ်။ နောက်တစ်ရက်၊ နှစ်ရက်ကြာတော့ မာတိုးညီ တစ်ယောက် ပိုးကောင်လေးတွေကို ကြည့်ရှုစောင့်ရှောက်ဖို့ ပိုးအိမ်တွေရှိရာဆီသွားသတဲ့။

''လတ်လတ်ဆတ်ဆတ် ပိုးစာရွက်တွေ ခူးသွားဦး''လို့ မိခင်ကြီးက တံခါးဝမှာရပ်ပြီး မှာတယ်။ မာတိုးညီ မြင်းအရေခွံလှမ်းထားတဲ့နေရာကနေ ဖြတ်အသွားမှာ ရုတ်တရက် ထူးဆန်းတဲ့အဖြစ်အပျက် ဖြစ်လာသတဲ့။ မြင်းသေဦးခေါင်းနဲ့ မြင်းသားရေချပ်ဟာ လေထဲ မြောက်တက်လာပြီး မာတိုးညီကို ရစ်ပတ်ထားတော့တယ်။ ဒီတော့ မာတိုးညီဟာ မြင်းခေါင်းကြီးနဲ့လိုလို ဖြစ်သွားတာပေါ့။ ကြက်သေသေပြီး ပါးစပ်အဟောင်းသားဖြစ်နေရှာတဲ့မိခင်ကြီး ဘာမှမလုပ်နိုင်ခင်မှာဘဲ မြင်းအရေခွံဟာ မာတိုးညီနဲ့အတူ ကောင်းကင်ဆီ ပျံတက်သွားပါသတဲ့။ မကြာခင် မြင်ကွင်းထဲကနေ ပျောက်ကွယ်သွားတော့တယ်။ ဖခင်နဲ့မိခင်တို့ ပူဆွေးသောကရောက်ရပြီပေါ့။ တစ်ဦးတည်းသော သမီးရတနာလေး ဆုံးရှုံးခဲ့ရပြီ။ သမီးကလေးကို ပြန်ရနိုင်မယ့်နည်းလမ်းကိုလည်း မသိရှာကြဘူးလေ။

''ရှင်သာ စိတ်မမြန်ခဲ့ရင်''လို့ မိခင်က ပြောတယ်။

''မင်းသာ အဲဒီကတိစကားကို လွယ်လွယ်မပြောခဲ့ရင်''လို့ ဖခင်က ပြောတယ်။

''မာတိုးညီ ပျောက်ဆုံးသွားတာကို ပိုးကောင်လေးတွေကတောင် သိပုံရတယ်။ ပိုးစာရွက်တွေကို အငမ်းမရမစားသောက်ကြတော့ဘူး။ ပိုးအိမ်တွေလည်း မရက်လုပ်ကြတော့ဘူးတဲ့။ ဥယျာဉ်ထဲကသစ်ပင်တွေတောင် အရွက်

www.burmeseclassic.com

www.burmeseclassic.com





တွေ ရွှေချစပြုပြီပေါ့။ ဥယျာဉ်တစ်ခုလုံး ဝမ်းနည်းတဲ့အသွင် လျစ်လျူရှုထား သလို ဖြစ်နေတော့တယ်။

"အို သမီးလေးရယ်၊ တကယ်လို့ မင်းသာ အရိပ်လက္ခဏာတစ်ခု လောက်ပြရင် မင်း ကောင်းကောင်းမွန်မွန်ရှိနေကြောင်း အမေတို့ သိရမှာ ပဲကွယ်"

မိခင်ကြီးဟာ မာတိုးညို ပျောက်ဆုံးသွားတဲ့နေရာကို သွားကြည့်ရင်း ပြောမိသတဲ့။ အဲဒီအခိုက်အတန့်မှာ သူမ အံ့သြတကြီး ဖြစ်သွားမိတယ်။ ပိုးစာပင်တစ်ပင်အောက်မှာ မြင်းသားရေကို တွေ့လိုက်ရလို့ပါပဲ။ ဒါပေမယ့် သမီးကလေး ဘယ်မှာလဲ။ မိခင်ကြီးဟာ ပိုးစာပင်ထဲမှာ ရှာကြည့်မိသတဲ့။ သစ်ပင်ထိပ်ဖျားက အကိုင်းတစ်ကိုင်းမှာ ပိုးကောင်လေးတစ်ကောင် ပိုးအိမ်ရက် လုပ်နေတာ တွေ့လိုက်ရတယ်။ အဲဒီပိုးအိမ်ကလေးကနေ အသံတိုးတိုးကလေး

www.burmeseclassic.com

www.burmeseclassic.com



ကြားရသတဲ့။ သိပ်တိုးညင်းပေမယ့် အဲဒါ မာတိုးညုံရဲ့အသံပါပဲ။

"မငိုပါနဲ့ အမေ။ ဒီမှာ ကျွန်မ ပိုးထဘီလေးရက်နေတယ်လေ။ မကြာခင် ပြီးတော့မှာ အမေရဲ့" တဲ့။ မိခင်ကြီးဟာ ယောကျ်ားဖြစ်သူကို ပြောပြဖို့ အိမ်ကို ဒရောသောပါး ပြန်ပြေးတော့တယ်။ ဒါပေမယ့် လင်မယားနှစ်ယောက် အဲဒီနေရာကို ပြန်ရောက်တော့ မြင်းရေခွံရော ပိုးကောင်လေးပါ မရှိတော့ဘူး။

"တော်တော်နှမ်းတဲ့ မိန်းမပဲ။ အိပ်မက်တာ နေမှာပါကွာ"လို့ ဖခင်ကြီးခမျာ သူမတွေ့လိုက်ရလို့ မကျေမနပ်ဖြစ်ရတာကို ဖုံးကွယ်ပြီး စိတ်တိုတိုနဲ့ ပြောသတဲ့။ မိခင်ကြီးဟာ ခေါင်းကိုသာ တွင်တွင်ရမ်းပြီး ဘာမှမပြောနိုင်ပါဘူး။ ဖခင်ကြီးကတော့ မျက်ရည်လည်လာတာကို ဖုံးကွယ်ဖို့ကြိုးစားရင်း ကောင်းကင်ဆီ မော့ကြည့်နေတော့တယ်။ သူဟာ ယောကျ်ားမာန်အပြည့်နဲ့လူပါ။ ဒါပေမယ့် သူ့နှလုံးသားထဲမှာတော့ သူလုပ်ခဲ့မိတာအတွက် အင်မတန် အရှက်ရ နေမိသတဲ့။ ကောင်းကင်ဆီမော့ကြည့်နေတုန်းမှာပဲ တစ်စုံတစ်ရာကို သူမြင် လိုက်ရတယ်။

"ဒါ တကယ်ပဲလား။ ကြည့်စမ်း ကြည့်စမ်း"လို့ ကောင်းကင်ဆီညွှန် ပြပြီး ပြောလိုက်တယ်။ မိုးကောင်းကင်တိမ်တိုက်ပေါ်ကနေ တရွေ့ရွေ့ ဆင်း သက်လာတာ အင်မတန်လှပပြီး တံလျှပ်လိုတောက်ပတဲ့ ပိုးသားဝတ်စုံ ဆင် မြန်းထားတဲ့ သူတို့ရဲ့သမီးလေးပါပဲ။ နောက်တော်ပါးမှာလည်း အခြွေအရံ တွေနဲ့ပေါ့။ ဒီတစ်ခါတော့ ပိုးကောင်လေးမဟုတ်တော့ဘဲ ချောမောလှပတဲ့ မိန်းမပျိုလေးအသွင် ဖြစ်နေတော့တယ်။ "အဖေနဲ့ အမေ"လို့ မာတိုးညုံက ပျော်ရွှင် ဝမ်းမြောက်စွာ ခေါ်လိုက်တယ်။

"ကျွန်မ ကျောက်စိမ်းဧကရာဇ်ရဲ့ သတို့သမီးတစ်ယောက် ဖြစ်နေပါပြီ။ မိုးကောင်းကင်ဧကရာဇ်က ကျွန်မကို ကြင်ယာတော်တစ်ပါးအဖြစ် ချီးမြှောက် ခဲ့တယ်လေ။ ကျွန်မက ကြင်နာတတ်တဲ့စိတ်ထားရှိပြီး မိဘတွေပေါ် သားသမီး ဝတ်ကျေပွန်ခဲ့တဲ့အတွက်တဲ့။ ကောင်းကင်ဗိမာန်မှာ ကျွန်မအတွက် နေရာ တစ်နေရာ ပေးသနားတော်မူတယ်။ သမီးအတွက် အဖေတို့၊ အမေတို့ စိတ်မပူ ကြနဲ့တော့နော်"

"အို သမီးလေးရယ်၊ ခုလိုသိရလို့ အမေတို့ ဝမ်းသာလိုက်တာကွယ်။ ဒါပေမယ့် နောက်တစ်ကြိမ် ပြန်မတွေ့ရတော့ဘူးလားဟင်။ တို့ပိုးကောင် လေးတွေ ဘယ်လို အသက်ရှင်ကြမှာလဲ။ သူတို့သမီးကိုအောက်မေ့နေကြတာ။ အစာလည်း မစား၊ ပိုးအိမ်လည်း မရက်တော့ဘူးလေ။ ပိုးချည် ဘယ်မှာရ တော့မှာတုံး"

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မာတိုးညံ့က . . .

''အမေရယ် မစိုးရိမ်ပါနဲ့။ ကျောက်စိမ်းကေရာဇ်က ကျွန်မကိုပိုးကောင်လေးတွေကို စောင့်ရှောက်ဖို့တာဝန်လည်း ပေးထားတယ်။ နေရာတိုင်းက ပိုးကောင်တွေ အားလုံးပဲပေါ့။ ဒါ့အပြင် ပိုးကောင်တွေကို အစာကျွေး၊ ပိုးချည်ငင်တဲ့အလုပ်တွေကို မငြီးငွေ့စတမ်း လုပ်နေကြရသူတွေ၊ ပိုးထည်ကောင်းရက်လုပ်သူတွေ အားလုံး အားလုံးကိုပါ စောင့်ရှောက်ရမှာပါ''လို့ ပြန်ပြောသတဲ့။

''ဒါနဲ့ မြင်းရောကွယ်၊ ဘာဖြစ်သွားသလဲ။ အဖေ တကယ်ကို စိတ်မကောင်း ဖြစ်မိတယ်။ သူ့ကို အဖေ သတ်မပစ်သင့်ပါဘူးကွယ်။ အခုတော့ တော်တော်ကြီး နောင်တရနေပါပြီ''လို့ ဖခင်ကြီးက ပြောတယ်။

''သူ့အတွက်လည်း မစိုးရိမ်ပါနဲ့ အဖေ။ သမီးရဲ့ကောင်းကျိုးအတွက် အဖေလုပ်ခဲ့မိတာလို့ သူသိသွားပါပြီ။ ကျောက်စိမ်းကေရာဇ်က သူ့ကို ကျွန်မရဲ့စီးတော်မြင်းဖြစ်စေလို့ ခွင့်ပြုတော်မူထားတယ်လေ''

အဲဒီနောက်မှာတော့ သတို့သမီးဟာ တိမ်တိုက်တွေကြားကနေ မိဘနှစ်ပါးကို ပြုံးကြည့်ရင်း လက်ပြနှုတ်ဆက်ပြီး တဖြည်းဖြည်းပျောက်ကွယ်သွားတော့သတဲ့။ မာတိုးညံ့ရဲ့မိခင်ဟာ ပိုးအိမ်တွေဆီရောက်သွားတော့ ပိုးကောင်လေးတွေဟာ အစာကို အငမ်းမရစားသောက်ပြီး ပိုးအိမ်တွေရက်လုပ်ရင်း အလုပ်များနေတာ တွေ့ရပါတော့တယ်။ အဲဒီနှစ်က ရရှိခဲ့တဲ့ပိုးထည်တွေဟာ အရင်နှစ်တွေတုန်းက ရရှိခဲ့တဲ့ ပိုးထည်တွေထဲက အကောင်းဆုံးတချို့ပါပဲတဲ့။ အဲဒီအချိန်ကစပြီး တစ်ချိန်တုန်းက မာတိုးညံ့လို့ အမည်ရတဲ့ ပိုးနတ်သမီးဟာ တစ်ပြည်လုံးက ပိုးကောင်လေးတွေနဲ့တကွ ပိုးချည်ငင်သူ၊ ပိုးထည်ရက်လုပ်သူတွေ အားလုံးကို စောင့်ရှောက်တော်မူခဲ့ပါသတဲ့။

၀ ၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

၂

# ကျောက်စိမ်းတံခါး

ဒီခရီးက ချန်အန်းကနေ တရုတ်နိုင်ငံအနောက်ဘက်နယ်စပ်အထိ ရှည်လျားပါတယ်။ ပထမဆုံး နီညိုရောင်မြေသား တောင်ကုန်းတွေကြားကနေ *မြစ်ဝါမြစ်* စီးဆင်းရာ *လန်ဇောင်း* မြို့ကို မိုင် ၅၀၀ နီးပါး သွားကြရမယ်။ အဲဒီမြို့ထဲမှာ သံတမန်တွေနဲ့ အစိုးရဝန်ထမ်းတွေရဲ့ စာရွက်စာတမ်းတွေကို ပို့ပေးကြရတဲ့ ဆက်သားတွေ နေ့နေ့ညည ဝင်ထွက်သွားလာခဲ့ကြတယ်။ အရှေ့နဲ့ အနောက်ဘက်ကသာမက တောင်ဘက်မှာရှိတဲ့ တိဗက်၊ မြောက်ဘက် မွန်ဂိုလီးယားတို့က ခရီးသည်တန်းကြီးတွေလည်း ဒီမြို့ကို ရောက်ရှိစခန်းချ လေ့ရှိကြတယ်။

အခု ကျွန်ုပ်တို့ *ကျောက်စိမ်းတံခါး* လို့ ကျော်ကြားတဲ့ *ယူမင်မြို့* ကို ရောက်တော့မယ်။ မဟာတံတိုင်းကြီး (the Great Wall)က တရုတ်အင်ပါယာ အစပ်ကို ဝင်းခတ်ကာရံထားရာနေရာပေါ့။ ဒီမဟာတံတိုင်းကြီးကို ဘီစီ ၃ ရာစုမှာ ဧကရာဇ်မင်း *ကျင်ရှီဟွမ်တီ* က တည်ဆောက်ခဲ့ပါတယ်။ တံတိုင်းပေါ်မှာ မြင်းစီးသမား ၅ ဦး ယှဉ်စီးနိုင်လောက်တဲ့ အကျယ်အဝန်းရှိအောင် တည်ဆောက်ခဲ့ပါသတဲ့။ ဧကရာဇ်ကိုယ်တော်တိုင် တံတိုင်းတစ်လျှောက် သူ့ရဲ့ နတ်မြင်းကို စီးနင်းလေ့ရှိတယ်လို့ တချို့ကဆိုတယ်။ တံတိုင်းပေါ် နတ်မြင်းရဲ့ ခွာ တစ်ချက် တစ်ချက်ကျတဲ့ နေရာတိုင်းမှာ တံတိုင်းမျှော်စင်တွေ ရှိနေပါသတဲ့။

အရင်ဆုံး *ကျာယုကွမ်* လို့ခေါ်တဲ့ ရှေးဟောင်းတရုတ်ပြည်ရဲ့ နယ်စပ်

www.burmeseclassic.com

www.burmeseclassic.com



အခြေစိုက်စခန်းတစ်ခုမှာ ခရီးတစ်ထောက်ရပ်နားကြမယ်။ ဒီကိုရောက်လာတဲ့ ခရီးသည်အများစုက ဒီနေရာကို ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းရဲ့ နောက်ဆုံး နယ်သတ်ဒေသလို့ ထင်မှတ်ကြပါသတဲ့။ ရှေ့မှာက အရိုင်းဒေသကို ဖြတ်သန်း ကြရတော့မှာလေ။ တစ်ခါက ပညာရှိ *လောက်ဖူး* ဟာ ကျွဲကိုစီးပြီး ဒီအရပ်ကို စိတ်ပျက်လက်ပျက်စွန့်ခွာသွားခဲ့ဖူးတယ်လို့ ဆိုကြတယ်။ လူတွေက သူ့ရဲ့အ တွေးအခေါ်တွေကို နားမထောင်ကြဘူးတဲ့။ ပညာရှိလောက်ဖူးဟာ အဲဒီကတည်း က ပျောက်ကွယ်သွားလိုက်တာ နောက်ထပ် ပြန်မတွေ့ရတော့ပါဘူး။ ကျာယု ကွမ်ဆိုတာ *နှစ်လိုဖွယ်တောင်ကြားဒေသရဲ့ အရှံအတား* လို့ အဓိပ္ပာယ်ရပါ တယ်။ တချို့ကတော့ ဒီဒေသကို *နတ်ဆိုးတံခါးပေါက်* လို့ခေါ်ကြတယ်။

ကြည့်စမ်း ... ဟောဟိုမှာ ခရီးသွားတချို့ အနောက်ဘက်တံတိုင်းကို ကျောက်ခဲတွေနဲ့ ပစ်ပေါက်ပြီး သူတို့ ကံကောင်း၊ မကောင်း စမ်းကြည့်နေကြ တယ်။ ကြက်ပေါက်စလေးတွေ ကျလိကျလိအော်မြည်သလို ပဲ့တင်သံကြားရရင် သူတို့ခရီးက ဥစ္စာခနေတွေရမတဲ့။ ကျောက်ခဲ ပြန်ကန်ထွက်လာရင်တော့ အိမ် ပြန်ရလိမ့်မယ်လို့ အနက်ကောက်ကြပါတယ်။ အဲဒီအတိုင်းဖြစ်၊ မဖြစ် ဘယ်သူ အတပ်သိနိုင်မှာလဲလေ။

ဒါပေမယ့် လမ်းခရီးမှာရှိနေတဲ့ အန္တရာယ်တွေအကြောင်း ခရီးသည် ယာဉ်တန်း အကြီးအကဲတွေက ကောင်းကောင်းကြီးသိကြပါတယ်။ ဒီကုန်သွယ် ခရီးမှာ ဘာတွေ ယူဆောင်သွားရမယ်၊ ဘယ်လိုပစ္စည်းတွေ ရောင်းချရမယ်၊ ဘယ်နေရာမှာ စျေးချိုတယ် ဆိုတာတွေအတွက် လမ်းညွှန်စာအုပ်တွေတောင် ရှိသတဲ့။ အဲဒီ အသိပညာဗဟုသုတတွေ ရရှိဖို့ဆိုတာက အချိန်ကာလတွေ အတော့်ကိုကြာခဲ့တာပေါ့။ ဘီစီ ၁၃၉ လောက်က ဧကရာဇ်မင်းဟာ *ကျန်ကျီ ယန်* လို့ အမည်ရတဲ့ သံတမန်တစ်ဦးကို *ဖာရာဂါနာ* တောင်ကြားဒေသက လူမျိုးစုတွေဆီ စေလွှတ်ခဲ့ပါတယ်။ သူဟာ အဲဒီအရပ်မှာ ၁၀ နှစ်လောက် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပါသတဲ့။ အဲဒီအတောအတွင်းမှာပဲ သူက အိမ်ထောင် ကျပြီး သားသမီးတွေတောင် ပွားစည်းခဲ့ပါသေးတယ်။ သူ နေရပ်ကိုပြန်တော့ လမ်းမှာ တစ်ခါထပ်အဖမ်းခံရပြန်သတဲ့။ သူဟာ သံတမန်တစ်ဦးအနေ နဲ့တော့ ကံမကောင်းခဲ့ပါဘူး။ ဒါပေမယ့် နောက်ဆုံးမှာ နေရပ်ကိုတော့ ပြန်ရောက်ခဲ့ တယ်။ သူ ရောက်ရှိခဲ့တဲ့နေရာတွေရဲ့ သတင်းအချက်အလက်တွေ မြောက်မြား စွာရရှိခဲ့ပါတယ်။

ပိုးလမ်းမပေါ်က တချို့ခရီးသွားတွေကျတော့ ဘုရားဖူးခရီးသည်တွေပါ။ အိန္ဒိယမှာ ဗုဒ္ဓအဆုံးအမတရားတော်တွေကို ရှာဖွေလေ့လာဖို့ သွားကြတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာဟာ တရုတ်ပြည်ကို ရောက်ရှိပြီးဖြစ်ပေမယ့် မဇ္ဈိမဒေသ အိန္ဒိယမှာ ဗဟိုပြုနေတာလေ။ တရုတ်ဗုဒ္ဓဘာသာ ဝင်တွေဟာ ဗုဒ္ဓတရားတော်ရဲ့ စစ်မှန်တဲ့လမ်းကို လိုက်နေကြတယ်ဆိုတာ သေချာစေဖို့ပေါ့။ အကျော်ကြားဆုံး ဘုရားဖူးခရီးသည်ကတော့ ဘုန်းတော်ကြီး *ရှင်ကျန်း* ဆိုသူပါပဲ။ သူဟာ အေဒီ ၆၂၉ မှာ တရုတ်ပြည်ကနေ တိတ်တဆိတ်ထွက်ခွာခဲ့တယ်။ အဲဒီကာလတုန်းက တိုင်းတစ်ပါးကို ခရီးသွားခွင့်ပိတ်ပင်ထားတယ်လေ။ အစောင့်တွေကို ရှောင်ရှားပြီး ညကြီးမင်းကြီးမှာ မြင်းစီးပြီးထွက်ခွာခဲ့ပါသတဲ့။ လမ်းခရီးမှာ အခက်အခဲတွေအများကြီး တွေ့ရသလို ထူးဆန်းအံ့သြဖွယ်တွေလည်း အများအပြား တွေ့ကြုံခဲ့ရတယ်။ သူ ပြန်ရောက်တော့ ဒီခရီးစဉ်အကြောင်း *'အနောက်ဘက် ဘာသာတရားများမှတ်တမ်း'*လို့ လူသိများတဲ့ စာအုပ်တစ်အုပ် ရေးသားရစ်ခဲ့တယ်။ တရုတ်ပြည်မှာတော့ သူ့အကြောင်းဇာတ်လမ်းတွေ အမျိုးမျိုး အဖုံဖုံ ပြောဆိုခဲ့ကြတာပေါ့။ လူသိအများဆုံးဇာတ်လမ်းကတော့ *'အနောက်သို့ ခရီးရှည်'* (Journey to the West) လို့ အမည်ရတယ်။ အင်္ဂလိပ်ဘာသာပြန်က 'Monkey' ပါတဲ့။ ဒီဇာတ်လမ်းရှည်ကြီးထဲက အခန်းတစ်ခန်းမှာ နတ်မျောက်က ဘုန်းတော်ကြီးရှင်ကျန်းကို ခရီးစဉ်တစ်လျှောက် ကူညီလိုက်ပါဖို့ သဘောတူခဲ့တယ်။

ဒါပေမယ့် သိတဲ့အတိုင်း မျောက်နဲ့အတူ ခရီးသွားတာဟာ လိုရာတည့်တည့် ဘယ်ရောက်ပါ့မလဲ။ ကဲ ... နားထောင်ကြည့်ရအောင်လား။

ဖ ဖ ဖ ဖ

www.burmeseclassic.com

www.burmeseclassic.com

# နတ်မျောက်နှင့် မြစ်နဂါး


ဒီမျောက်က ကောင်းကင်တစ်လွှား ခုန်ပေါက်ပြေးလွှားနေတတ်တဲ့ အင်မတန် အကျီစားသန်တဲ့ နတ်မျောက်ပါပဲ။ သူဟာ လျင်မြန် ဖျတ်လတ်တယ်။ တတ်သိလိမ္မာတယ်။ တစ်ချက်ကလေးမှလည်း ငြိမ်ငြိမ်ထိုင်မနေနိုင်ဘူးတဲ့။ ကျောက်စိမ်းကေရာဇ်ကအစ အားလုံးကို ခပ်ရိုင်းရိုင်း ပြောဆိုဆက်ဆံတတ်တယ်။ ဒါပေမယ့် အားလုံးက သူ့ကိုနှစ်သက်ကြပါတယ်။ မျောက်ဆိုတော့လည်း အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ဘယ်ရှိပါ့မလဲ။ အေးအေးဆေးဆေးနေရတာ ပျင်းဖို့ကောင်းတယ်လေ။ အခုတော့မျောက်ဟာ ခက်ခဲတဲ့ကိစ္စကြီးတစ်ခု တာဝန်အပေးခံရတယ်။ အနောက်ကိုခရီးထွက်မယ့် ဘုန်းတော်ကြီးတစ်ပါးနဲ့အတူ လမ်းခရီးမှာ ကူညီစောင့်ရှောက်ဖို့ လိုက်ပါသွားရတော့မှာ။ အင်မတန်ဝေးလှမ်းပြီး အန္တရာယ်များလှတဲ့ခရီးပေါ့။ ဆရာတော်တြိပိဋက ကတော့ အိန္ဒိယကို အရောက်သွားပြီး ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေရှာဖွေလေ့လာကာ တရုတ်နိုင်ငံကို ပြန်လည်ယူဆောင်လာဖို့ ကတိပေးခဲ့တယ်။ အခုဆို ဆရာတော်နဲ့မျောက်တို့ဟာ အနောက်ဘက်ဆီ ခရီးထွက်ခွာလာကြပြီပေါ့။ ခရီးအစပိုင်းမှာ ဖြစ်ပျက်ခဲ့တာတွေကို ပြန်ပြောပြပါ့မယ်။

ဆရာတော်နဲ့ မျောက်တို့ သွေးခဲတော့မလောက် အအေးဒဏ်ကို ခံနေကြရတယ်။တောင်မြင့်မြင့်တွေဆီရောက်တော့ မတ်စောက်ပြီး ရေခဲနေတဲ့လမ်းတွေကို တက်ရာမှာ အခက်တွေ့နေကြတယ်။ ခိုက်ခိုက်တုန်အောင်အေးတဲ့လေကြမ်းတွေလည်း တိုက်ခတ်နေသတဲ့။ မျောက်ကတော့ ဒီခရီးကို လိုက်လာ

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



မိတာမှားပြီလို့ တွေးစပြုပြီပေါ့။ ဒီထက်တော့ ပိုမဆိုးနိုင်ဘူးလို့ တွေးနေတုန်းပဲ ရှိသေးတယ်၊ အခြေအနေက တကယ့်ကိုဆိုးဝါးနေတော့တယ်။

ရေစီးသံကြားလိုက်ကြရတော့ ဆရာတော်က မျောက်ကို မေးတယ်။

''ဘာသံပါလိမ့်''

''အာ ဟုတ်ပြီ၊ သတိရပြီ။ ဒါ လင်းဃုန်သောကမြစ်ပဲ''လို့ မျောက်က စိတ်ပျက်လက်ပျက်ပြောသတဲ့။ မကြာခင်မှာဘဲ သူတို့ မြစ်နားကို ရောက်သွားကြတယ်။ ဆရာတော်က ဒီမြစ်ကို ဒီနာမည် ဘာကြောင့်ပေးတာလဲလို့ မေးတော့မယ့်ဆဲဆဲမှာ မြစ်ထဲကနေ နဂါး တစ်ကောင် ဘွားခနဲပေါ်လာသ တဲ့။ ဆရာတော် က အံ့သြတကြီး ကြောင်ကြည့်နေပေမယ့် မျောက် ကတော့ ချက်ချင်းသိလိုက်ပါ တယ်။ ဆရာတော်ကို ဆတ်ခနဲဆွဲ ပြီး ကမ်းပေါ်ကို တွန်းတင်လိုက်တယ်။ ပြီးတာနဲ့ မြစ်စပ်ကိုပြေးဆင်းပြီး မြင်းကိုကယ်ဖို့ ကြိုး စားပေမယ့် နောက်ကျသွားပြီလေ။ သူရောက်သွားတဲ့အချိန်မှာ နဂါးက အာခံ တွင်းကိုဟပြီး မြင်းကို မြိုပစ်လိုက်ပြီပေါ့။ မျောက်က ဆရာတော်ကို ဒီအကြောင်း လျှောက်တင်လိုက်တော့ ...

''ငါဘာလုပ်ရမလဲ၊ သွားရမယ့်ခရီးက အဝေးကြီးရှိသေးတယ်။ ဒီခရီး ကို ငါလမ်းလျှောက် သွားနိုင်မှာမဟုတ်ဘူး'' လို့ ညည်းတွားသတဲ့။ နောက်တော့ ဝမ်းနည်းပြီး ငိုကြွေးပါလေရော။

''ရပ်လိုက်စမ်း ကိုယ်တော်''လို့ မျောက်က ဒေါသတကြီးအော်ငေါက် လိုက်တယ်။ မျောက်ဟာ တခြားလူတွေ ငိုကြွေးနေတာတွေ့ရင် ဒေါသဖြစ် တတ်ပေမယ့် သူ့ကိုယ်သူတော့ သနားတတ်သတဲ့။

''ဒီကံဆိုးတဲ့မြင်းကို တပည့်တော် သွားကယ်မယ်။ မြင်းကို ပြန်အန် ထုတ်အောင် နဂါးကို သွေးဆောင်နိုင်မှာပါ''

ဒီအခိုက်မှာ ကောင်းကင်ကနေ အသံတစ်သံ ကြားလိုက်ရတယ်။

''စိတ်မတိုပါနဲ့ နတ်မျောက်။ ဆရာတော်လည်း ငိုကြွေးမနေပါနဲ့။ ကျွန်ုပ်တို့က သင်တို့ကိုကူညီစောင့်ရှောက်ဖို့ အသင့်စောင့်နေတဲ့နတ်တွေပါ''တဲ့။ ဆရာတော်က ချက်ချင်းဦးညွှတ် အရိုအသေပြုလိုက်တယ်။ မျောက်ကတော့

''ဒါဆို ဘယ်နတ်တွေတုံး၊ နတ်တွေအားလုံး ကျုပ်သိတယ်၊ အမည်နာမ တွေ ပြောစမ်း၊ ကျုပ်စာရင်းတို့ထားလိုက်မယ်'' တဲ့။

''လူတင်းနဲ့ လူချီးယားတို့ပါ။ အစောင့်အကြပ်နတ်ငါးပါး၊ ကင်းနတ် လေးပါး၊ ကျောင်းစောင့်နတ်တစ်ဆယ်ရှစ်ပါးတို့လည်း ပါပါသေးတယ်။ ရွှေဦး ခေါင်းနဲ့ အကြပ်နတ်မင်းလည်း အနီးဝန်းကျင်မှာ ရှိနေပါတယ်။ သင်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ဖို့ အလှည့်ကျတာဝန်ယူနေကြတာပါ''

''ကောင်းပြီ၊ မြင်းကို ကျုပ် သွားကယ်နေတုန်း ဆရာတော်ကို စောင့်ရှောက်ရစ်ကြ''လို့ မျောက်က ပြောလိုက်တယ်။ ပြီးတော့ ဆရာတော်ဘက်လှည့်ပြီး ပြောသတဲ့။

''တပည့်တော်အတွက် မပူနဲ့၊ စိတ်ချသာနေ''

မျောက်ဟာ အပေါ်ရုံဘရိကိတ်ခါးစည်းကို တင်းတင်းဆွဲစည်းပြီး အပေါ်က ကျားရေဝတ်ရုံကို ခြုံလိုက်တယ်။ လက်စွဲတော် သံတင်းပုတ်ကို ထုတ်ပြီး ရေထဲကို အော်ဟစ်ကြိမ်း ဝါးလိုက်သတဲ့။

''အသုံးမကျတဲ့ကောင်၊ ငါ့မြင်းကို ပြန်ထုတ်ပေးစမ်း''

နဂါးက မြင်းကိုမြိုပြီး ရေအောက်မှာ ငြိမ်ငြိမ်ကလေး အစာချေနေတယ်လေ။ ဒီလိုအချိန်အခါမျိုးမှာ အနှောက်အယှက်ပေးသူကို ဒေါသအကြီးအကျယ်ထွက်တာပေါ့။ မျောက်ရဲ့အသံကိုကြားတော့ လှိုင်းဂယက်တွေကြားကနေ လူးလွန့်ထွက်လာပြီး ပြန်အော်ပြောသတဲ့။

''ဘယ်သူတုံးကွ။ အပေါ်ကနေ ဆူဆူညံညံလုပ်ရဲတာ ဘယ်သူလဲ''

''ငါ့မြင်းကို ပြန်ပေးစမ်း''လို့ မျောက်က နဂါးခေါင်းပေါ် တင်းပုတ်ကို ဝှေ့ယမ်းရင်း အော်ငေါက်ပြောလိုက်တယ်။ နဂါးက လှမ်းဟပ်ပြီး ကြောက်စရာကောင်းလှတဲ့ လက်သည်းတွေနဲ့ လှမ်းကုတ်လိုက်တယ်။ ဒီလိုနဲ့ မျောက်နဲ့ နဂါးတို့ တိုက်ခိုက်သတ်ပုတ်လိုက်ကြတာတိုက်ပွဲက ပြင်းထန်ပြီး အတော်ကြာသတဲ့။ မျောက်က နဂါးရဲ့တိုက်ခိုက်မှုကို တစ်ချိန်လုံး လှည့်ပတ်ရှောင်တိမ်းနိုင်လေတော့ နောက်ဆုံးမှာ နဂါးဟာ မောလာပြီး မြစ်ထဲပြန်ငုတ်သွားတော့တယ်။ ပြန်ပေါ်လာအောင် ဘယ်လိုလုပ်လို့မှ မရတော့ဘူးတဲ့။ ဆရာတော်ကို မျောက်က ဖြစ်ကြောင်းကုန်စင် ပြန်လျှောက်တင်တော့ ဆရာတော်က ကဲ့ရဲ့တာပေါ့။

''ဟိုနေ့က ကျားနဲ့တောင် သတ်ပုတ်ခဲ့တာပဲ။ နဂါးနဲ့လည်း ကောင်းကောင်းကြီး သတ်ပုတ်နိုင်တယ်လို့ သင် ပြောခဲ့တယ်လေ။ အခုဘယ်လိုဖြစ်တာတုံး''

ဒီတော့ မျောက်ဟာ အကြီးအကျယ်စိတ်ဆိုးပြီး ပြန်အော်တော့တယ်။

''အကြောင်းပြရသေးတာပေါ့။ ဘယ်သူ ဆရာလဲဆိုတာ စောင့်သာကြည့်နေ''

မျောက်ဟာ မြစ်ဆီ ပြေးဆင်းပြီး မြစ်ရေဝဲဂယက်တွေထလာအောင် အထူးမန္တာန်တစ်ခု ရွတ်ဆိုတယ်။ ဒေါသထွက်နေတဲ့နဂါးလည်း ရေလှိုင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ကြားကနေ ပေါ်လာပြန်တာပေါ့။

''အသင် ဘယ်လို မကောင်းဆိုးဝါးမျိုးလဲ။ သင့်ကို ဖယ်ရှားလို့ကို မရတော့ဘူးလား'' လို့ နဂါးက ပြောတယ်။ မျောက်ကလည်း စိတ်မရှည်တော့ဘဲ ပြန်အော်သတဲ့။ ''ငါ့မြင်းကို ပြန်ပေး''

ဒီတော့ နဂါးက ''ဘယ်လိုလုပ် ပြန်ပေးနိုင်မှာလဲ။ မြိုချပြီးနေပြီလေ''

''ငါ မင်းကို တင်းပုတ်နဲ့ထုပစ်လိုက်မှာနော်။ ပြန်ပေးဖို့ နည်းလမ်း ရှာပေါ့ကွ''

အဲဒီနောက်တော့ သူတို့ နောက်တစ်ကြိမ် တိုက်ခိုက်သတ်ပုတ်ကြပြန်တာပေါ့။ ဒီတစ်ကြိမ်မှာလည်း နဂါးဟာ မျောက်ရဲ့တိုက်ခိုက်မှုကို တောင့်မခံနိုင်ပါဘူး။ ဖျတ်ခနဲဆို ရေမြွေအသွင်ပြောင်းပြီး မြက်တောထဲ တွန်လိမ့်ဝင်သွားရောတဲ့။ မျောက်ဟာ မြက်တောကို တင်းပုတ် နဲ့ရိုက်ပြီး လိုက်ရှာပေမယ့် မတွေ့ရတော့ဘူး။ မျောက်က 'ဥုံ'ဆိုပြီး ရွတ်သတဲ့။ အဲဒီရွတ်သံကြောင့် အနီးဝန်းကျင်တစ်ဝိုက်က နတ်တွေအားလုံး မျောက်ထံ ရောက်လာကြတယ်။ သူတို့အားလုံး မျောက်ကို 'ပညာရှိမျောက်'ရယ်လို့ သိထားကြတယ်။ အင်မတန်လည်း ရိုသေလေးစားကြတယ်။

''ငါ့ဆရာရဲ့မြင်း ဘယ်မှာတုံး''လို့ မျောက်က နတ်တွေကို မေးတယ်။

''မျောက်ပညာရှိ၊ သင့်မှာ ဆရာရှိတယ်လို့ ကျွန်ုပ်တို့ မကြားသိခဲ့ပါ။ သင်ဟာ မြေကမ္ဘာနဲ့ကောင်းကင်တစ်လွှား ဘယ်သူ့ကိုမှ မနာခံဘူး မဟုတ်လား''

''အဲဒါက ကျောက်စိမ်းကေရာဇ်နဲ့ ကတောက်ကဆ မဖြစ်ခင်ကပါ။ အဲဒီနောက် ကျုပ်ကို တောင်တစ်တောင်ထဲမှာ နှစ်ပေါင်း ၅၀၀ လောက် ပိတ်လှောင်ထားကြတယ်လေ။ ဒီတာဝန်ကို ထမ်းဆောင်ဖို့ လွှတ်ပေးလိုက်ကြတာ။ အိန္ဒိယကို သွားပြီး ဗုဒ္ဓကျမ်းစာတွေကို ရှာဖွေဆောင်ကျဉ်းမယ့် ဆရာတော်ကို ကျုပ်ကူညီရမယ်။ ဒါကတော့ မွန်မြတ်သန့်စင်တဲ့ အလုပ်ပဲ။ ခရီးတစ်လျှောက် ဆရာတော့်အမှုကို ထမ်းဆောင်ရမယ်လေ။ ဒီနဂါးအကြောင်း ကျုပ်ကို ပြောပြစမ်း''

''ဒီနဂါးက အသစ်ရောက်လာတာပါ။ အရင်က မရှိခဲ့ပါဘူး။ တပည့်တော်တို့အထင် မယ်တော်ကွမ်ရင်က ပို့လိုက်တာဖြစ်မယ်။ မယ်တော်ကြီးဆီ သွားမေးရင် ကောင်းပါလိမ့်မယ်''

ဒီတော့ နတ်မျောက်က သိလိုက်ပြီ။ မယ်တော်ကွမ်ရင်ဟာ ဗောဓိသတ္တတို့ရဲ့ ဝိညာဉ်တော်ပေပဲ။ ဒါပေမယ့် မယ်တော်ကွမ်ရင်စံရာဆီ ဒီနတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



အရောက်သွားဖို့ ဘယ်လောက်ကြာမလဲ။ အဲဒီအတောအတွင်း ဆရာတော်နဲ့ သူ့ အေးခဲပြီး သေရင်သေ၊ ဒါမှမဟုတ် အစာရေစာပြတ်ပြီး ကိစ္စချောကောင်း ချောသွားလိမ့်မယ်။ အဲဒီအချိန်မှာ ကောင်းကင်ကနေ ရွှေဦးခေါင်းအကြပ် နတ်မင်းရဲ့အသံ ကြားလိုက်ရတယ်။

''မစိုးရိမ်ပါနဲ့။ သင်တို့ အဲဒီမှာပဲ နေကြ။ ကျွန်ုပ် မယ်တော်ကွမ်ရင်ဆီ သွားလိုက်ပါ့မယ်''

''ကျေးဇူးတင်ပါတယ် နတ်မင်း၊ အခုချက်ချင်းသွားရင် ပိုကောင်းမယ်'' လို့ မျောက်က ပြောလိုက်တယ်။ အကြပ်နတ်မင်းဟာ တိမ်တိုက်တွေကို ဖြတ်သန်းပြီး ကရုဏာရှင်မ မယ်တော်ကွမ်ရင်ရှိရာ တောင်သမုဒ္ဒရာဆီ ဦးတည်သွားတော့တယ်။ အဲဒီရောက်တော့ မယ်တော်ကွမ်ရင်ဟာ ဝါးတော ကလေးထဲက ကြာပလ္လင်ပေါ်မှာ ငြိမ်ငြိမ်းချမ်းချမ်းထိုင်နေတာ တွေ့ရသတဲ့။ နတ်မင်းဟာ မယ်တော်ကွမ်ရင်ကို လျှောက်တင်လိုက်တယ်။

''အရှင်မ၊ ဆရာတော်တြိပိဋကရဲ့မြင်းဟာ လင်းယုန်သောကမြစ်မှာ ပျောက်ဆုံးသွားပါတယ်။ နဂါးတစ်ကောင်က မြိုသွားတာပါ''

''မဟုတ်ဘူး။ အဲဒီနဂါးက ဆရာတော်တြိပိဋကကို ကူညီဖို့ စေလွှတ် ထားတာပဲ။ ကျွန်ုပ် တာဝန်ပေးထားတာ။ ဘာကြောင့် မြင်းကိုစားရတာလဲ။ ကျွန်ုပ်သွားပြီး ဖြေရှင်းပေးပါ့မယ်''

မယ်တော်ကွမ်ရင်က အဲဒီလိုပြောပြီး ကြာပလ္လင်က ထ၊ ဝါးတော ကလေးကနေ အလင်းရောင်ခြည်နဲ့ တောင်သမုဒ္ဒရာကို ဖြတ်သန်းသွားသတဲ့။ မျောက်ရှိရာဆီရောက်သွားတဲ့အခါ မျောက်က ဒေါသတကြီးဖြစ်နေပြန်ပြီပေါ့။ လေထဲ ထခုန်ပြီး

''ကိုယ့်အလုပ်ကိုယ် ကောင်းကောင်းမလုပ်ဘူး။ ဒါနဲ့များ ဗောဓိသတ္တ တို့ရဲ့ ဆရာလို့ ကိုယ့်ကိုယ်ကိုယ်ခံယူထားသေးတယ်။ အခုတော့ ကျုပ်တို့လမ်း ခရီးမှာ ဒီလိုမကောင်းဆိုးဝါးမျိုး ပို့ထားတာ။ ကျုပ်တို့ကို ကူညီနေတာပေါ့လေ''

''တော်တော်ရယ်ဖို့ကောင်းတဲ့ မျောက်ဖင်နီ''လို့ မယ်တော်ကွမ်ရင်က ခပ်ဆတ်ဆတ်ပြောလိုက်တယ်။

''ကျွန်ုပ်က ဆရာတော် ဘေးရန်ကင်းစေဖို့ သတိကြီးစွာနဲ့ အပင်ပန်း ခံလုပ်နေတာ။ သင့်ကိုလည်း ပိုပြီးသန့်စင် ပိုပြီးလေးနက်လာအောင် လုပ်ပေး နေတာပါ။ ဒါ ကျေးဇူးတုံ့ပြန်တာပေါ့လေ''

''ကျုပ်ကို အပြစ်တင်ဖို့ မကြိုးစားပါနဲ့မယ်တော်။ ကျုပ်က တောင်ထဲက လွတ်မြောက်လာပြီးတော့ အပျင်းပြေကလေး ပျော်မယ်ကြံကာရှိသေး၊ မိဆိုး

www.burmeseclassic.com

www.burmeseclassic.com





ဝါးတဲ့ခရီးကြမ်းကို သွားနိုင်းတာ။ ကောင်းပြီ၊ အခုဘာဆက်လုပ်ကြမလဲ''

မယ်တော်ကွမ်ရင်က ရယ်တယ်။

''အို နတ်မျောက်၊ သင် အလုပ်များနေအောင် ကျွန်ုပ်တို့က လုပ်ရလိမ့်မယ်။ ဒါမှမဟုတ်ရင် သင်က အရင်အချိုးမျိုး ပြန်ချိုးနေမှာပေါ့။ ဒီနဂါးက သင့်ဆရာသခင် စီးဖို့ပါ။သင်လည်းသိသားပဲ၊ ဒီခရီးကြမ်းမှာ သာမန်မြင်းတစ်ကောင်က သင့်ဆရာကို ဘယ်လိုလုပ် သယ်ဆောင်နိုင်မှာလဲ''

''အားလုံး ကောင်းပါပေ့ဗျာ။ ဒါပေမယ့် အခုသူက မြင်းကို မြိုပစ်လိုက်ပြီလေ။ မြစ်ထဲကနေ ပေါ်ကိုမလာတော့ဘူး''

ဒီအခါမှာ မယ်တော်ကွမ်ရင်က ရွှေဦးခေါင်းနတ်မင်းကို မြစ်စပ်ကို ဆင်းပြီး အော်ခေါ်ခိုင်းသတဲ့။

''နဂါးမင်းရဲ့ တတိယသားတော် ထွက်ခဲ့လော့''

''ကြည့်နေ လျှပ်စီးလက်သလို ရောက်လာလိမ့်မယ်''လို့ မယ်တော်ကွမ်ရင်က မျောက် ကို ပြောတယ်။ ချက်ချင်းပဲ နဂါးဟာ ရေထဲက ပေါ်လာပြီး မယ်တော်ကွမ်ရင်ကို ဦးညွှတ် အရိုအသေပြုသတဲ့။ ဒီအခါမှာ မယ်တော်ကွမ်ရင်က ...

''ဒီနတ်မျောက်ဟာ ပိဋကတ်တော်တွေ သွားရောက်ဆောင်ယူမယ့် ဆရာတော်ကို အလုပ်အကျွေးပြုနေတယ်ဆိုတာ သင်မသိဘူးလား''လို့

www.burmeseclassic.com

www.burmeseclassic.com



မေးမြန်းတယ်။

''ဟင့်အင်း၊ မသိပါဘူး အရှင်မ။ ကျွန်တော်မျိုး မနေ့က ဆာလောင်နေတော့ မြင်းကို စားမိပါတယ်။ ဒီတော့ သူက ကျွန်တော်မျိုးကို တိုက်ခိုက်တော့တာပဲ။ သူ့ကို ကျွန်တော်မျိုး ဘယ်သိပ့်မလဲ။ သူက ပိဋကတ်တော်တွေအကြောင်းလည်း တစ်ခွန်းမှမဟခဲ့ပါဘူး''လို့ နဂါးက ပြန်လည်လျှောက်တင်သတဲ့။ ဒီတစ်ခါမှာ နတ်မျောက်က

''အသင် ကျုပ်ရဲ့အမည်နာမကို တစ်ခါမှမမေးဘူး''

''မေးပါသော်ကော၊ 'အသင် ဘယ်လိုမကောင်းဆိုးဝါးမျိုးလဲ'လို့လေ။ ဒါပေမယ့် သင်က ပြန်မဖြေဘူး၊ မြင်းအတွက်ပဲ ဟောင်ဖွာဟောင်ဖွာ လုပ်နေတာ''

''ကဲ နတ်မျောက် ...'' မယ်တော်ကွမ်ရင်က ပြောတယ်။

''ရှေ့လမ်းခရီးမှာ ဘယ်လိုလုပ်ရမယ်ဆိုတာ သင်သိပြီးသားပါ။ ကျမ်းစာတွေ ဆောင်ကျဉ်းမယ့် ဘုရားဖူးခရီးသွားနေတာလို့ တွေ့သူတိုင်းကို ပြောပြပေါ့။ ဒါဆိုရင် အနှောင့်အယှက်တွေရှိမှာ မဟုတ်တော့ဘူး''

ဒီလိုသာ ပြောလိုက်ရတယ်၊ မယ်တော်ကွမ်ရင်အနေနဲ့ မျောက်အကြောင်း သိပြီးသားမို့ တယ်မထင်လှပါဘူး၊ အဲဒီနောက် မယ်တော်ကွမ်ရင်ဟာ နဂါးရဲ့မေးစေ့အောက်က ပညာကျောက်မျက်ကို ဖယ်ရှားလိုက်ပါတယ်။ မိုးမခသားပဋ္ဋလက်ကြိမ်လုံးကို နဂါးပေါ် အသာဝှေ့ရမ်းပြီး ပဋ္ဋလက်အစွမ်းနဲ့ 'ပြောင်းစေ'လို့ အမိန့်ပေးလိုက်တယ်။ နဂါးဟာ ချက်ချင်းပဲ မြင်းအသွင် ပြောင်းသွားတော့တယ်။ နဂါးဘဝက သူမြိုခဲ့တဲ့ မြင်းဖြူအတိုင်းပဲပေါ့။

''ကဲ အခုက စပြီး ဣန္ဒြေရရနေပါ။ ကိုယ်ပိုင်ဆိုင်တဲ့အရာမဟုတ်ရင် မစားပါနဲ့။ သင်ဟာ ရွှေရောင်ခန္ဓာကိုယ်နဲ့ ဉာဏ်အလင်းပွင့်သူ ဖြစ်လာဖို့ ကျွန်ုပ် ကတိပေးတယ်''လို့ မယ်တော်ကွမ်ရင်က မိန့်ကြားလိုက်တယ်။

ဗုဒ္ဓတရားတော်တွေကို ကျင့်ကြံလိုက်နာသူတိုင်း မျှော်လင့် တောင့်တတဲ့အရာက အဲဒါပါပဲ။ ဇာတိနဲ့မရဏ(မွေးဖွားခြင်းနှင့်သေဆုံးခြင်း)အကြောင်း ပြီးပြည့်စုံတဲ့ပညာကို ရရှိစေတဲ့ ဉာဏ်အလင်းပွင့်ခြင်းပဲပေါ့။ မြင်းနဂါးဟာ မယ်တော်ကွမ်ရင်ကို ဦးညွတ်အရိုအသေပြုရင်း မှာကြားတဲ့အတိုင်း လိုက်နာပါ့မယ်လို့ ကတိပေးပါတယ်။ မျောက်ကတော့ ပြန်လည်ကြွချီတော့မယ့် မယ်တော်ကွမ်ရင်ကို ဆွဲထားပြီး တစ်စခန်းထပြန်ပါရော။

''အားလုံးကောင်းပါလေ့ဗျာ။ မယ်တော်သိတဲ့အတိုင်း အနောက်သို့ခရီးဟာ ခက်ခဲကြမ်းတမ်းတယ်။ ဆိုးဝါးတဲ့ တောင်တန်းတွေ၊ ချောက်ကမ်းပါး

www.burmeseclassic.com

www.burmeseclassic.com





တွေ ရှိတယ်။ ဘယ်လိုမကောင်းဆိုးဝါးတွေနဲ့ တွေ့ဦးမလဲ ဘယ်သူကသိမှာတုံး။ ဟင့်အင်း၊ ကျုပ်တော့ မသိဘူး။ အရှင်မက ဒီ့ထက်ပိုကောင်းအောင် လုပ်ထား ရမှာနော်''

''ကောင်းပြီ နတ်မျောက်၊ ရှေးရှေးတုန်းက ဉာဏ်ပွင့်လင်းမှုကို သင် စိတ်ဝင်စားခဲ့တယ်။ အခု အခက်အခဲလေး နည်းနည်းတွေ့တာနဲ့ သင်ပြန် ပြေးချင်ပြီပေါ့။ အခက်အခဲတွေ့လို့ သင်က တလိုက်ရင် ကမ္ဘာမြေကိုယ်တိုင်က အကူအညီပေးမှာပါ။ သင်မသိဘူးလား။ လိုအပ်ရင် ကျွန်ုပ်ကိုယ်တိုင် လာ ရောက်ဖြေရှင်းပေးမှာပဲ။ ဒါပေမယ့် သင့်ကို ကျွန်ုပ်ပေးစရာရှိပါသေးတယ် လေ''

မယ်တော်ကွမ်ရင်က မိုးမခကြိမ်လုံးကို တစ်ချက်ဝှေ့ရမ်းပြီး 'ပြောင်းစေ' လို့ ပြောလိုက်တဲ့ အခါ မိုးမခရွက်သုံးရွက်ဟာ ပဋ္ဌလက်ဆံနွယ်ချင်တွေအဖြစ် အသွင်ပြောင်းသွားသတဲ့။

''ကဲ ... ဒါကို ယူဆောင်သွားပေတော့။ သင်တို့ ဒုက္ခတွေ့တဲ့အခါ ကယ်တင်လိမ့်မယ်''

အဲဒီလိုနဲ့ပေါ့၊ ဆရာတော်တြိပိဋကနဲ့ နတ်မျောက်တို့ဟာ အဖိုးထိုက် တန်လှတဲ့ ကျမ်းစာတွေ ရှာဖွေတွေ့ရှိပြီး ပြန်လည်ဆောင်ကျဉ်းမလာခင် အနောက်သို့ ခရီးစဉ်တစ်လျှောက်မှာ မြောက်မြားလှတဲ့ စွန့်စားခန်းအဖုံဖုံ ကြုံတွေ့ခဲ့ကြရပါသတဲ့။

ဖ ႀ ႁ ႂ

www.burmeseclassic.com

www.burmeseclassic.com

**၇**

# သဲမြို့တော် ဒန်ဟွမ်း

ကျွန်ုပ်တို့ *အန်ဇီ*ကို ရောက်ပါပြီ။ *တာကလာမာကန်* သဲကန္တာရရဲ့ အစအဖြစ် အမှတ်အသားပြုရာမြို့ပေါ့။ ဒီကနေ သဲကန္တာရရဲ့လက်ဝဲ၊ လက်ယာ နှစ်သက်ရာလမ်းအတိုင်း သွားနိုင်ပါတယ်။ ဒါမှမဟုတ်ရင်လည်း ကန္တာရ အလယ်ကို ဖြတ်သွားပေါ့။ ဒါပေမယ့် အဲဒီလိုဖြတ်သန်းသွားဖို့ဆိုတာက စိတ်ကူးကောင်းတော့ မဟုတ်ဘူး။ ဒီကန္တာရရဲ့အမည် တာကလာမာကန်ဆိုတာ *'ဖြတ်သန်းသူ ပြန်လမ်းမရှိ'*လို့ အဓိပ္ပာယ်ရသတဲ့။

ခရီးသွားတွေဟာ ပိုးလမ်းမတစ်လျှောက်က နေရာဒေသတွေကို သီးခြားအမည်တွေ ပေးလေ့ရှိကြတယ်။ ဥပမာအားဖြင့် တာကလာမာကန် သဲကန္တာရရဲ့ မြောက်ဘက်နားလေးမှာ *'အာကာသတောင်တန်း'*ဆိုတာ ရှိတယ်။ လှပတဲ့ နှင်းဆောင်းတောင်ထွတ်တွေပေါ့။ ခိုတန်အနီးက တောင်တွေကိုတော့ *'ခေါင်းကိုက်တောင်'*တွေတဲ့။ အဲဒီတောင်တွေကို တက်တဲ့အခါ အထက်ကို ရောက်လေ တက်သူရဲ့ဦးခေါင်းဟာ ဆိုးဆိုးဝါးဝါးကိုက်ခဲလာလေပါပဲ။ လေက ပိုပိုပြီး ပါးပါးသွားတယ်လေ။ သိပ်ကို မြင့်တာကိုး။

ဒီပိုးလမ်းမတစ်လျှောက်မှာ ရေက အဓိကကျပါတယ်။ ခရီးသည်တွေဟာ ရေတွေ့နိုင်မယ့်နေရာကို သိထားဖို့လိုတယ်။ အိုအေစစ်ရဲ့အမည်ကို ကြည့်လိုက်ရုံနဲ့ ဒီအိုအေစစ်ကနေ ဘယ်လိုရေမျိုး ရနိုင်မယ်ဆိုတာ သဲလွန်စရနိုင်တယ်။ *'တစ်ခွက်စာစမ်း'* တဲ့။ *'ရေခါးတွင်းစခန်း'* တဲ့။ *'ရွှံ့တွင်းပေါက်'* တဲ့။ အဲဒီလို အိုအေစစ်တွေကနေ ရေများများရဖို့မျှော်လင့်လို့ မရနိုင်ဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေမှာတော့ စမ်းတွင်းတွေကိုတွေ့ဖို့ အင်မတန်ခက်ခဲတတ်ပါတယ်။ ဒီအခါမှာ ခရီးသည်တွေအနေနဲ့ အနီးအနားတစ်ဝိုက်မှာ တွင်းကလေးတွေ ရှာဖွေကြရတယ်။ ကျောက်တုံးတစ်တုံးတည်းနဲ့ အမှတ်အသားလုပ်ထားတဲ့ တွင်းကလေးတွေပေါ့။ အဲ တွေ့ရင်တောင်မှ အဲဒီရေဟာ ခါးရင်ခါး၊ ဒါမှမဟုတ် ငန်ကျိကျိဖြစ်ရင် ဖြစ်နေတတ်တယ်။ ရေငတ်ပြေစေမှာ မဟုတ်ဘူး။

အခုရောက်နေတဲ့ အန်ဇီကနေ လက်ယာဘက်လှည့်လိုက်ရင် *တာပန်* မြို့ဆီ အရောက်သွားနိုင်တယ်။ ၁၂ရက်လောက် ခရီးပြင်းနှင်ရမယ်။ လမ်းတစ်လျှောက်မှာ သောက်လို့ မကောင်းတဲ့ရေတွေပဲ ရနိုင်တယ်။ ဒါပေမယ့် တာပန်ကိုရောက်ရင်တော့ အေးမြတဲ့ရေချိုတွေ ရှိပါတယ်။ အဲဒီရေက တောင်တန်းတွေကနေလာတာပေါ့။ မြေအောက် ရေလမ်းကြောင်းတွေက တစ်ဆင့် မြို့နဲ့ ဥယျာဉ်တွေဆီ သွယ်ယူစီးဆင်းစေပါသတဲ့။ ဒါကြောင့် တာပန်မှာ သစ်သီးသစ်နှံနဲ့ ဟင်းသီးဟင်းရွက်တွေ ကောင်းကောင်းစိုက်ပျိုးနိုင်ကြတယ်။

ရာသီဥတုသာယာတဲ့ကာလမှာ တာပန်ကိုရောက်ရင် တာပန်ဟာ *'ပိုးလမ်းမရဲ့ တောက်ပတဲ့ပုလဲ'*လို့ ပြောမိမှာပဲ။ ဆောင်းရာသီဆိုရင်တော့ *'လေပြင်းသိုလှောင်ရုံ'* လို့ ပြောင်းလဲ သုံးနှုန်းမိနိုင်တယ်။ နွေရာသီမှာဆို ဒေသခံတွေဟာ ပြင်းထန်လှတဲ့အပူရှိန်ကနေ သက်သာရာရဖို့ မြေအောက်ခန်းတွေထဲမှာ နားနေတတ်ကြတယ်။ သင်လည်း သူတို့နဲ့အတူ မြေအောက်ခန်းထဲ ဆင်းနေရမှာပါပဲ။ တချို့ခရီးသည်တွေက တာပန်က ကြောက်မက်ဖွယ်ရာ အင်းဆက်ပိုးမွှားတွေအကြောင်း ပြောဆိုတတ်ကြတယ်။ အဲဒီမှာ ပင့်ကူတွေနဲ့ အဆိပ်ရှိတဲ့ ပိုးဟပ်တွေ ရှိသတဲ့။ ဒါပေမယ့် လူအများစုက တာပန်ကို နှစ်သက်ကြတယ်။ ဟိုဟိုဒီဒီ အေးအေးလူလူ လျှောက်သွား၊ ကျူဖျာမိုးအောက် အရိပ်ခို၊ နောက်ခရီးတစ်ထောက်ကို ဆက်မသွားခင် အနားယူတတ်ကြတယ်လေ။

ကျွန်ုပ်တို့က ကန္တာရရဲ့လက်ဝဲဘက်ကို ခရီးဆက်ကြမယ်။ သဲမြို့တော် ဒန်ဟွမ်းကိုပေါ့။ ဒီအရပ်မှာ ကျော်ကြားလှတဲ့ ဗုဒ္ဓဘာသာဂူဘုရားတွေ ထောင်ချီပြီး ရှိနေပါတယ်။ ရုပ်တု၊ ဆင်းတုတော်တွေ အများအပြားရှိတယ်။ နတ်တွေကို ပူဇော်ပသထားတဲ့ လှုဖွယ်ပစ္စည်းတွေလည်း တွေ့ရမယ်။ ဂူတွေရဲ့ အတွင်းပိုင်းမှာ ဆေးရေးခြယ်ထားတဲ့ ကောင်းကင်ဘုံဆန်တဲ့ ဝိညာဉ်ကိုကြည့်ရှုခံစားကြရမှာပါ။ နတ်ဘုရားပုံတော်တွေ၊ ကောင်းကင်ဘုံနတ်ချင်းသည်တွေ၊ 'အက်ပ်ဆာရ'လို့ခေါ်တဲ့ နတ်မိမယ်တွေရဲ့ပုံတွေ စုံလို့ပါပဲ။ အဲဒီမှာ ရာစုနှစ်တွေချီလို့ ခရီးသည်တွေ ဝတ်ပြုဆုတောင်း၊ ပူဇော်ခဲ့ကြတယ်။ သဲကန္တာရကို

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းခရီးနှင်တဲ့အခါ ဘေးရန်ကင်းရှင်းစေဖို့ပေါ့။ ပန်းချီပညာသည်ဟာ မနက်ခင်းနေရောင်၊ မီးအိမ်အလင်းရောင်တွေနဲ့ ဂူထဲမှာ ပုံသစ်တွေ ရေးဆွဲကြတယ်။ စိုးရိမ်နေတဲ့ ခရီးသွားတွေအတွက် ကံကောင်းခြင်းတွေ ရရှိကြစေဖို့ပါတဲ့။

ဒန်ဟွမ်းမှာ အင်မတန်လှတဲ့ လခြမ်းကွေးသဏ္ဌာန် ရေကန်လေး တစ်ကန်လည်းရှိတယ်။ သဲတောင်ပို့တွေပေါ်မှာ တည်နေတာပေါ့။ အဲဒီကန်ကလေး ဘယ်နည်းဘယ်ပုံ တည်ရှိလာခဲ့တယ်။ လွင့်ပျံ့နေတဲ့သဲတွေထဲမှာ ရေကန်ရဲ့ရေက ဘာကြောင့်ကြည်လင်သန့်စင်နေတယ် ဆိုတာ ဘယ်သူမှ တပ်အပ်မပြောနိုင်ကြပါဘူး။ ဒန်ဟွမ်းကိုရောက်တဲ့အခါ တအောင့်တနား ရပ်နားပြီး ဒေသခံတွေပြောပြတဲ့ပုံပြင်ကို နားထောင်ကြည့်ကြစို့လား။

ဖ ဖ ဖ ဖ

www.burmeseclassic.com

www.burmeseclassic.com

# တိမ်ဖြူနတ်သမီး

ဟိုးရှေးအခါက ဒန်ဟွမ်းမှာ အခုမြင်တွေ့ရတဲ့ အိမ်တွေ၊ လမ်းတွေ၊ လူတွေနဲ့မြည်းတွေ ဘာတစ်ခုမှ မရှိသလောက်ပါပဲ။ နယ်မြေတစ်ခုလုံး သဲနဲ့ချုံပုတ်တွေပဲ ရှိခဲ့သတဲ့။ ဒါပေမယ့် ဟာလာဟင်းလင်းကြီးတော့လည်း မဟုတ်ပြန်ဘူး။ *ဆန်ဇေတောင်ခြေ*က အိုအေစစ်ကလေးမှာ လူတချို့နေထိုင်ကြတယ်။ ဒီအရပ်မှာ အသက်ရှင်ရပ်တည်ရေးက အင်မတန်ခက်ခဲလှတယ်။ မကြာခဏကြုံတွေ့ကြရတဲ့ မိုးခေါင်မှုတွေ၊ မဖြစ်စလောက် စိုက်ခင်းတွေကို ခဏခဏဖျက်ဆီးတတ်တဲ့ သဲမုန်တိုင်းအန္တရာယ်တွေကနေ ရုန်းကန် နေထိုင်ကြရတယ်။ ဒါပေမယ့် လူတွေဟာ ရုန်းရင်းကန်ရင်း အသက်ဆက်ရှင်သန်ခဲ့ကြပါတယ်။ အဲဒီလိုနဲ့ နှစ်တစ်နှစ်မှာတော့ အဆိုးဝါးဆုံး မိုးခေါင်မှုကို ကြုံတွေ့ကြရသတဲ့။ မိုးတစ်စက်တောင် မရွာဘဲ အိုအေစစ်ကလေးလည်း တစ်စတစ်စ ခန်းခြောက်စပြုပြီပေါ့။ လူတွေဟာ နေ့စဉ်ရက်ဆက် လယ်ယာတွေဆီသွားပြီး မိုးရွာလိုရွာငြား မျှော်လင့်မိကြတယ်။ ဒါပေမယ့် ပူပြင်းလှတဲ့ နေရောင်ခြည်အောက်မှာ သီးနှံတွေသာ အညိုရောင်ပြောင်းသွားတယ်၊ မိုးက မရွာပါဘူး။ အရိပ်ရသစ်ပင်တွေလည်း တဖြည်းဖြည်း အရွက်တွေကြွေကျပြီး သစ်ကိုင်းတွေသာ မည်းနက်ခြောက်သယောင်းလာတော့တယ်။ လူတွေဟာ တစ်နေ့ရာရာကနေ ရေမရရင် ဖြင့် အားလုံးသေကြရတော့မယ်ဆိုတာ သိကြတာမို့ ထိတ်လန့်တုန်လှုပ်နေကြပြီပေါ့။

"မိုးပေါ်ကနေ မင်းက ဘာကိုမျှော်နေတာတုံး။ ကောင်းကင်တိခါးတွေ

www.burmeseclassic.com





ဖွင့်ပြီး ငါတို့အတွက် မိုးရေတွေ သွန်ချပေးလိမ့်မယ်လို့များ ထင်နေသလားကွ ဟေ''

ကောင်းကင်ကို ငေးမျှော်ကြည့်နေတဲ့ မိန်းမတစ်ယောက်ကို အဘိုးအို တစ်ဦးက ဒေါသတကြီးမေးလိုက်တယ်။ ကောင်းကင်ပေါ်မှာတော့ အခါတိုင်း ရက်တွေလိုပဲ တိမ်မျှင်တစ်စတောင်မရှိဘူး။ ဒီအခါမှာ အမျိုးသမီးက သူ့ ကို ဒေါသနဲ့ပြန်ကြည့်တယ်။ ဒီအဘိုးကြီးအိုအဖို့တော့ မိုးခေါင်တာက သိပ် မဆိုးဝါးလှဘူးပေါ့။ သူက အသက်ရှည်ရှည်နေခဲ့ဖူးပြီးပြီကိုး။ အမျိုးသမီးမှာ ကလေးသုံးယောက်ရှိတယ်။ ဒီကလေးတွေ ဒုက္ခခံစားနေရတာကို မိခင်တစ် ယောက်အနေနဲ့ ဘယ်မှာသည်းခံနိုင်ပါ့မလဲ။ ရေမရှိရင် မကြာခင် သူတို့အားလုံး အသက်ဆုံးရတော့မှာလေ။ အမျိုးသမီးဟာ သူမရဲ့ချစ်ခြင်းမေတ္တာနဲ့ မချိတင်ကဲ ဝေဒနာတွေ အားလုံးသိမ်းကြုံး စုစည်းပြီး ဆုတောင်းပြန်သတဲ့။

အဲဒီအခိုက်မှာ ပြာလွင်တောက်ပနေတဲ့ကောင်းကင်ထဲ အဖြူရောင် တိမ်တိုက်တစ်ခု ညင်ညင်သာသာ မျောရွေ့သတဲ့။ တိမ်တိုက်ပေါ်မှာတော့ တိမ်ဖြူနတ်သမီးပေါ့။ မြေပြင်ပေါ်က အမျိုးသမီးရဲ့ ဆုတောင်းသံကို တိမ်ဖြူ နတ်သမီးက မထင်မှတ်ဘဲကြားသိသွားခဲ့တယ်။ ဒီအခါမှာ နတ်သမီးရဲ့ နှလုံးသားကို ဓားနဲ့မွှန်းသလို ခံစားရရှာသတဲ့။ အကူအညီပေးချင်ပေမယ့် ကူညီနိုင်မယ့်နည်းလမ်း မရှိဘူးဖြစ်နေတယ်။ နဂါးမင်းရဲ့ခွင့်ပြုချက်မရဘဲ မိုးရွာချပေးလို့ကလည်း မဖြစ်။ မိုးကြိုးနတ်ဆီက အကူအညီလည်း မရနိုင်ဘူး။ နဂါးမင်းထံ အခွင့်တောင်းဖို့က နဂါးမင်း အနားယူတော်မူတယ်။

မိုးကြိုးနတ်ကတော့ အနောက်ဘက်တောင်တန်းတွေဆီ ခရီးလွန် နေသတဲ့။ အဲဒီတောင်တန်းတွေထဲမှာ ထစ်ချုန်းသံတွေပေးပြီး ဆော့ကစား

www.burmeseclassic.com



နေလေရဲ့။ သူက လူသားတွေကို အသံနဲ့ခြောက်လှန့်ပြီး လူတွေ ထွက်ပြေးကြတဲ့အခါ ပျော်စရာကောင်းတယ်လို့ ထင်တယ်လေ။

ဒါကြောင့် တိမ်ဖြူနတ်သမီးခမျာ ဘာလုပ်နိုင်မလဲပေါ့။ မြေပြင်ပေါ်က သနားစရာ အမျိုးသမီးလည်း ငိုကြွေးနေပြီ။ အဲဒီငိုရှိုက်သံကိုကြားရတဲ့ တိမ်ဖြူနတ်သမီးလည်း မျက်ရည်ပေါက်ပေါက်ကျအောင် ငိုမိရှာတော့တယ်။

နတ်သမီးရဲ့ ငွေရောင်တောက်ပတဲ့ မျက်ရည်ဟာ လူ့လောကက မျက်ရည်နဲ့ ဘယ်တူပါ့မလဲ။ နတ်သမီးမျက်ရည်ဟာ မြေပြင်ပေါ်ကို ကြီးမားတဲ့ရေစက်တွေအဖြစ် သက်ဆင်းပြီး တဖြည်းဖြည်း အိုင်ထွန်းလာတော့သတဲ့။ တိမ်ဖြူနတ်သမီးဟာ အကြောင်းတစ်ခုခုကြောင့် မငိုကြွေးခဲ့တာ ကြာပြီလေ။ မျက်ရည်တွေ စုဆောင်ထားသလို ဖြစ်နေတာမို့ မရပ်မနား ငိုကြွေးနေမိတော့တယ်။ နတ်သမီးဟာ ငယ်ငယ်ကတည်း ငိုမိရင် တော်တော်နဲ့ရပ်လို့ မရတတ်ဘူးဆိုပဲ။ ဒါကြောင့် မြေပြင်ပေါ်ကို မျက်ရည်စက်တွေ သက်ဆင်းလာလိုက်တော့ အိုင်ကလေးအဖြစ်ကနေ တောက်ပတဲ့ ကန်ကလေးတစ်ကန် ဖြစ်လာတော့တာပေါ့။

မြေပြင်ပေါ်က အမျိုးသမီးဟာ အင်မတန်အံ့အားသင့်ပြီး အငိုတိတ်သွားတော့တယ်။ ရေကန်လေးဟာ တော်တော့်ကိုပြည့်လာတော့ ရေစီးကြောင်းအဖြစ် ခြောက်သွေ့တဲ့မြေပြင်ပေါ် စီးဆင်းသွားတော့တာပေါ့။ အခြားလူတွေလည်း ရေကန်ကလေးရှိရာဆီ စုဝေးရောက်ရှိလာကြတယ်။


''ဒါမျိုး တစ်ခါမှမတွေ့ဖူးဘူး။ တိမ်တိုက်ကလေးတစ်ခုကနေ ဒီလို မိုးရွာချတာ။ မိုးကောင်းကင်က ငါတို့ကို လှည့်စားနေပြန်ပြီဟေ့''လို့ လူတစ်ယောက်က တအံ့တသြ ရေရွတ်တယ်။ ဒီအခါမှာ စောစောက မိုးကောင်းကင်ကို မော့ကြည့်ပြီး ဆုတောင်းခဲ့တဲ့အမျိုးသမီးက ''ဒါဟာ မိုးကောင်းကင်က လှည့်စားတာဆိုရင် ကျွန်မတော့ အမြဲတမ်းကြိုဆိုမှာပဲ'' လို့ ပြောလိုက်တယ်။

ရယ်မောပြုံးပျော်ကြ၊ ပြေးကြလွှားကြနဲ့ လူတွေ ရောက်လာကြတယ်။ ရေခပ်ဖို့ ရေပုံးတွေ၊ လယ်ယာတွေကို တူးဆွ၊ ထွန်ယက်ဖို့ ကိရိယာ တန်ဆာပလာတွေနဲ့ပေါ့။ အဲဒီလိုနဲ့ပဲ မကြာခင် ဒန်ဟွမ်းမှာ အရာအားလုံး အံ့သြစရာ ဖြစ်လာတော့တယ်။ သီးနှံတွေ ရင့်မှည့်၊ သစ်သီးတွေ ကြီးထွားလာ၊ သစ်ပင်တွေလည်း တစ်ဖန်ပြန်လည် စိမ်းစိုလာတော့တယ်။ လူတွေဟာ တိမ်ဖြူနတ်သမီးရဲ့ကျေးဇူးတော်ကို ချီးကျူးဂုဏ်ပြုတဲ့အနေနဲ့ ခန့်ညားလှပတဲ့ ကျောင်းဆောင်တည်ဆောက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ နတ်သမီးရုပ်တုကိုလည်း ထုလုပ်ပြီး ရွှေချထားကြတယ်။ ကျောင်းဆောင်ဆောက်လို့ ပြီးသွားတော့

www.burmeseclassic.com

www.burmeseclassic.com





လူအများစုဝေးပြီး တိမ်ဖြူ နတ်သမီးရုပ်တုရှေ့မှာ အမွှေးတိုင်တွေ ထွန်းညှိပူဇော်ကြတယ်။ တိမ်ဖြူနတ်သမီးရဲ့ သနားကရုဏာတော်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပူဇော်ဆုတောင်းကြတာပေါ့။

ဒါပေမယ့် လူတွေ မေ့လျော့နေမိကြတာက လမ်းမတစ်နေရာအရင်က တည်ဆောက်ခဲ့ကြတဲ့ ကျောင်းတစ်ဆောင်ပါပဲ။ သဲနတ်ရဲ့ စံကျောင်းတော်ပေါ့။ တိမ်ဖြူနတ်သမီးရဲ့ကျောင်းတော် မတည်ဆောက်ခင်အချိန်ထိ လူတွေဟာ သဲနတ်ကို ပူဇော်ပသခဲ့ကြတယ်။ အဲဒီစံကျောင်းတော်က သဲနတ် စိတ်ကောင်းဝင်နေအောင် လုပ်ပေးထားတာပေါ့။ ဘာကြောင့်လဲဆိုတော့ သဲနတ်က လူတွေ ဒုက္ခရောက်အောင် လုပ်နိုင်တယ်လေ။ ကြောက်မက်ဖွယ် သဲမုန်တိုင်းတွေ ဖန်ဆင်းပြီး ရွာတွေကို ပျက်စီးအောင် လုပ်ပစ်နိုင်ပါတယ်။ အဲ သဲနတ်ကလည်း မိုးကြိုးနတ်လိုပဲ အနောက်ဘက်အရပ်ဆီ ရောက်နေတာတဲ့။ သူ အနှစ်သက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ကစားနည်းကတော့ ကန္တာရသဲပြင်ပေါ်မှာ ပုံဖော်ပါသတဲ့။ သဲတောင်ပို့ အသစ်တွေ အမျိုးမျိုးဖန်တီးပြီး လုပတဲ့ သဲလှိုင်းတွန့်တွေအဖြစ် ပုံဖော်ပါသတဲ့။ အိမ်အပြန်လမ်းမှာတောင် မနည်းလေး အခြေကျနေပြီဖြစ်တဲ့ အိမ်တွေကို သဲနဲ့ဖုံးပြီး ပျော်စရာကလေးတစ်ခု ထပ်ဆောင်းခဲ့ပါသေးတယ်။ အဲဒီအရပ်က လူတွေဟာ တစ်ခါတစ်ခါ သူ့ကိုပုံဖော်ပသဖို့ ပျက်ကွက်ခဲ့ကြတယ်လေ။ သူ့ကို မေ့လျော့ထားတာမျိုး ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ခွင့်မပြုနိုင်ဘူးတဲ့။ ကံကောင်းသွားတာက အဲဒီအရပ်က လူတွေဟာ သဲမုန်တိုင်းတိုက်ခတ်လာတာကို မြင်ပြီး အချိန်မီထွက်ပြေးနိုင်ခဲ့ကြတယ်။ ဒါပေမယ့် သူတို့အိမ်တွေကိုတော့ ရက်အတော်ကြာ တူးဖော်ပေရော့ပဲပေါ့။ သဲနတ် ဆန်ဝေတောင်ကို ပြန်ရောက်တော့ တိမ်ဖြူနတ်သမီးရဲ့စံကျောင်းသစ်ကို မြင်တွေ့သွားသတဲ့။ ဒီတော့ကာ ဒေါသအရမ်းထွက်တော့တာပေါ့။ ဒီနတ်သမီး ဒီမှာ ဘာလာလုပ်တာတုံး။ ဘယ်သူမှ ငါ့ကို မတိုင်ပင်ကြပါလား။ သူ့စံကျောင်းတော်မှာတော့ ဘာမှမရှိသလောက်။ သစ်သီးတွေ ဘာတွေမပူဇော်၊ အမွှေးတိုင်လေး တစ်ချောင်းတောင် မထွန်း။ အဘွားအိုကြီးနှစ်ယောက်သာ တတွတ်တွတ် ရွတ်ဆိုနေတာ တွေ့ရတယ်။ လမ်းမပေါ် မျှော်ကြည့်လိုက်တော့ တိမ်ဖြူနတ်သမီးရဲ့ခန့်ညားလှပတဲ့ ရွှေရောင်ရုပ်တုရှေ့မှာ လူတွေ ဝိုင်းအုံနေတာ တွေ့ရတယ်။ ဒီတော့ တစ်ခုခုတော့ လုပ်မှဖြစ်မယ်လို့ ဆုံးဖြတ်လိုက်သတဲ့။ သဲနတ်ဟာ ယမ်းပုံမီးကျ ဒေါသပုန်ထတော့တာပဲ။ မြေကို ဆောင့်နင်းပြီး ဒေါသတကြီး အော်ဟစ်ကြိမ်းဝါးလိုက်တယ်။

"တိမ်ဖြူနတ်သမီး၊ ဒါ ကျုပ်နေရာ။ အသင့်နေရာ မဟုတ်ဘူး။ ဒီ လူသားတွေ ရှိခိုးပူဇော်လာအောင် အလားကားသက်သက် မျက်ရည်တွေ ဘာလို့သွန်ချရတာတုံး။ ကဲ ဘယ်သူပိုစွမ်းသလဲ ကြည့်ကြရအောင်။ စောင့်သာကြည့်ကြပေရော့"

သဲနတ်ဟာ သဲတစ်ဆုပ်စာ ကောက်ယူပြီး မျက်ရည်စမ်းချောင်းလေး အဖျားမှာ ကျဲချလိုက်သတဲ့။ "ထလော့၊ ကြွလော့၊ သဲ"

ချက်ချင်းဆိုသလို သဲတောင်ကြီးတစ်တောင် ဘွားခနဲပေါ်လာသတဲ့။ တိမ်ဖြူနတ်သမီးရဲ့ မျက်ရည်စမ်းချောင်းကလေးကို မစီးနိုင်အောင် ပိတ်ဆို့တားဆီးလိုက်တော့တယ်။ တသွင်သွင်စီးနေတဲ့ စမ်းကလေးဟာ တဖြည်းဖြည်း နှေးသွားပြီး လုံးဝရပ်တန့် ခန်းခြောက်သွားတော့သတဲ့။

လူတွေဟာ စိတ်ပျက်လက်ပျက် အော်ဟစ်ငိုကြွေးကြတယ်။

"မိုးခေါင်နတ်ဆိုး ပြန်လာပဟေ့။ ရေတွေ အကုန်သောက်ပစ်လိုက်ပြီ

www.burmeseclassic.com





ဒါပေမယ့် ပြဿနာရဲ့ တကယ်အကြောင်းရင်းကို မသိကြဘူးပေါ့။ တိမ်ဖြူနတ်သမီးဟာ ရတ်ရတ်သဲသဲအသံတွေ ကြားသိပြီး လာရောက် ကြည့်ရှုတယ်။ သဲတောင်ကြီးကို မြင်တွေ့တဲ့အခါ သဲနတ်ရဲ့လက်ချက်ပဲလို့ အတပ်သိလိုက်တယ်။ ငါ့ရဲ့မှော်ပဋ္ဌလက်အစွမ်းကို သုံးရမယ်။ ဒါပေမယ့် လုပ်လို့ရမှာမဟုတ်ပါဘူး။ ဒါသူ့ပိုင်နက်ပဲ။ ငါ ဘာများအကူအညီပေးနိုင်မလဲ။ တိမ်ဖြူနတ်သမီးဟာ ခေါင်းငုံ့ပြီး တစ်ခဏ စဉ်းစားတယ်။ ခဏကြာတော့

''သိပြီ။ ကောင်းကင်ဘုံကိုးဆင့်ကို တက်ပြီး အကူအညီတောင်းမယ်''

ဒီလိုနဲ့ ဘုံကိုးဆင့်အရှင်မနဲ့ တွေ့ဆုံပြီး နတ်နန်းတော်မှာ စကားပြောဆိုကြသတဲ့။ ဘုံကိုးဆင့်အရှင်မက

''ဒီကို အရောက်လာတာ ကိစ္စက အတော်အရေးကြီး တယ်ထင်ပါရဲ့''

www.burmeseclassic.com

www.burmeseclassic.com



လို့ နှုတ်ခွန်းဆက်စကား ပြောပါတယ်။ တိမ်ဖြူနတ်သမီးက လေးလေးစားစား လျှောက်တင်လိုက်တယ်။

''ကျွန်တော်မျိုးမ တစ်စုံတစ်ရာ ငှားရမ်းလို့ရနိုင်ပါသလား အရှင်မ''

''ဘာများလဲကွယ်''လို့ ဘုံကိုးဆင့်အရှင်မက မေးတယ်။

''လစန္ဒာကို ငှားရမ်းချင်ပါတယ် အရှင်မ''

''လစန္ဒာ ဟုတ်လား။ လစန္ဒာကို ဘာကြောင့်များ ငှားရမ်းချင်တာလဲ ကွယ်''

''သဲနတ်က နိုင်လိုမင်းထက် ပြုမူနေပါတယ်။ လူသားတွေ အပေါ်မှာလည်း ဒုက္ခရောက်အောင်လုပ်နေပါတယ် အရှင်မ''

''ကောင်းပြီ။ လူသားတွေကို အကူအညီပေးခဲ့တာကိုတော့ သိပြီးပြီလေ။ ဒီတော့ အရှင်မက ထောက်ပံ့ကူညီသင့်တာပေါ့။ ဒါပေမယ့် လစန္ဒာက အခုမှ ငါးရက်မြောက်နေ့ပဲ ရှိသေးတယ်ကွယ့်။ မပြည့်ဝိုင်းသေးဘူးလေ''

လဆန်းစပဲရှိသေးပေမယ့် နှစ်လိုဖွယ် သိမ်မွေ့လှတဲ့ လခြမ်းကွေးကွေး လေးဟာ ဘော်ငွေရောင်တောက်ပနေရဲ့။

''ကိစ္စမရှိပါဘူး အရှင်မ။ ကောင်းကောင်း လုပ်နိုင်မှာပါ''လို့ တိမ်ဖြူနတ်သမီးက လျှောက်တင်လိုက်တယ်။ အဲဒီလိုနဲ့ တိမ်ဖြူနတ်သမီးဟာ တောက်ပတဲ့ လခြမ်းကွေးကွေးလေးကို လက်နှစ်ဖက်နဲ့ယူဆောင်ပြီး အလျင်အမြန် ပြန်လည်သက်ဆင်းခဲ့တယ်။ မြေပြင်ပေါ်က စံကျောင်းလေးဆီ ရောက်တော့ လစန္ဒာကို မြေပြင်ပေါ် ဂရုတစိုက်ချလိုက်တယ်။ လစန္ဒာဟာ မြေပြင်ပေါ်မှာ ရေလှိုင်းကလေးတွေထနေတဲ့ ကန်ကလေးအသွင် ရုတ်ချည်းပြောင်းလဲသွားသတဲ့။ လခြမ်းကွေးသဏ္ဌာန် ချစ်စဖွယ်ရေကန်လေးပဲပေါ့။ လူသားတွေ အံ့သြဝမ်းသာသွားကြတယ်။

''ဒီကန်ကလေးကို လခြမ်းကွေးကန်လို့ ခေါ်ကြစို့''လို့ တစ်ယောက်က ပြောဆိုတော့ အားလုံးက ''ဟုတ်တယ်၊လခြမ်းကွေးကန်ကလေးပေါ့''လို့ လက်ခုပ်သြဘာပေးလိုက်ကြသတဲ့။ သဲနတ်ဟာ ဒေါသတကြီး အာခေါင်ခြစ်ပြီး မှုတ်ထုတ်နေလိုက်တာ ပါးစပ်က အမြှုပ်ထွက်မတတ်ပါပဲတဲ့။ ကန်ကလေးကို ဖုံးအုပ်ပစ်ဖို့ သဲတွေကို အသည်းအသန် မှုတ်ထုတ်နေတော့တယ်။ ဒါပေမယ့် ဘုံကိုးဆင့်အရှင်မက ဒီအဖြစ်အပျက်ကို မြင်တော်မူတဲ့အခါ ရယ်မောပြီး သူမရဲ့ ပိုးသားအကျီရှည် လက်အနားစကို ဝှေ့ယမ်းလိုက်သတဲ့။ ဒီအခါမှာ လေညင်းတွေတိုက်ခတ်ပြီး သဲနတ်ရဲ့သဲတွေကို လွင့်စင်သွားစေတာပေါ့။

နောက်ဆုံးတော့ သဲနတ်ဟာ သူ ဒီလိုလုပ်နေတာ အလဟဿ

www.burmeseclassic.com

www.burmeseclassic.com



အချိန်ဖြုန်းနေတာပဲလို့ သဘောပေါက်သွားပြီး ငြိမ်သက်သွားတော့တယ်။ လခြမ်းကွေးကန်ကလေးဟာ ပြန်လည် အေးချမ်းတည်ငြိမ်သွားပြီပေါ့။ အဲဒီနောက်မှာတော့ ဘုံကိုးဆင့်အရှင်မဟာ နောက်ထပ် ငွေလကလေးတစ်ခု ကောင်းကင်မှာ တင်ထားလိုက်တယ်။ ဒါကြောင့် ငွေလကလေးဟာ လခြမ်းကွေးကန်ကလေးရဲ့ ရေပြင်ပေါ်မှာ ထင်ဟပ်နေတဲ့ သူ့အရိပ်ကို ပြန်ငုံ့ကြည့်ပြီး ပြုံးပါသတဲ့။ သဲနတ်ဟာ အဲဒီကန်ကလေးကို ဖုံးအုပ်ပစ်ဖို့ အဖန်တလဲလဲ ကြိုးစားခဲ့တယ်။ ဒါပေမယ့် သဲမုန်တိုင်းတွေ တိုက်ခတ်လာတဲ့အခါတိုင်း ဘုံကိုးဆင့်အရှင်မကလည်း သဲတွေလွင့်စင်သွားအောင် ပိုးသားအင်္ကျီရှည် လက်နားစကို ဝှေ့ယမ်းပြန်တာပေါ့။

အခုတိုင်အောင် သဲနတ် စိတ်ဆိုးတဲ့အခါတွေမှာ သဲတွေ တဝေါဝေါ မြည်ဟိန်းသံ ကြားနိုင်ပါသေးတယ်။ ဒီအခါမှာ ဒန်ဟွမ်းက လခြမ်းကွေးကန်ကလေးကို သဲတွေ ဖုံးလွှမ်းမသွားအောင် ဘုံကိုးဆင့်အရှင်မက သူ့အင်္ကျီလက်ရှည်စကို ဝှေ့ယမ်းပြီး သဲတွေလွင့်စင်သွားအောင် လုပ်ပစ်မြဲဖြစ်တာကိုလည်း တွေ့မြင်နိုင်ပါတယ်။

ဖ ဖ ဖ ဖ

www.burmeseclassic.com

www.burmeseclassic.com

၄

# တာကလာမာကန်က
# မကောင်းဆိုးဝါးများနဲ့နဂါးများ

အခုဆို ကျွန်ုပ်တို့သဲကန္တာရကို ဖြတ်သွားနေပြီပေါ့။ အိုအေစစ်တွေရှိရာ မြို့တစ်မြို့ကနေ ခရီးဆက်ခဲ့ကြတယ်။ ကန္တာရခရီးသွားတွေအနေနဲ့ သဲကန္တာရကိုတင် ကြောက်ကြတာမဟုတ်ပါဘူး။ လူဆိုးတွေရဲ့ရန်ကိုလည်း ကြောက်လန့်ကြရတယ်။ ဓားပြတွေဟာ သူတို့ တိုက်ခိုက်လုယက်မယ့် ခရီးသည်အုပ်စုတွေကို ချောင်းမြောင်းရှာဖွေတတ်ကြတယ်။ သူတို့ရှိတဲ့ လမ်းကြောင်းထဲ ဘယ်လိုကုန်စည်တွေ၊ ဘယ်အချိန်မှာ ဖြတ်သန်းသွားလိမ့်မယ်ဆိုတာ လက်ထောက်ချမယ့် သတင်းပေးတွေလည်း ရှိကြတယ်။ ပြီးတော့ ပိုးလမ်းမတစ်လျှောက်က ဓားပြတွေဟာ မှော်ဆရာတွေလည်း ဖြစ်တယ်လို့ လူတွေကပြောကြတယ်။ ခရီးသည်တန်းကြီးအပေါ် အမှောင်ကျရောက်စေမယ့် မန္တာန်တွေ တတ်မြောက်ထားကြပါသတဲ့။ ဒါပေမယ့် ကျွန်ုပ်နဲ့အတူရှိနေရင် သင် ဘေးအန္တရာယ်ကင်းပါလိမ့်မယ်။ ကျွန်ုပ်ရဲ့ပိုးချည်မျှင်တွေက ကျွန်ုပ်တို့ကို ဘေးမသီ ရန်မခ သယ်ဆောင်သွားမှာပါ။

ခရီးသည်အများစုဟာ ညဘက်မှာ ခရီးသွားတယ်လေ့ရှိတယ်။ ညမှာက နေ့ခင်းထက် အပူသက်သာတယ်လေ။ ခရီးသည်အုပ်စုရဲ့ ခေါင်းဆောင်တွေဟာ ကြယ်တွေကို ကြည့်ပြီး ခရီးလမ်းကြောင်းကို သိရှိကြတယ်။ ဒီကန္တာရခရီးမှာ အုပ်စုမကွဲဘဲ အတူတကွသွားဖို့ကလည်း အရေးကြီးပါတယ်။ ဒါကြောင့် ညဘက်မှာ ခရီးသွားဖို့အတွက်နေမဝင်ခင် သုံးနာရီလောက်အလိုမှာ အိပ်စက်

www.burmeseclassic.com

www.burmeseclassic.com



နေသူတွေကို အချက်ပေး ခေါ်နိုးတတ်ကြတယ်။ အအိပ်လွန် ကျန်ရစ်သူတွေ အတွက်တော့ အမီလိုက်နိုင်ဖို့ လမ်းအမှတ်အသားတွေ ထားရစ်ခဲ့ကြပါတယ်။

ဒါပေမယ့် အဲဒါက အမြဲတမ်းတော့ အလုပ်မဖြစ်ဘူး။ ဟောဟိုမှာ ကြည့်လေ။မြေပြင်ပေါ်မှာ အရိုးတွေ တွေ့ရမယ်။ အဲဒီအရိုးတွေဟာ သဲကန္တာရ ထဲမှာ လမ်းပျောက်ခဲ့ကြသူတွေ ဖြစ်မှာပဲ။ ပြီးတော့ ကြပ်ကြပ်သတိထားရမှာက သင့်ကိုလမ်းလွှဲရောက်စေမယ့် မကောင်းဆိုးဝါးတွေနဲ့ နတ်ဆိုးတွေပါပဲ။ သူတို့က သင့်ကို အော်ခေါ်လိမ့်မယ်။ သင့်မိတ်ဆွေတွေလိုလို ဘာလိုလိုပေါ့။ သင်က နောက်မှာကျန်ခဲ့ပြီး ခရီးသည်တန်းကြီးကို ရှာဖွေနေတဲ့အခါ အဝေးက ခြေသံတွေကြားရမယ်။ ဒီတော့ သင်က သင့်အဖွဲ့ကိုမီအောင် အပြင်းနှင်မယ်ပေါ့။ အသံကြားရာနေရာကိုလည်း ရောက်ရော လမ်းပျောက်နေပြီဆိုတာ သင်တွေ့လိမ့်မယ်။ ပူပြင်းလှတဲ့ သဲကန္တာရအလယ်မှာ သင်တစ်ယောက်တည်း၊ မကောင်းဆိုးဝါး တစ္ဆေသရဲတွေကတော့ ရယ်မောရင်း ပျောက်ကွယ်သွားကြပြီပေါ့။

သဲကန္တာရဟာ မျက်စိအမြင်ကိုလည်း လှည့်စားတတ်ပါသေးတယ်။ အိုအေစစ်တစ်ခု၊ ဒါမှမဟုတ် မြို့တစ်မြို့ဆီ ဦးတည်သွားနေတဲ့ ခရီးသည်တန်းကြီးတစ်ခု ရိပ်ခနဲ မြင်ရတတ်ပါတယ်။ သေသေချာချာကြည့်တော့ ဘာမှမမြင်ရတော့ပြန်ဘူး။ တဲလျှပ်သက်သက်ပါပဲ။ တာကလာမာကန် သဲကန္တာရရဲ့ အရှေ့ဘက်အစပ်မှာ ကန္တာရမြေ *လော့ပ်နော* ဆိုတာ ရှိတယ်။ ကျော်ကြားလှတဲ့ မဟာခရီးသည်ကြီး *မာကိုပိုလို* ဒန်ဟွမ်းကို သွားရာလမ်းမှာ ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရတဲ့နေရာပေါ့။ တစ်ခါကတော့ ဒီနေရာမှာ *လိုလန်း* လို့အမည်ရတဲ့ ရှင်သန်စည်ကားတဲ့ မြို့တစ်မြို့ ရှိခဲ့တယ်။ ဒါပေမယ့် မြို့အနီးက ရေကန်ဟာ ဆားငန်စိမ့်မြေ ဖြစ်သွားပြီးနောက် မကောင်းဆိုးဝါး သရဲတွေနဲ့ နဂါးတွေ ကြီးစိုးရာအရပ် ဖြစ်သွားခဲ့ပါသတဲ့။ နေရာအနှံ့မှာ ကြောက်မက်ဖွယ် သဲမုန်တိုင်းတွေကို တိုက်ခတ်စေနိုင်တဲ့ နတ်ဆိုးတွေရှိတယ်။ ဒန်ဟွမ်းမှာ အဲဒီနတ်ဆိုးမျိုးတွေအကြောင်း တို့တွေ ကြားသိခဲ့ကြရပြီးပြီလေ။ တံတိုင်းတွေ ကာရံထားတဲ့ မြို့တစ်မြို့မှာတောင် ရတ်တရက်ဆိုသလို သဲတွေ မိုးပေါ်က ကျလာပြီး ဒေသခံတွေအားလုံး သေကြေပျက်စီးကြရတာတွေ ရှိတယ်။ တာကလာမာကန် သဲကန္တာရထဲမှာ ပျောက်ဆုံးသွားတဲ့မြို့တွေ အများကြီးရှိခဲ့ဖူးတာပေါ့။ တစ်ခါက *ကာတက်ခ်* ဆိုတဲ့မြို့ဟာ နာရီအနည်းငယ်အတွင်း သဲတွေ အောက် ရောက်သွားခဲ့ရဖူးပါသတဲ့။ ဒေသခံတွေဟာ နတ်တွေကို ပူဇော်ပသဖို့ ပျက်ကွက်မေ့လျော့နေခဲ့ကြတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



ကဲ ...ဒါဆိုရင် ခရီးသွားတွေအနေနဲ့ ဗုဒ္ဓရုပ်ပွားတော်တွေကို ဘာကြောင့် ဝတ်ပြု ပူဇော်၊ ဆုတောင်းကြသလဲဆိုတာ သိလောက်ရောပေါ့နော်။ ကျွန်ုပ်တို့ နောက်အိုအေစစ်တစ်ခုကို ရောက်ပါပြီ။ ကုန်သည် အစုအစုတွေ အတူတကွ ဝိုင်းထိုင်ပြီး လမ်းပန်းခရီးလုံခြုံမှုအတွက် ဆွေးနွေးတိုင်ပင်နေကြတာ တွေ့ရမယ်။ သူတို့တွေဟာ အရှေ့နဲ့အနောက် အလှမ်းကွာဝေးလှတဲ့ နိုင်ငံတွေ၊ မြို့တွေကနေ ဒီကို ရောက်လာကြတာပေါ့။ ပါရှားကလာတဲ့ ကုန်သည်ကြီးတစ်ဦးမှာ ပြောစရာပုံပြင် ဇာတ်လမ်းတစ်ပုဒ် ရှိနေတယ်။ ဒီအရပ်က ပုံပြင်ဇာတ်လမ်းပါပဲ။ ဒါပေမယ့် ဒီပုံပြင်က နားထောင် နေသူတွေကို ပျော်ရွှင်ကြည်နူးစေလိမ့်မယ်လို့တော့ သိပ်မထင်ဘူး။

၀ ၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

# ညှို့ယူဖမ်းစားတဲ့ဥယျာဉ်

လပြည့်ညတစ်ညမှာပေါ့။ လုလင်ပျိုမာဟန်ဟာ အပေါင်းအဖော်တွေနဲ့အတူ ပျော်ပွဲရွှင်ပွဲတစ်ခုကို သွားခဲ့တယ်။ သူဟာ အပျော်အပါးခုံမင်သူတစ်ယောက်ပေါ့။ သောက်စားမှုးယစ်ရတာကိုလည်း အင်မတန် နှစ်သက်ပါသတဲ့။ ဒီလိုနဲ့ သူတို့တွေ သောက်စားပွဲ တစ်ခုကနေတစ်ခု ကူးပြီး အပျော်ကျူးလိုက်ကြတာ မာဟန်လည်း ချာချာလည်မူးရော ဆိုပါတော့။

''လေကောင်းလေသန့်လေး နည်းနည်းတော့ ရှူဦးမှဖြစ်မယ်''ဆိုပြီး မာဟန်ဟာ ပေပင်တောထဲ ဒယိမ်းဒယိုင် လျှောက်သွားတယ်။

''အို ...အို ...သိပ်လှတဲ့ လပြည့်ဝန်းကြီး''လို့ လက်နှစ်ဖက်ကို မြှောက်ပြီး ဟန်ပါပါရေရွတ်လိုက်တယ်။ အဲဒီအခိုက်မှာပဲ သူ့အနားက 'ဒီ



www.burmeseclassic.com

www.burmeseclassic.com





မယ်မိတ်ဆွေ'လို့ ခေါ်သံကြားလိုက်ရသတဲ့။ မာဟန်ဟာ လိပ်ပြာလွင့်တော့မလောက် ထိတ်လန့်သွားမိတာပေါ့။ သူ့နံဘေးမှာ လူတစ်ယောက်တဲ့။ ဝတ်စားဆင်ယင်ပုံကြည့်ရတာ ကြွယ်ဝချမ်းသာတဲ့ ကုန်သည်တစ်ဦး ဖြစ်ပုံရတယ်။ အဲဒီလူက ...

''မိတ်ဆွေ ကျုပ်ကို ကူညီနိုင်လိမ့်မယ်လို့ မျှော်လင့်မိတယ်ဗျာ။ ကျုပ်က ဒီမြို့ကို ရောက်လာမယ့် ကျုပ်ရဲ့ကုန်တွေကို စောင့်နေတာလေ။ ကုန်ပစ္စည်းတွေ တနင့်တပိုးပဲဗျို့။ အဲဒါတွေ ညတွင်းချင်း မြို့ထဲရောက်အောင် အကူအညီပေးမယ်ဆိုရင်တော့ ကျုပ်အမြတ်အစွန်းတွေ ခင်ဗျားကို ခွဲဝေပေးပါ့မယ်။ ခင်ဗျားသိတဲ့အတိုင်း မြို့တံခါးက ပိတ်သွားပြီလေ။ အစောင့်တွေက ဝင်ခွင့်ပြုကြမှာမဟုတ်ဘူးဗျ။ အဲ ခင်ဗျားက မြို့ခံလူဆိုတော့ အစောင့်တွေ တံခါးဖွင့်ပေးအောင် ပြောလို့ရမှာပဲ''လို့ ပြောသတဲ့။

မာဟန်ဟာ အံ့အားသင့်သွားတာပေါ့။

''ကူညီနိုင်၊ မကူညီနိုင်တော့ မသိဘူး။ ကျွန်တော်တောင် သူတို့တံခါးဖွင့်ချိန် ရောက်တဲ့အထိ ဒီမှာပဲနေရမှာ။ ဒါပေမယ့် ခင်ဗျားရဲ့အမြတ်အစွန်းတွေ ခွဲဝေပေးမယ်လို့ ခင်ဗျား ပြောလိုက်သလားလို့''

ဒီတော့ လူစိမ်းက ခေါင်းညိတ်တယ်။

''ဟုတ်တယ်လေ။ ခင်ဗျား ရွှေတွေ အိတ်လိုက် အိတ်လိုက်ရမှာနော်။ ကျုပ်ရဲ့ကုန်သည်အုပ်စု ဒီညတစ်ညလုံး မြို့ပြင်မှာ စခန်းချရရင်တော့ ဓားပြတွေလာတိုက်မှာ စိုးရတယ်''

www.burmeseclassic.com

www.burmeseclassic.com



ရွှေတွေ အိတ်လိုက်၊ အိတ်လိုက်ဆိုပဲ။ မာဟာန်ရဲ့အာရုံထဲမှာ ဒင်္ဂါးပြားတွေ တချွင်ချွင် ကခုန်နေကြပြီပေါ့။

''ဟုတ်ပြီလေ။ ကျုပ် ကြိုးစားကြည့်ပါမယ်''လို့ မာဟာန်က ပြောလိုက်တယ်။

''ကောင်းဗျာ၊ လာ လိုက်ခဲ့ပေတော့''လို့ လူစိမ်းက မာဟာန့်ကိုခေါ်သွားသတဲ့။

လူစိမ်းက ရှေ့ကနေ ခပ်မြန်မြန် လျှောက်သွားတယ်။ မာဟာန်ဟာ သူ့ကိုမီအောင် အပြေးလိုက်ရတာပေါ့။ နာရီအတော်များများကြာလာတော့ မာဟာန်လည်း ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းမသိအောင် လမ်းပျောက်သွားတယ်။

နောက်တစ်နေ့ မနက်အရုဏ်တက်တော့ သူ့အနီးဝန်းကျင်မှာ လှည့်ပတ်ရှာဖွေကြည့်မိတယ်။ သူ့ကို ခေါ်လာတဲ့ကုန်သည်ကို လုံးဝ မတွေ့တော့ဘူးတဲ့။ ဒီအခါမှာ သူဟာ အလွန့်အလွန် မောပန်းနေပြီမို့ မြေပြင်ပေါ်လှဲချပြီး အိပ်မောကျသွားတော့တယ်။

နိုးလာတော့ စူးရှတောက်ပတဲ့ နေရောင်ခြည်တွေ သူ့အပေါ်ကို ထိုးကျနေသတဲ့။ သူ ဝေါက်ခနဲ ထထိုင်လိုက်တယ်။ ဘယ်ရောက်နေပါလိမ့်။ သူ့ပတ်လည်လည်မှာ ကျတ်တီးကုန်းမြေ။ ဟိုဟိုဒီဒီမှာတော့ ကျောက်သားကမူလေးတွေ။ အရိပ်ခိုစရာရှာကြည့်တော့ ဂူပေါက်သေးသေးလေးတွေပဲ တွေ့ရတယ်။ ဒါပေမယ့် အဲဒီဂူပေါက်တွေထဲမှာ တရှဲရှဲအသံပေးပြီး လူးလွန့်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေတဲ့ မြွေဆိုးတွေ ရှိနေသတဲ့။

မာဟာန်ဟာ အဲဒီနေရာကနေ ထွက်ခွာခဲ့တယ်။ ရေလည်းငတ်၊ ဆာက လည်းဆာနဲ့ပေါ့။ ဒါပေမယ့် စားစရာသောက်စရာဆိုလို့ ဘာမှမရှိဘူး။ ညနေ စောင်းတော့ ဟိုးအဝေးမှာ လူရိပ်နှစ်ခု လှမ်းမြင်ရသတဲ့။ မာဟာန်ဟာ သူတို့ဆီ အပြေးအလွှားသွားတဲ့အခါ အဘိုး၊ အဘွားစုံတွဲ ဖြစ်နေပါသတဲ့။ ပါးရေနား ရေတွေ တွန့်နေတဲ့ သူတို့မျက်နှာတွေက ကြင်နာသနားတတ်ပုံရပါတယ်။ တစ်ဦးကိုတစ်ဦး လက်တွဲပြီး ကန္တာရထဲမှာ ခရီးသွားနေကြတာလေ။

''အဖေနဲ့ အမေတို့ ခင်ဗျား၊ ကယ်ကြပါဦး။ ကျွန်တော် လမ်းပျောက် နေလို့ပါ''လို့ မာဟာန်က ပြောလိုက်တယ်။ သူ ဘယ်နည်းဘယ်ပုံ ဒီနေရာကို ရောက်လာခဲ့တယ်ဆိုတာ ဖြစ်ကြောင်းကုန်စင်ပြောပြတာပေါ့။

အဘိုးအိုနဲ့ အဘွားအိုက မာဟာန်ရဲ့စကားကို ကြားရတော့ စိုးရိမ် သွားကြပုံရတယ်။ အဘွားအိုက ပြောတယ်။

''ငါ့သားတော့ အလှည့်စားခံရတာပဲကွယ့်။ အဲဒီကုန်သည်ဆိုတာ သဲကန္တာရထဲက မကောင်းဆိုးဝါးကောင်ပါပဲ။ သူတို့ရဲ့ တစ္ဆေတိုင်းပြည်ကို ခေါ်လာတာပေါ့။ အမေတို့နဲ့ လိုက်ခဲ့လေ။ မင်းအတွက် ဘေးအန္တရာယ် မရှိ ပါဘူး။ ဟောဒီ မှော်မန္တာန်ကိုတော့ မှတ်ထားကွယ့်။ အရေးအကြောင်းဆို မင်းကို ကာကွယ်ပေးလိမ့်မယ်''

အဘွားအိုက မာဟာန်ရဲ့နားနားကို ကပ်ပြီး တိုးတိုးပြောတယ်။ အဲဒီလိုနဲ့ မာဟာန်တစ်ယောက် အဘိုးအို၊ အဘွားအိုစုံတွဲနောက်ကနေ တစ်ညလုံးလျှောက် လိုက်ခဲ့တာပေါ့။ နောက်တစ်နေ့နံနက် မိုးသောက်တော့ မြင်ကွင်းတစ်ခုကို သူတွေ့လိုက်ရတယ်။ သဲကန္တာရမဟုတ်ဘဲ စိမ်းစိမ်းစိုစို သစ်ပင်တွေနဲ့ ရွာ တစ်ရွာပေါ့။ မနက်စောစော မီးခိုးတလူလူ လွင့်လို့။ ကြက်ကလေးတွေ၊ ဆိတ်တွေ လမ်းပေါ်မှာ ရှိနေတယ်။ လူတွေက ဥယျာဉ်တွေထဲမှာ အပင်တွေ ကို ရေလောင်းနေကြတယ်။

ကောင်းကင်မှာတော့ မြူတွေဆိုင်းနေတုန်းပဲ ရှိသေးတယ်။ ဒီကနေ့ဟာ သာယာတဲ့ နေ့တစ်နေ့ဖြစ်မှာ အသေအချာပါပဲ။ မာဟာန်ဟာ ဝမ်းသာအားရ လက်ခုပ်လက်ဝါးတီးပြီး ရွာကလေးရှိရာဆီ အပြေးသွားတော့တယ်။ ဒါပေမယ့် ရွာနားကိုလည်း ရောက်ရော နှင်းမြူတွေ ထူထပ်လာပြီး ဘာမှကို မမြင်ရ တော့ဘူးတဲ့။ ဒီလိုနဲ့ မြူတွေကြားကနေ သူဆက်သွားပြန်တော့ တစ်နေ ရာအရောက်မှာ ရုတ်တရက် နှင်းမြူတွေကင်းရှင်း ကြည်လင်သွားပြန်ပါရော။

မာဟာန်ဟာ မျက်စိပေကလပ်ပေကလပ်လုပ်ပြီး ရပ်ကြည့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့နားမှာ ဘာရွာမှရှိမနေပါဘူး။ ဒီတစ်ခါလည်း သူ အလည့်စားခံရပြန်ပြီလေ။ အဘွားအို သင်ပေးလိုက်တဲ့ မှော်မန္တာန်ကို ရွတ်ဆိုကြည့်ပေမယ့် ဘာမှမထူးပါဘူး။ တကယ်တော့ ဒီနေရာမှာ ကျောက်တုံးကျောက်ခဲတွေက လွဲလို့ ဘာမှကိုရှိမနေတာပါပဲ။ မာဟန်ဟာ လျှို့ထဲမှာ တစ်ယောက်တည်း ရပ်နေမိတယ်။ စားစရာ သောက်စရာလည်းမရှိတော့ ကျောက်တုံးတွေကြားက မြေကြီးကို တူးဆွတော့တာပေါ့။ သူ့လက်နှစ်ဖက်နဲ့ ယက်ပြီးတူးလိုက်တာ သွေးတွေတောင် စို့လာတော့တယ်။ နောက်ဆုံးတော့ သစ်မြစ်ခြောက်တွေ တွေ့ရလို့ ဝါးစားကြည့်မိသတဲ့။

အဲဒီအချိန်မှာပဲ ကျောက်တုံးကျောက်သားတွေပေါ် ခုန်းစိုင်းလာတဲ့ မြင်းခွာသံတွေ ကြားလိုက်ရတယ်။ လူတစ်ယောက် မြင်းစီးပြီးလာနေတာ တွေ့ရတယ်။ သူ့နောက်မှာ တခြားမြင်းတစ်ကောင်ကိုလည်း ဆွဲလာသတဲ့။

''မိတ်ဆွေ၊ ဘာလုပ်နေတာတုံး''လို့ မြင်းပေါ်က လူက မေးတယ်။ မာဟန်က သူ့ စွန့်စားခန်းတွေကို ပြောပြပြန်တာပေါ့။ ဒီတော့ မြင်းပေါ်ကလူက

''ခင်ဗျား လှည့်စားခံရတာပဲ။ အဲဒါ ရိုးရိုးလူတွေ မဟုတ်ဘူးဗျ။ မကောင်းဆိုးဝါးတွေ။ သူတို့ ခင်ဗျားကို ရွတ်ပြတဲ့မန္တာန်က ခင်ဗျားကို ညို့လိုက်တာပေါ့။ ကဲ ဟောဒီမြင်းပေါ် တက်ပေတော့ဗျို့။ ကျုပ်တို့ ဒီကနေ ထွက်သွားကြရအောင်''

သူတို့နှစ်ဦး မြင်းကိုယ်စီနဲ့ ခရီးနှင်နေတုန်း မာဟန့်နားထဲမှာ ထူးဆန်းတဲ့ တိုးတိုးသဲ့သဲ့ အသံတစ်သံ ကြားလိုက်ရတယ်။ အရိုင်းဆန်တဲ့ ဂီတသံလိုလို ဘာလိုလိုပေါ့။ တဖြည်းဖြည်း ကျယ်သထက်ကျယ်လာပြီး လမ်းကွေ့တစ်ခု အရောက်မှာ ဘွားခနဲ မကောင်းဆိုးဝါးတွေ တစ်သီတစ်တန်းကြီး ရင်ဆိုင်တိုးမိတော့တယ်။ သူ့စိတ်ကူးထဲမှာ မှန်းကြည့်ဖူးတာထက်ကို အများကြီး ပိုကြောက်မက်ဖွယ်ကောင်းသတဲ့။ ဆင်လိုနှာမောင်းတွေ၊ နွားသိုးရဲ့ ချိုမျိုးတွေ ရှိကြတယ်။ အော်ဂလီဆန်ချင်စရာ စိုတိုတို ချွဲကျိကျိ ခန္ဓာကိုယ်တွေနဲ့တဲ့။ သူတို့ပါးစပ်တွေမှာလည်း မီးတုတ်တွေ ကိုက်ချီထားကြတယ်။ စီစီညံညံ အသံတွေ ပွက်ပွက်ညံနေလေရဲ့။

မာဟန်ရဲ့မြင်းဟာ ရုတ်တရက်ပတတ်ရပ်လိုက်တယ်။ ဖြုန်းဆို ဦးခေါင်းခုနစ်လုံးနဲ့ နဂါးတစ်ကောင် ဖြစ်သွားသတဲ့။ အကြေးခွံတွေ တလက်လက်၊ သားရေလို မာကြမ်းကြမ်း အတောင်ပံကြီးနှစ်ခု ရှိတယ်။ ဆူးချွန်တွေ ထိုးထိုးထောင်ထောင်နဲ့ အမြီးက မြေကြီးပေါ်မှာ လူးလွန့်ရိုက်ခတ်လို့ပေါ့။

မာဟန်ဟာ ကြောက်လွန်းလို့ သတိလစ်မေ့မျောသွားမတတ်ပါပဲ။ နဂါး

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ပေါ်က ခုန်ဆင်းဖို့ ကြိုးစားပေမယ့် နောက်ကျသွားပြီလေ။ နဂါးက ရှူးရှူးရှရှ တစ်ချက်အော်မြည်ပြီး တောင်ပံခတ် ပျံတက်သွားတော့တယ်။ မာဟန်ဟာ နဂါးရဲ့ကျောပေါ်မှာ ချာချာလည် မူးဝေပြီး ဘယ်အရပ်ဆီသွားနေသလဲဆိုတာ မသိတော့ဘူးပေါ့။ ဒါပေမယ့် ပြုတ်မကျအောင် နဂါးကိုယ်လုံးကို အတင်းဖက် တွယ်ထားရရှာသတဲ့။ အဲဒီလိုနဲ့ ညရောက်တဲ့အထိ တစ်ညလုံး နဂါးကျော ပေါ်မှာ စီးနင်းလိုက်ပါနေရတော့တယ်။

အဝေးက တောင်တန်းတွေပေါ်မှာ အရုဏ်ရောင်နီလင်းတော့မှ မြေပြင် ကို ဆင်းသက်တော့တယ်။ နဂါးဟာ မာဟန့်ကို ကျောပေါ်က ခါချပြီး လက် သည်းတွေနဲ့ ကုတ်ခြစ်ပြန်သတဲ့။ မာဟန်တစ်ယောက် ရှောင်ရ၊ တိမ်းရနဲ့ မောပန်းလာတော့တာပေါ့။ နာကျင်မောပန်းပြီး လဲကျ အိပ်ပျော်သွားတော့ တယ်။

အိပ်ရာက နိုးလာတော့ နှစ်သက်ကြည်နူးဖွယ်မြင်ကွင်းက သူ့ကို ဆီးကြိုနေပြန်ရဲ့။ သူဟာ အေးမြတဲ့ သစ်သီးခြံတစ်ခြံထဲမှာ လဲလျောင်းနေတာ ပါကလား။ သူ့အပေါ်မှာ အသီးတွေ ပွတ်ခဲနေတဲ့ မက်မွန်ကိုင်းတွေက ဖိတ်ခေါ်နေတော့တယ်။ မာဟန်ဟာ ခုန်ထပြီး မက်မွန်သီးတွေကို ခူးဆွတ်၊ ပါးစပ်ထဲ ထိုးသိပ်ထည့်တော့တာပေါ့။ မက်မွန်သီး အရည်တွေတောင် သူ့ ပါးစပ်ကနေ စီးကျကုန်တော့တယ်။

''ဟေ့ မင်း ဘာလုပ်နေတယ် ထင်သလဲကွ။ ငါ့မက်မွန်သီးတွေကို ခိုးနေတာကွ၊ ခိုးနေတာ''

အဲဒီအသံတွေနဲ့ အဘိုးအိုတစ်ယောက် တုတ်ကို ယမ်းပြီး မာဟန် ရှိရာဆီ ပြေးလာသတဲ့။ မာဟန်က ပလုတ်ပလောင်း ဝါးရင်း ပြန်ပြောတယ်။

''ခွင့်လွှတ်ပါ အဘိုး''ဆိုပြီး သူဟာ အစာရေစာ ဘယ်လောက်တောင် ငတ်မွတ်နေတယ်ဆိုတာ ရှင်းပြတယ်။ ဒီတော့ အဘိုးအိုက ''ကဲ စားချင် သလောက်သာ စားပေရှော့။ ပြီးတော့ ဒီမှာ ခဏနားဦးပေါ့''

လို့ ပြောပြီး မက်မွန်သီးတွေကို လှုပ်ခါ ချွေချပေးသတဲ့။ ပြီးတော့ သူ့မှတ်ဆိတ်ကို သပ်ရင်း မာဟန့်ကို ပြောတယ်။

''ငါ့မှာ သားတစ်ယောက်မှ မရှိဘူးကွယ့်။ အခုတော့ ဖြုန်းဆို မင်း ရောက်လာတာပဲ။ ဒါ ဘုရားသခင်က ပို့လိုက်တာနေမှာ။ ဒီတော့ ငါ မင်းကို သားအဖြစ်မွေးစားမယ်ဆိုရင် ဘယ်နှယ့်လဲ။ ငါသေရင် ငါ့မှာရှိသမျှ မင်းရမှာ နော်''

မာဟန်ဟာ သူ့ကံကြမ္မာကို သူမယုံနိုင်အောင် ဖြစ်ရတယ်။ စိတ်ထဲ

www.burmeseclassic.com



လက်ပါ သဘောတူလိုက်တာပေါ့။ ဒီတော့ အဘိုးအိုက . . .

"တစ်ခုတော့ ရှိတယ်။ မင်း ဒီခြံထဲမှာ တစ်ညနေရမယ်။ တစ်ညလုံး ဘာသံမှမထွက်ဘဲ တိတ်တိတ်ကလေးနေရမယ်။ ဟောဟိုသစ်ပင်ပေါ် တက်ပြီး တော့ပေါ့။ ဘယ့်နှယ် သဘောတူရဲ့လား"

မာဟန် ပျော်ပျော်ကြီးခေါင်းညိတ်တာပေါ့။ ဒါဟာ ထူးဆန်းပေမယ့်လို့ သဘောမတူရင် သစ်သီးခြံကိုလည်း အမွေရမှာမဟုတ်ဘူးလေ။

အဲဒီလိုနဲ့ ညရောက်လာရော ဆိုပါတော့။ မာဟန်ဟာ သစ်ပင်ပေါ် တက်ပြီး တစ်ညတာအတွက် တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေခဲ့တယ်။ ကြုံခဲ့ရတဲ့ စွန့်စားခန်းတွေကြောင့် အင်မတန် မောပန်းနွမ်းနယ်နေတာပေါ့။ မကြာခင် သူ့ဦးခေါင်းဟာ ငိုက်ငိုက်ကျလာတော့တယ်။ အဲဒီအချိန်မှာ လဟာ တဖြည်းဖြည်း မြင့်တက်လာခဲ့ပြီပေါ့။ မာဟန် နိုးလာတော့ သစ်သီးခြံတစ်ခုလုံး ငွေရောင် တောက်ပ လင်းလက်နေတာ တွေ့လိုက်ရသတဲ့။

ဒါပေမယ့် သူနိုးလာခဲ့တာ လရောင်ကြောင့် မဟုတ်ပါဘူး။ သူ့အောက်က မြေပြင်ပေါ်မှာ စားပွဲသောက်ပွဲဆင်ယင်နေတဲ့ နတ်သမီး၊ နတ်သားတွေကို တွေ့လိုက်ရသတဲ့။ အားလုံး ရဲ့အလယ်မှာတော့ မာဟန်တွေ့ဖူးသမျှ အချောမော အလှပဆုံး နတ်ဘုရင်မတစ်ပါးပေါ့။ မာဟန် တအံ့တသြ ချောင်းကြည့်နေတုန်း နတ်သမီးတွေက မော့ကြည့်ပြီး ရယ်မောကြတယ်။ သစ်ပင်ပေါ်က ဆင်းလာခဲ့ဖို့ သူ့ကို လက်ယပ်ခေါ်ကြတယ်။

မာဟန်ဟာ တိတ်တိတ်နေပါ့မယ်ဆိုတဲ့ ကတိကို မေ့လျော့ပြီး နတ်သမီး နတ်သားတွေနဲ့အတူ တစ်ညလုံး ပျော်ပျော်ကြီး ဆင်နွှဲတော့တယ်။ နတ်သုဒ္ဓါတွေ စားကြ၊ ငွေခွက်ထဲက ဝတ်ရည်ချိုတွေ သောက်သုံးကြနဲ့ပေါ့။ နတ်သမီးတွေက သာယာနာပျော်ဖွယ် ဂီတတွေနဲ့ ကခုန်ကြတယ်။ မာဟန်ကတော့ နတ်ဘုရင်မရဲ့အလှမှာ ယစ်မူးပြီး နတ်ဘုရင်မနဲ့အတူ တစ်ညလုံး ယှဉ်တွဲထိုင်၊ ချစ်စကား ကြိုက်စကားတွေ အပြန်အလှန် ပြောဆိုနေကြတော့တယ်။

အဲဒီလိုနဲ့ လလည်း တဖြည်းဖြည်း ကွယ်စပြုလာပါရော။ မာဟန်က နတ်ဘုရင်မကို လှမ်းယူပွေ့ဖက်လိုက်တဲ့အခါ ဖြုန်းဆို သူပွေ့ဖက်မိတာက မကောင်းဆိုးဝါးတစ်ကောင် ဖြစ်နေတော့သတဲ့။ ကြောက်မက်ဖွယ်ရာ အရုပ်ဆိုးလှတဲ့ သတ္တဝါပဲပေါ့။ ဒါပေမယ့် မာဟန့်ခမျာ ရုန်းထွက်လို့မရရှာဘူး။ မနက် အရုဏ်တက်တိုင်အောင် မကောင်းဆိုးဝါးကောင် ပွေ့ဖက်ထားတာကို ခံနေရတော့တယ်ဆိုပဲ။

နေထွက်လာတော့ ဝန်းကျင်တစ်ခုလုံးမှာ သူတစ်ယောက်တည်းပဲ

www.burmeseclassic.com



ဆိုတာ မာဟန် သိလိုက်ရပြန်တယ်။ အရိပ်အာဝါသကောင်းလှတဲ့ သစ်သီး ခြံလည်း တကယ်မရှိပါဘူး။ ပူပြင်း ခြောက်သွေ့တဲ့ သဲကန္တာရအလယ်မှာ သူ တစ်ယောက်တည်းပဲပေါ့။ ညက သစ်ပင်တွေနေရာမှာ မည်းနက်နက် သစ်ငုတ်တိုတွေပဲ ဖြစ်နေသတဲ့။ ဒီလိုနဲ့ မာဟန်ဟာ ရှုံကြီးတင်ငင် ငိုကြွေးမိ တော့တယ်။

"ငါဟာ ရွှေငွေအသပြာနဲ့ မဟုတ်မဟတ် ကတိကဝတ်တွေရဲ့ ဖျား ယောင်းခြင်း ခံခဲ့ရတယ်။ လောဘကြီးခဲ့တယ်။ အဆင်ခြင်ကင်းမဲ့ခဲ့တယ်။ ကတိစကားလေးတစ်ခွန်းကိုတောင် မတည်နိုင်ခဲ့ပါကလား။ ကြုံခဲ့ရသမျှဟာ ငါနဲ့ ထိုက်တန်ပါတယ်လေ"

အဲဒီအခိုက်အတန့်မှာပဲ အစိမ်းရောင်ဝတ်စုံနဲ့ လူတစ်ယောက် သူ့ရှေ့ မှာ ဘွားခနဲပေါ်လာသတဲ့။ မာဟန်ဟာ ကြောက်ရွံ့တုန်လှုပ်သွားပြန်တာပေါ့။ ဒါဟာ သူ့ကို ဒုက္ခပေးဦးမယ့် နောက်ထပ် မကောင်းဆိုးဝါးတစ်ကောင်ပဲ ဖြစ်ရမယ်ပေါ့။

"မကြောက်ပါနဲ့ မိတ်ဆွေ" လို့ အဲဒီလူက ပြောတယ်။

"ကျွန်ုပ်ဟာ ဘုရားသခင်က စေလွှတ်တော်မူတဲ့ အစိမ်းရောင် တမန် တော် *'ခီဇာရ်'*ပါပဲ။ ဘုရားသခင်ကိုရော ကျွန်ုပ်ကိုပါ သင့်ကို ကူညီမယ့် သူ တွေအဖြစ် ယုံကြည်ပါလော့။ ကျွန်ုပ် သင့်ကို ကယ်တင်ပါ့မယ်။ မျက်လုံးမှိတ်ပြီး သင့်လက်ကို ကျွန်ုပ်အား ကမ်းလော့"

မာဟန်ဟာ လူစိမ်းရဲ့မျက်လုံးထဲက ကောင်းမြတ်ခြင်းနဲ့ အမှန်တရားကို ချက်ချင်းပဲ ရိပ်မိသွားပါတယ်။ အခုဆို သူဟာ လောဘကြီးတဲ့ မျက်ကန်းတစ် ယောက် မဟုတ်တော့ဘူးပေါ့။ လူစိမ်းပြောဆိုတဲ့အတိုင်း မျက်လုံးတွေကိုမှိတ်ပြီး လက်ကို ကမ်းပေးလိုက်တယ်။ အစိမ်းရောင်တမန်တော်က မာဟန်တစ်ယောက် တချွေကုန်သည်နဲ့ စတွေ့ရာ ပေပင်တောကလေးထဲ ဘေးမသီရန်မခ ပြန် ပို့ပေးလိုက်တော့တယ်။

မာဟန်ဟာ မျက်လုံးတွေကို ဖွင့်ကြည့်လိုက်တဲ့အခါ ဝမ်းသာအားရ အော်ဟစ်မိတယ်။ ပေပင်တောထဲမှာ သူ့မိတ်ဆွေတွေလည်း ရောက်နေကြ သကိုး။ ဒါပေမယ့် ဘယ်လိုပါလိမ့်။ သူ့မိတ်ဆွေတွေအားလုံး ဝမ်းနည်းခြင်း အထိမ်းအမှတ်ဝတ်စုံတွေ ဝတ်လို့ပါလား။ မာဟန်တစ်ယောက် သေဆုံးသွား ပြီလို့ သူတို့တွေ ထင်နေကြပုံရတယ်။ မာဟန့်ကို မြင်လိုက်ကြတော့ သူ့တို့ မျက်ရည်တွေဟာ ဝမ်းသာလို့ကျတဲ့မျက်ရည်တွေ ဖြစ်သွားကြတော့တာပေါ့။ သူတို့တွေ တစ်ယောက်ကိုတစ်ယောက် ဝမ်းသာအားရ ပွေ့ဖက်လိုက်ကြ

www.burmeseclassic.com

www.burmeseclassic.com



တော့တယ်။

အဲဒီကစလို့ မာဟန်ဟာ ဝမ်းနည်းခြင်းအထိမ်းအမှတ် ဝတ်စုံကို အမြဲတစေ ဝတ်ဆင်သွားတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ တစ်ခါက သူဟာ အရူးတစ်ယောက်သဖွယ် ဖြစ်ခဲ့ဖူးပုံ၊ အစိမ်းရောင် *ခီဖာရ်တမန်တော်*က ကယ်တင်ခဲ့ပုံတွေကို အမြဲတမ်း အမှတ်ရနေအောင်ပေါ့။ မာဟန်ဟာ ဘဝ တစ်လျှောက်လုံး ပျော်ပျော်ရွှင်ရွှင်နဲ့ အကျိုးပြုတတ်တဲ့ လူတစ်ယောက်အဖြစ် နေထိုင်သွားခဲ့ပါတယ်။

၄ ၄ ၄ ၄

www.burmeseclassic.com

www.burmeseclassic.com

၅

# ကက်ရှ်ဂါရ် ကာရာဗန်ဆာရေး

ကျွန်ုပ်တို့နောက်မှာ သဲကန္တာရကို ထားရစ်ခဲ့ပြီ။ ရှေးဟောင်း*ကက်ရှ်ဂါရ်* မြို့ဆီ ခရီးဆက်ခဲ့ပြီပေါ့။ ဒီနေရာဟာ တကယ့်လမ်းဆုံနေရာပါပဲ။ တောင်ပေါ်သားတွေနဲ့ မြေပြန့်ကလူတွေ တွေ့ဆုံကြရာ အချက်အချာနေရာပေါ့။ ဈေးကြီးထဲမှာ လူမျိုးစုံတွေ့ရမယ်။ ဟောဟိုမှာ ပင်ပန်းနွမ်းနယ်နေပုံရတဲ့ တရုတ်ပြည်က ကုန်သည်တွေလေ။ ဒါဟာ သူတို့ရဲ့ ခရီးလမ်းဆုံးပါပဲ၊ သူတို့ဟာ ပါလာတဲ့ကုန်စည်တွေကို ရောင်းချမယ်၊ ကုန်စည်သစ်တွေနဲ့အတူ အိမ်အပြန် ခရီးနှင်ကြလိမ့်မယ်။ ဟောဒီမှာ ဆမာကန်ကလာတဲ့ ကုန်သည်တွေပေါ့။ မျက်လုံး စူးစူးရှရှ၊ အဖိုးတန်အဝတ်အစားတွေ ဝတ်ဆင်လို့။ သူ့တို့ဆိုရင် လျှော့ဈေးရမယ့်နေရာကို ရှာဖွေဖို့ အသင့်ဖြစ်နေတတ်ကြတယ်။ ဟောဟိုမှာ အိန္ဒိယက ဗုဒ္ဓဘာသာ ရဟန်းတော်နှစ်ပါး၊ ဘုန်းကြီးကျောင်း တစ်ကျောင်း ကနေတစ်ကျောင်း ကျမ်းစာခွေတွေ သယ်ဆောင်လို့။ အဲဒီ ပါးအို့နီနီကလေးနဲ့ မျက်ဝန်းနက်နက် မိန်းမပျိုတွေက တာဂျစ်က လာကြတာ။ ဆံပင်နက်နက် *ဟိန္ဒူကွတ်ရှ်* တောင်တန်းသားတွေကြားမှာ လှပတဲ့ဦးခေါင်းအပြင်အဆင်တွေ သင် သတိပြုမိပါလိမ့်မယ်။ သူတို့ရဲ့ ဘိုးဘေးအဆက်အနွယ်တချို့က ဂရိတွေ ဖြစ်ပါတယ်။ မဟာအယ်လက်ဇန္ဒားရဲ့ စစ်တပ်ကြီးနဲ့အတူ ရောက်လာခဲ့ကြ သူတွေပေါ့။ ဒေသခံတွေကတော့ *အူယီဂါးစ်* တွေပါပဲ။ ကုန်စည်ရောင်းဝယ်ရေး လမ်းကြောင်းတွေကို သူတို့ ကျွမ်းကျွမ်းကျင်ကျင် စီမံခန့်ခွဲနိုင်ကြတယ်။ သူ တို့တွေထဲက အဘိုးကြီးတွေဟာ မုတ်ဆိတ်ရှည်ရှည်ကြီးတွေထားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူတွေအားလုံး တစ်ယောက်စကားကို တစ်ယောက် ဘယ်လိုနားလည်ကြသလဲလို့ သင် သိချင်မှာပဲနော်။ အများစုက ဘာသာစကားရင်းမြစ်တူတဲ့ တူရကီစကားတစ်မျိုးကို ပြောဆိုတတ်ကြတယ်။ လူတစ်ယောက်က 'ကျုပ် ဒီကနေ့ ဆိတ်တွေရောင်းဖို့ ဈေးစကားပြောမယ်'လို့ စလိုက်တာနဲ့ ဒုတိယလူက ဘာအကြောင်းပြောနေတယ်ဆိုတာ သိကြပါတယ်။

ကုန်သည်တွေဟာ အခွန်အကောက်တွေအကြောင်း မကြာခဏ ညည်းတွားလေ့ရှိကြတယ်။ ပိုးလမ်းမတစ်လျှောက် လောဘကြီးတဲ့ အုပ်ချုပ်သူတွေနဲ့ ဝန်ထမ်းတွေဟာ ကုန်သည်အုပ်စုတွေအပေါ် အခွန်အကောက်တွေ စည်းကြပ်ကြတယ်။ ခရီးလမ်းပန်း အကာအကွယ်ပေးမှု၊ တာဝန်ယူမှုအပေါ်မှာ စည်းကြပ်ကြတာပေါ့။ အဲဒီအတွက် မပေးဆောင်ဘူးဆိုရင်တော့ သင့်ကုန်ပစ္စည်းတွေ အဲဒီကနေ ရှေ့ကိုဆက်သွားဖို့ မရတော့ပါဘူး။ ဒီတော့လည်း တရုတ်ပြည်က ပိုးထည်တွေရဲ့တန်ဖိုးဟာ အနောက်ဘက်ဒေသတွေအရောက် အကြိမ်ပေါင်း ရာနဲ့ချီပြီး တစ်စတစ်စဈေးမြင့်သွားတာ မဆန်းပေဘူးပေါ့။

တော်တော်ကြီးတဲ့မြို့တွေမှာတော့ ကုန်သည်အများစုဟာ *'ကာရာဗန်ဆာရေး'* လို့ ခေါ်တဲ့ တည်းခိုအိမ်တွေမှာ တည်းကြတယ်။ အဲဒီမှာက တိရစ္ဆာန်တွေထားဖို့ နေရာတွေ ရှိတယ်လေ။ အများအားဖြင့်တော့ ဘို့နှစ်လုံးရှိတဲ့ ကုလားအုတ်တွေပဲပေါ့။ သူတို့တွေဟာ ရေနဲ့အစာ မစားသောက်ဘဲ အချိန်အကြာကြီး ခရီးနှင်နိုင်ကြတယ်လေ။ ခရီးတို ခပ်မြန်မြန် သွားလာဖို့အတွက် မြင်းတွေက အသုံးတည့်ပါတယ်။ လားတွေနဲ့မြည်းတွေဟာလည်း တောင်ပေါ်ခရီးတွေမှာ လေးလံတဲ့ဝန်တွေကို သယ်ဆောင်နိုင်စွမ်း ရှိကြတယ်။ ဒါ့အပြင် တိဗက်နွားမျိုးတွေလည်း တွေ့ရပါလိမ့်မယ်။ တောင်ပေါ်ဒေသတွေမှာ နေထိုင်ရှင်သန်ကြသူတွေပေါ့။ ကန္တာရခရီးသွား ကုန်သည်တွေဟာ ပျင်းရိငြီးငွေ့လာတဲ့အခါ သူတို့ရဲ့ဝန်တင် တိရစ္ဆာန်တွေကို အလဲအလှယ်လုပ်ကြပါသေးသတဲ့။ အဲဒီလို အလဲအလှယ်လုပ်ကြတဲ့အခါ ငြင်းခုံမှုတွေလည်း အတောမသတ် ဆက်ကြတော့တာပေါ့။

ကုန်သည်တွေဟာ စားနပ်ရိက္ခာတွေ သိမ်းထားကြရတယ်။ အနောက်ဘက်ဒေသတွေဆီ ခရီးဆက်မယ့် ကုန်သည်တွေဟာ နှင်းဖုံးတောင်တန်းတွေကို တက်ရတဲ့ တောင်တက်ခရီးကြမ်းအတွက် အနွေးထည်တွေ၊ သိုးရေနဲ့သားမွေးထည်တွေ လိုအပ်ပါတယ်။ ရှေ့လျှောက် ခက်ခဲတဲ့အချိန်ကာလတွေ ရင်ဆိုင်ကြုံတွေ့ရမယ်လေ။ ပြင်းထန်တဲ့ နှင်းမုန်တိုင်းတွေ၊ တောင်အမြင့်ပိုင်းတွေ တက်ရင် ကြုံတွေ့တတ်တဲ့ တောင်တက်ဝေဒနာမျိုးတွေ ကြုံတွေ့ ခံစားရ

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ပြီးတော့ ဝန်တင်တိရစ္ဆာန်တွေ ချောက်ကမ်းပါးထဲ ချော်ကျ ဆုံးရှုံး ရတာမျိုးတွေလည်း ရှိနိုင်တယ်။ ရေခဲပြင်ပေါ်မှာ ဖျာကလေးတစ်ချပ်ခင်းပြီး နိုက်နိုက်တုန်အောင် အိပ်စက်ရတဲ့ညတွေလည်း ကြုံတွေ့ရနိုင်တာပါပဲ။

ခရီးသွားကုန်သည်တချို့ကတော့ ဒီအရပ်မှာ လပေါင်းအတော်ကြာ စောင့်ဆိုင်းနေရလေ့ရှိတယ်။ တောင်ပေါ်လမ်းတွေ ပြန်ပွင့်တဲ့အထိပေါ့။ ဒီတော့ စောင့်ဆိုင်းရင်း ပျင်းရိငြီးငွေ့လာတဲ့အခါ တည်းခိုအိမ်တွေရဲ့ နံရံတွေပေါ်မှာ ကဗျာအတိုအစတွေ၊ သတင်းစကားတွေ ရေးခြစ်လေ့ရှိကြသတဲ့။ ဟောဒီလိုမျိုးတွေပေါ့ ...။

*ကျောက်မျက်ရတနာဆိုသည်မှာ ကျောက်တုံးကျောက်ခဲတွေမျှသာ*
*ဘာလီနဲ့ပဲတို့ကသာ သင့်အရှုံးအဆစ်တွေကို သန်မာစေမှာ။*

လူတွေအနေနဲ့ အအေးဒဏ်နဲ့ ဝတ်မွတ်ခြင်းဒုက္ခတွေ ခံစားနေရချိန်မျိုးမှာ အဖိုးတန်ပစ္စည်းတွေကို ဘယ်ဂရုစိုက်နေတော့မလဲနော်။ အဲဒီပစ္စည်းတွေကို ယာဂုပူပူလေးတစ်ခွက်နဲ့ လဲပစ်လိုက်မှာပဲပေါ့။ ဟောဟိုမှာ အာဖဂန်နစ္စတန်တောင်တန်းတွေပေါ်က လာတဲ့ သိုးအုပ်တွေလေ။ သူတို့နောက်ကနေ *ကာရာဗန်ဆာရေး* ကို လိုက်သွားပြီး သူတို့ပြောပြမယ့် ပုံပြင်တွေကို နားထောင်ကြစို့လား။

ဖ လ ဏ ဃ

www.burmeseclassic.com

www.burmeseclassic.com

# မှော်ကုန်းနှီးအိတ်

ဟိန္ဒူကွတ်ရှ်တောင်တန်းတစ်နေရာက ရွာကလေးတစ်ရွာမှာ မာဆွတ်၊ ဟာမစ်နဲ့ ဝါလီလို့ခေါ်တဲ့ ညီအစ်ကိုသုံးယောက် ရှိသတဲ့။ သူတို့ရဲ့မိဘနှစ်ပါးဟာ သူတို့တွေ ငယ်ငယ်လေးကတည်းက ဆုံးပါးသွားခဲ့ကြပါပြီ။ အဲဒီကတည်းက ညီအစ်ကိုသုံးယောက် အတူတကွ နေထိုင်ကြီးပြင်းလာခဲ့ကြတယ်။ ရွာကလေးကို စွန့်ခွာပြီး ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက် သူတို့ရဲ့ဘဝ တိုးတက်အောင်မြင်ရေးလမ်းစကို ရှာဖွေဖို့ ဆုံးဖြတ်ထားကြသတဲ့။

ကန္တာရခရီးသွားတချို့က တောင်တန်းလမ်းတစ်လျှောက် မြွေလိမ်မြွေကောက်လမ်း ရှည်ကြီးအကြောင်း သူတို့ကို ပြောပြတယ်။ အဲဒီလမ်းအတိုင်း ဆင်းသွားရင် ဆီးချိုသီးတွေ၊ ပန်းမျိုးစုံတွေ သီးပွင့်ဝေဆာနေတဲ့ တောင်ကြားချိုင့်ဝှမ်းမြေတွေ ရှိသတဲ့။ မာဆွတ်တို့ ညီအစ်ကိုကလည်း ကြီးကျယ်ခမ်းနားတဲ့ နန်းဆောင်ကြီးတွေမှာ ဘုရင်ကေရာဇ်တွေ ဘယ်လိုအုပ်ချုပ် မင်းလုပ်နေတယ်ဆိုတာ ကြားဖူးထားကြတယ်။ ညှော်ပရိသတ် ထောင်ချီတဲ့ စားတော်ပွဲကြီးတွေ ဆင်ယင်ကျင်းပရာအရပ်ပေါ့။ အဲဒီလို အံ့ဩဖွယ်ရာတွေကို သွားရောက်ကြည့်ရှုကြဖို့ ဆုံးဖြတ်ထားကြတယ်။

တစ်နေ့တော့ လားမောင်းသမား အဘိုးအိုတစ်ဦး သူတို့အိမ်ရှေ့က ဖြတ်သွားသတဲ့။ မာဆွတ်တို့ ညီအစ်ကိုတွေ စကားပြောဆိုနေတုန်း အဘိုးအိုက ဝင်ပြောတယ်။

''ဟုတ်တယ် သူငယ်တို့၊ ဒီအရပ်ကို စွန့်ခွာပြီး ကိုယ့်ဘဝတိုးတက်ရေး

www.burmeseclassic.com

www.burmeseclassic.com



လမ်းစကို ကိုယ့်ဘာသာရှာကြကြပေါ့။ ဒါပေမယ့် လမ်းတစ်လျှောက်မှာ ဘုရားသခင် ပေးပို့တော်မူတဲ့ သင်္ကေတတွေကို ကြားသိရအောင် နား၊ မျက်စိတွေ ဖွင့်ထားကွယ့်။ နောက်ပြီး ပေးသမျှကို ယူ၊ နောက်ထပ် ဘာမှမတောင်းဆိုနဲ့။ မှတ်ထားနော်။ သူတစ်ပါးကို ကူညီဖို့လည်း အသင့်ရှိကြပါစေ။ မင်းတို့ကိုလည်း သူတစ်ပါးက ကူညီပါလိမ့်မယ်''

အဲဒီလိုနဲ့ပေါ့၊ ညီအစ်ကိုသုံးယောက်ဟာ အိမ်ကနေထွက်ခွာပြီး ကြမ်းတမ်းတဲ့ တောင်ပေါ်လမ်းတွေအတိုင်း ရက်ပေါင်းအတော်ကြာ ခရီးထွက်ခဲ့ကြတယ်။ သူတို့ မကြားသိဖူးတဲ့ နယ်မြေတွေကိုလည်း ဖြတ်သန်းခဲ့ကြတယ်။ မြေပြန့်လွင်ပြင်ကိုရောက်တော့မှ တစ်ခဏရပ်နားဖို့ ဆုံးဖြတ်ကြသတဲ့။ မောမော ပန်းပန်းနဲ့ပဲ ညီအစ်ကိုသုံးယောက်သား နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားကြတယ်။

အစ်ကိုကြီးဖြစ်သူ မာဆွတ်ဟာ အိပ်ပျော်နေတုန်း အထူးဆန်းဆုံး အိပ်မက်တစ်ခု မြင်မက်သတဲ့။ အိပ်မက်ထဲမှာ ခေါင်းလောင်းသံတွေ ကြားရပြီး သူ့ကိုပြောနေတဲ့ အသံတစ်သံလည်း ကြားလိုက်ရတယ်။

''မာဆွတ်၊ ဟေး မာဆွတ် မင်းအောက်က မြေကြီးကို တူးလိုက်စမ်း။ ရွှေတွေ တွေ့ရလိမ့်မယ်''. . . တဲ့။

မာဆွတ်ဟာ အလန့်တကြား လန့်နိုးလာတော့တယ်။ အချိန်က အရုဏ် တက်ခါစပဲ ရှိသေးတယ်။ ချက်ချင်းပဲ မြေကြီးကို သူ စတူးတော့သတဲ့။ ကျန်တဲ့ညီအစ်ကိုနှစ်ယောက်က သူတို့အစ်ကိုကြီးတော့ ရူးသွပ်သွားပြီလို့ ထင်မိကြတယ်။ ဒါပေမယ့် မြေကြီးထဲမှာ ရွှေတုံးရွှေခဲအပိုင်းအစတွေ တွေ့ရပြီး မကြာပါဘူး၊ မာဆွတ်ရဲ့အကျီအိတ်ဟာ ဖောင်းကားသွားတော့တာပဲ။

ဒီတော့ မာဆွတ်က . . .

''အင်း ငါ့အတွက်တော့ ဒါဆိုလုံလောက်ပြီ။ အိမ်ကောင်းကောင်း လေးတစ်လုံး ဆောက်၊ မိန်းမချောချောလေးတစ်ယောက် ယူဖို့ ရွှေတွေတော့ ရပြီ။ ငါ့ခရီး အဆုံးသတ်ပြီပေါ့။ ကဲ ငါ့ညီတို့၊ အစ်ကိုကြီး ပြန်တော့မယ်ကွာ။ နှုတ်ဆက်ခဲ့တယ်ဟေ့''လို့ ဝမ်းသာအားရ ပြောဆိုပြီး အိမ်ပြန်ခရီးကို လျှောက် လှမ်းသွားတော့တယ်။

ဟာမစ်နဲ့ ဝါလီတို့ဟာ သူတို့အစ်ကိုကြီးအတွက် ကျေနပ်ဝမ်းမြောက်မိပေမယ့် ခုလိုခွဲခွာသွားတာကိုတော့ စိတ်မကောင်းကြဘူးပေါ့။ နှစ်ယောက် တည်း မသွားချင်သွားချင်နဲ့ ခရီးဆက်ခဲ့ကြတာ တောထဲက သစ်ပင်ကြီးတစ် ပင်အောက်မှာ ညီအစ်ကိုနှစ်ယောက်သား လဲလျောင်း အိပ်စက်လိုက်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မောကျနေတုန်း ဟာမစ်လည်း ထူးဆန်းတဲ့အိပ်မက်ကို မြင်မက်သတဲ့။ ခရာမှုတ်သံတွေ ဆူဆူညံညံကြားရပြီး သူ့ကို လှမ်းခေါ်နေတဲ့ အသံတစ်သံလည်း ကြားလိုက်ရတယ်။

''ဟာမစ်၊ ဟာမစ် ... အောက်က မြေကြီးကို တူးဟေ့။ ရတနာတွေ တွေ့လိမ့်မကွယ့်''

ဟာမစ်နိုးလာတော့ မိုးစင်စင်လင်းနေပြီပေါ့။ နိုးနိုးချင်း မြေကြီးကို သူ တူးတော့တယ်။ အစ်ကိုကြီးမာဆွတ်လိုပဲ တူးလို့မှမကြာခင် တစ်စုံတစ်ရာကို စမ်းမိသတဲ့။ အိုးခပ်ကြီးကြီးတစ်လုံးပါပဲ။ အိုးထဲမှာတော့ အိုးနှုတ်ခမ်းထိအောင် ပြည့်နေတဲ့ အမျိုးမျိုးသော ကျောက်မျက်ရတနာတွေ တွေ့ရသတဲ့။

''ကြည့်စမ်းဟေ့ ညီလေးဝါလီ။ ကံကြမ္မာက ငါ့ကိုလည်း မျက်နှာသာပေးသကွ။ ကဲ ငါလည်း ဒီမှာပဲ ခရီးဆုံးပြီပေါ့ကွာ။ အိမ်ပြန်ချင်တာကလွဲလို့ ငါဘာမှ ထပ်မလိုချင်တော့ဘူးဟေ့။ အိမ်ကောင်းကောင်းတစ်လုံး ဆောက်မယ်။ ရွာထဲက မိန်းမချောချောလေး တစ်ယောက်နဲ့ လက်ထပ်မယ်။ ကဲ ... ငါပြန်ပြီဟေ့ ညီလေးဝါလီ''



ဒီအခါမှာ တစ်ယောက်တည်း ကျန်ရစ်တဲ့ဝါလီဟာ တစ်ကိုယ်တည်း ပြောဆိုရေရွတ်မိသတဲ့။

''ကဲ ... အခု ငါဘာလုပ်ရမတုံး။ ဘုရားသခင်က ငါ့ကိုများ မေ့လျော့တော်မူနေသလားပဲ။ ငါသွားရမယ့်ခရီးက အဝေးကြီး။ ငါ့အစ်ကိုတွေကျတော့ ခရီးတိုတိုလေးရယ်၊ ဘာကြောင့်ပါလိမ့်''

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် လူတိုင်းလူတိုင်း ဘဝခရီးလမ်းတွေက မတူကြဘူးလေ။ ကံကြမ္မာတွေလည်း တစ်ယောက်နဲ့တစ်ယောက် မတူကြဘူးပေါ့။ ဒါကို သူ ပြန်တွေးမိသွားတယ်။ ရဲရဲရင့်ရင့်ပဲ အိတ်ကို ကောက်ယူပြီး တောနက်ကြီးထဲ တိုးဝင်ခဲ့တယ်။ သူ့မှာ အစားအစာနဲ့ သောက်ရေတွေလည်း ကုန်ပြီ။ ထူထဲ သိပ်သည်းတဲ့ တောကြီးထဲမှာ တဖြည်းဖြည်း ကြောက်စိတ်ဝင်လာမိသတဲ့။

''ဒီသစ်ပင်ပေါ်တက်ပြီး ရှေ့မှာဘာရှိမလဲ လှမ်းကြည့်ရင် တွေ့ရမှာပဲ''

ဒါပေမယ့် သစ်ပင်ပေါ်ကနေ ပြန်ဆင်းလာတော့ သစ်ပင်ခြေရင်းမှာ လှပတဲ့ ကုန်းနှီးအိတ်တစ်လုံးကို တွေ့လိုက်ရတယ်။

'ဘယ်လိုရောက်နေပါလိမ့်။ အထဲမှာ စားစရာတစ်ခုခု ပါကောင်းပါမှာပဲ'

ဝါလီဟာ ကုန်းနှီးအိတ်ကို မျှော်လင့်တကြီးနဲ့ ကောက်ယူပြီး ဖွင့်ကြည့် လိုက်တယ်။ အထဲမှာ ဘာဆိုဘာမှမရှိ၊ ဗလာနတ္ထိ။

''အင်း ဒါ ငါ့ကံပဲ။ ငါ့ကံကလည်း ကံဆိုးကြီးပါလားကွယ်ရို့။ အစ်ကိုကြီး မာဆွတ်က ရွှေတွေရသွားတယ်၊ အစ်ကိုဟာမစ်က ရတနာအိုး၊ ငါ့ကျတော့ ဗလာနတ္ထိကုန်းနှီးအိတ်တဲ့။ အစားအသောက်ကလေး ဘာလေး ပါလာရင် ဘယ်လောက်ကောင်းမလဲကွာ''

ဝါလီဟာ အဲဒီလိုရေရွတ်ပြောဆိုပြီး အိတ်ကို လွှင့်ပစ်တော့မယ့် ဆဲဆဲမှာပဲ အိတ်က ဖောင်းကားလာတာ သတိထားလိုက်မိသတဲ့။ ချက်ချင်းပဲ အိတ်ကို ဖြေကြည့်လိုက်တော့ ကြက်ကင်နဲ့ သစ်သီးမှည့်တွေရယ်၊ လတ်လတ် ဆတ်ဆတ်ပေါင်မုန့်နဲ့ ထောပတ်ရယ်၊ သောက်စရာ အချိုရည်အေးအေးလေး ရယ် ပြည့်ပြည့်စုံစုံတွေ့လိုက်ရသတဲ့။ ဝါလီဟာ အငမ်းမရစားသောက်တော့ တာပေါ့။ စားသောက်ပြီးတော့ တစ်ကိုယ်တည်း တွေးတွေးဆဆပြောဆိုမိ တယ်။

''ဒါ မှော်ကုန်းနှီးအိတ်ပဲ ဖြစ်ရမယ်။ တခြား ငါလိုချင်တာတွေရော ရနိုင်ပါ့မလား။ ကြည့်စမ်း၊ ငါ့အဝတ်အစားတွေ အခုဆို စုတ်ပြဲတော့မလို ဖြစ်နေပြီ။ ဝတ်စုံသစ်ကလေးတစ်စုံ၊ ဖိနပ်သစ်ကလေးတစ်ရံလောက် ရလိုက် ရင် ကောင်းမှာ''

ဝါလီဟာ အဲဒီလိုပြောဆိုလိုက်တာနဲ့ တစ်ပြိုက်နက် ကုန်းနှီးအိတ်က ဖောင်းကားလာပြန်တာပဲတဲ့။ ဖွင့်ကြည့်လိုက်တော့ သားမွေးအနားကွပ် အပေါ် ဝတ်အင်္ကျီ၊ သိုးမွေးဘောင်းဘီရှည်နဲ့ သားရေလည်ရှည်ဖိနပ်တစ်ရံ တွေ့လိုက်ရ တယ်။ အားလုံး သူနဲ့ကွက်တိ တော်နေတာတွေပဲပေါ့။

ဝါလီဟာ တကယ်မလိုအပ်တဲ့အရာတွေ ထပ်ပြီး တောင်းမိတော့မယ့်

www.burmeseclassic.com

www.burmeseclassic.com





ဆဲဆဲမှာပဲ လားမောင်းသမား အဘိုးအိုရဲ့စကားကို ပြန်သတိရမိတယ်။ 'ငါ လောဘမကြီးတာ ပိုကောင်းမယ်'လို့ တွေးမိသတဲ့။

ဒီလိုနဲ့ သူ ခရီးဆက်လက်ထွက်ခွာခဲ့တယ်။ လမ်းခရီးမှာတော့ ဆာ လောင်တော့မှပဲ မှော်ကုန်နှီးအိတ်ဆီက အစားအစာကို တောင်းပြီး စား သောက်ခဲ့တယ်။ တောနက်ကြီးကို ဖြတ်ပြီး ၆ ရက်လောက် ခရီးနှင်လာလိုက် တာ ယာတောနဲ့ သစ်သီးခြံတွေဆီ ရောက်သွားသတဲ့။

''ငါ လူတွေနဲ့ ပြန်တွေ့ရတော့မယ်။ ဝမ်းသာလိုက်တာ။ တစ်ယောက် တည်း စကားပြောနေရတာ ငြီးငွေ့နေပြီ''

လှပတဲ့ ဥယျာဉ်လေးတစ်ခုထဲက အိမ်ကလေးဆီ လျှောက်သွားပြီး တံခါးကိုခေါက် လိုက်တယ်။ ခန္ဓာကိုယ်သေးသေး၊ ခပ်ဝဝ၊ အနက်ရောင်ဝတ်စုံ ဝတ်ထားတဲ့ မိန်းမတစ်ယောက် တံခါးဖွင့်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



''မဂ်လာပါအမေ။ ကနေ့ညကျွန်တော် ဒီမှာတည်းခိုနိုင်မလား ခင်ဗျာ။ ကျွန်တော် ခရီးထွက်လာတာ ရက်အတော်ကြာပါပြီ။ ကျွန်တော့်အစ်ကို နှစ်ယောက်ကတော့ သူတို့ဘဝ ရှေ့ရေးအတွက် ကံကောင်းသွားကြပြီပေါ့ခင်ဗျာ။ ကျွန်တော်က ခုထိ အခွင့်အလမ်းကောင်းကလေး ရှာဖွေနေတုန်းပဲ''

''ရပါတယ်ကွယ်။ ငါ့သားကလည်း မင်းအရွယ်လောက်ပါပဲ။ မင်းရောက်လာတော့ အဖော်ရတယ်ဆိုပြီး သူ ပျော်သွားမှာပဲကွယ့်။ ဒါနဲ့ လမ်းခရီး တစ်လျှောက်လုံး တကယ့်ကို ဘာအခွင့်အလမ်းမှ မတွေ့ခဲ့ဘူးလား''

အဲဒီလိုမေးရင်း အိမ်ရှင်မိန်းမက ဝါလီ့ကို စူးစမ်းတဲ့အကြည့်နဲ့ ကြည့်တယ်။ ဝါလီဟာ လိပ်ပြာမလုံဖြစ်ပြီး သူ့ကုန်းနှီးအိတ်ကို ပြမှဖြစ်တော့မယ်လို့ စိတ်ထဲက ဖြစ်မိသတဲ့။

''ဒီ အဟောင်းအမြင်းကြီးပါပဲဗျာ။ ဒီအိတ်ကို ကျွန်တော်တွေ့တော့ အထဲမှာ ဘာမှမရှိဘူးခင်ဗျ''

ဝါလီဟာ ကုန်းနှီးအိတ်ရဲ့စွမ်းအင်အကြောင်း အပြည့်အစုံပြောမပြချင်ဘူးလေ။ မကြာခင် အိမ်ရှင်မိန်းမကြီးရဲ့သားဟာ လယ်တောကနေ ပြန်ရောက်လာပါတယ်။ အိမ်ရှင်မိန်းမက လုလင်ပျိုနှစ်ယောက်ကို ညစာကျွေးတာပေါ့။ ညစာက ထမင်းနဲ့ဟင်းသီးဟင်းရွက်တွေပါပဲ။ ဒီတော့ အိမ်ရှင်မိန်းမက ပြောတယ်။

''အို သားတို့အတွက် အသားရအောင်ရှာဖို့ အမေ မေ့သွားတယ်ကွယ်။ ဘယ်လောက်ဆိုးလိုက်သလဲလို့''

ဒီတော့ ဝါလီက 'စိတ်မပူပါနဲ့ခင်ဗျာ။ အသားရရပါစေ့မယ်'လို့ ပြောပြီး သူ့ကုန်းနှီးအိတ်ထံ သုံးယောက်စာ အသားရအောင် တိတ်တိတ်ကလေးဆန္ဒပြုလိုက်တယ်။ အိတ်ထဲက ဆွဲထုတ်လိုက်တော့ သူတောင်းဆိုတဲ့အတိုင်းပဲပေါ့။ အိမ်ရှင်သားအမိဟာ အလွန်အမင်း အံ့အားသင့်သွားပြီး အိမ်ရှင်မိန်းမက မေးတယ်။

''မင်းက မှော်ဆရာလားဟင်''

ဝါလီဟာ သူ့နှုတ်ခမ်းသူ ကိုက်လိုက်မိတယ်။ သူကတော့ ကျေညီချင်ရုံလောက်ပါပဲ။ ဒါပေမယ့် ကုန်းနှီးအိတ်ဆီက တောင်းဆိုမိတဲ့အတွက် စိတ်မကောင်း ဖြစ်သွားမိတယ်။

''ဟင့်အင်း၊ မဟုတ်ပါဘူးဗျာ။ အမေ့သားလိုပဲ သာမန်လူတစ်ယောက်ပါ။ ဒါပေမယ့် ဒီအိတ်ကတော့ ပစ္စည်းထူးကလေးပါပဲ''

ဒီတော့ အိမ်ရှင်သားအမိက ဒီအိတ်ကို ဘယ်နည်းဘယ်ပုံရလာသည်၊

www.burmeseclassic.com



အိတ်က ဘာတွေလုပ်ပေးနိုင်တယ် ဆိုတာတွေ မေးကြတော့တာပေါ့။ ဒါပေမယ့် ဝါလီက ခပ်မဆိတ်ဘဲနေလိုက်တော့တယ်။ အဲဒီည ဝါလီအိပ်ရာဝင်တဲ့အခါ အိမ်ရှင်လူရွယ်ဟာ ကုန်းနှီးအိတ်ကို စမ်းကြည့်ဖို့ စိတ်ပိုင်းဖြတ်ထားသတဲ့။ မီးဖိုဆောင်မှာအိပ်နေတဲ့ ဝါလီ့အနား တရွေ့ရွေ့တွားသွားပြီး အိတ်ကို ယူကြည့်လိုက်တယ်။ ခါကြည့်လိုက်တော့ ဘာမှမရှိဘူးပေါ့။

ဒီအချိန်မှာ ဝါလီက အိပ်ချင်ယောင်ဆောင်နေတာတဲ့။ သူတို့တွေ အိတ်ကို ခိုးမယူခင် ဒီကနေထွက်ခွာမှ ဖြစ်တော့မယ်လို့ သူသဘောပေါက်သွားပြီပေါ့။ ဒီလိုနဲ့ အရုဏ်မတက်ခင် ထွက်ခွာလာခဲ့တာ နေမမြင့်ခင် ခရီးအတော် ပေါက်ခဲ့တယ်။ ညနေစောင်းတော့ မြစ်ကမ်းတစ်ခုဆီ ရောက်သွားခဲ့တယ်။ မြစ်ကမ်းနဘေးမှာ တဲကလေးတစ်လုံး ရှိတယ်။ တဲကလေးထဲမှာတော့ တံငါသည်တစ်ဦး ပိုက်ဖာနေတာတွေ့ရသတဲ့။

''ဗျို့ ဖခင်'' လို့ ဝါလီက နှုတ်ဆက်လိုက်တယ်။

တံငါသည်က အတော့်ကိုအံ့သြနေသတဲ့။

''အေး နေ့ကောင်းနေ့မြတ်ပါပဲကွာ။ ဒီကို ခရီးသည်တွေ များများ မရောက်တတ်ဘူးကွယ့်။ ဘာလာလုပ်တာတုံးကွယ်''

''ကျွန်တော်က အစ်ကိုနှစ်ယောက်နဲ့အတူ ဘဝတက်လမ်းရှာဖွေဖို့ ခရီးထွက်လာကြတာ။ အဲ အစ်ကိုနှစ်ယောက်စလုံး သူတို့ ဘဝတက်လမ်းကို သူတို့ ရှာတွေ့သွားကြလို့ ပြန်ကြပြီကော။ ကျွန်တော်က ရှာတုန်းရှာဆဲပေါ့ အဘရာ။ ဒီည အဘတဲမှာ ကျွန်တော် အိပ်လို့ရမလားဟင်။ ခရီးဆက်ဖို့က အတော်ကြီး နောက်ကျနေပြီမို့ပါ''

''ရပါတယ်ကွယ်။ မင်း ဖြစ်ကြောင်းကုန်စင်ကို ကြားရတာ ကောင်းသားပဲ။ ခရီးသည် တစ်ယောက်တလေမှ မတွေ့ရတာ ကြာ ကြာပြီကောကွာ''

သူတို့နှစ်ဦး ဖွယ်ဖွယ်ရာရာမရှိလှတဲ့ ညစာကို စားသောက်ကြတယ်။ တံငါသည်ကလည်း ဝမ်းနည်းကြေကွဲဖွယ်ရာ သူ့အဖြစ်ကို ပြောပြသတဲ့။

''အဘဇနီးကို ဓားပြတွေ ဖမ်းသွားကြတယ်။ တလောက သူတို့တွေ ရောက်လာပြီး ဓားပြလာတိုက်ကြတယ်လေ။ ဘာမှမရတော့ အဘဇနီးကို ဖမ်းသွားကြတော့တာပဲ။ သူတို့က ငွေနဲ့ပြန်ရွေးစေချင်ကြတာပေါ့။ ဒါပေမယ့် အဘမှာရှိသမျှ ဥစ္စာပစ္စည်းဆိုလို့ ဟောဒီ တဲစုတ်ဟောင်းလောင်းလေးပဲလေ''

ဒီစကားကြားရတော့ တံငါသည်လည်း သူ့အကူအညီကို အမှန်အကန် လိုအပ်သူ ဖြစ်ခဲ့ပုံပါလားလို့ ဝါလီ တွေးမိတယ်။ ဒါကြောင့် သူ့ကုန်းနှီးအိတ်ကို တိုးတိုးလေးပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



''တံငါသည်ရဲ့ဇနီး ပြန်ရောက်စေ''

ရုတ်ချည်းဆိုသလို တံငါသည်ရဲ့ဇနီးဟာ ကုန်းနိုးအိတ်ထဲကနေ ထွက်လာတော့သတဲ့။ မျက်လုံးပေကလပ်ပေကလပ်နဲ့ အံ့သြနေတဲ့အသွင်နဲ့ပေါ့။ တံငါသည်လည်း သူ့မျက်စိကိုတောင် သူ မယုံနိုင်ဘူးဖြစ်သွားရှာတယ်။

''မင်းက မျက်လှည့်ဆရာလားကွ''

ဒီတော့ ဝါလီက ...

''မဟုတ်ပါဘူး ခင်ဗျာ။ ကျွန်တော့်ကုန်းနိုးအိတ်က နည်းနည်းထူးခြားတယ်။ ကျွန်တော်ကတော့ သာမန်လူတစ်ယောက်ပါပဲ'' လို့ ပြောဆိုပြီး တံငါသည်ရဲ့ဇနီး ပြန်ရောက်တဲ့ အထိမ်းအမှတ်နဲ့ စားသောက်ကြဖို့ စားကောင်းသောက်ဖွယ်တွေ ဖန်တီးလိုက်ပြန်သတဲ့။ ဒါလည်း မှော်ကုန်းနိုးအိတ်ရဲ့ အကူအညီနဲ့ပဲပေါ့။

နောက်တစ်နေ့မနက်မှာ ဝါလီတစ်ယောက် မျက်နှာသစ်ဖို့ မြစ်ဘက်ကို အသွား တဲထဲက စကားပြောဆိုသံတွေ ကြားလိုက်ရတယ်။

''ဒီသူငယ်ရဲ့အိတ်ကို ရှင်ရအောင်ယူရမယ်''လို့ ဇနီးဖြစ်သူက တံငါသည်ကို ပြောတယ်။ ''ကျွန်မတို့ ချမ်းသာသွားနိုင်တယ်ဆိုတာ နည်းနည်းလေးတွေးကြည့်စမ်းပါတော်။ လိုချင်တဲ့အချိန်မှာ အစားအသောက်နဲ့ အဝတ်အထည်တွေ၊ ပြီးတော့ ရွှေငွေတွေ သေတ္တာလိုက်၊ သေတ္တာလိုက် ...''

ဒီစကားတွေကြားရတော့ တံငါသည်လင်မယားတော့ သူ့ကုန်းနိုးအိတ်ကို လုည့်စားယူဖို့ ကြံနေပြီဆိုတာ ဝါလီ သိလိုက်တယ်။ ကံကောင်းထောက်မစွာနဲ့ ကုန်းနိုးအိတ်က သူနဲ့တပါတည်း ပါလာခဲ့တယ်လေ။ အခုတော့ ဒီအိတ်မပါဘဲ သူ ဘယ်မှမသွားတော့ပါဘူး။ ဒီလိုနဲ့ ဝါလီဟာ တစ်ချိုးတည်း လစ်ထွက်လာခဲ့တော့တယ်။ လမ်းက ကြမ်းပြီး မတ်စောက်တဲ့ ကျောက်သားကျောက်စိုင်တွေနဲ့ တောင်တက်လမ်းပါပဲ။ နေကလည်း ပြင်းပြင်းပျပျပူလာတော့တယ်။ အဲဒီအခိုက်အတန့်မှာပဲ ရုတ်တရက် အသံတစ်သံကြားလိုက်သတဲ့။ ချုံတွေထဲက အော်ဟစ် အကူအညီတောင်းနေတဲ့ အသံပေါ့။

''ကယ်ကြပါဦးရှင်၊ ကယ်ကြပါဦး။ ဘုရားသခင် ... တစ်ယောက်ယောက် ကြားပါစေ''

ချုံထဲမှာတော့ ခြေလက်တွေ ကြိုးတုပ်ခံထားရတဲ့ မိန်းကလေးတစ်ဦးကို ဝါလီ တွေ့လိုက်ရတယ်။ အဝတ်အစားတွေ အစုတ်စုတ်အပြတ်ပြတ်နဲ့ ခြေထောက်မှာလည်း ဖိနပ်တောင်မရှိရှာဘူး။ ဝါလီဟာ ဓားကိုထုတ်ပြီး ကြိုးတွေကိုဖြတ်ပေးလိုက်တယ်။ မိန်းမပျိုဟာ ပထမတော့ စကားတောင်မပြောနိုင်ရှာဘဲ

www.burmeseclassic.com

www.burmeseclassic.com



ရေနည်းနည်းတိုက်လိုက်မှ နည်းနည်းတည်ငြိမ်လာတော့တယ်။ မိန်းမပျိုက သူ့အမည်ဟာ ဇူလိုင်ကာဖြစ်ကြောင်း ဝါလီ့ကိုပြောပြတယ်။

''အဖေက နောက်အိမ်ထောင်ပြုခဲ့တယ်လေ။ အဖေ့မယားက ကျွန်မကို မုန်းတယ်။ ကျွန်မကို ကျွန်လိုဆက်ဆံတဲ့ တခြားအိမ်တစ်အိမ် ပို့ထားခဲ့တာ။ ဒါကြောင့် ကျွန်မ အဲဒီအိမ်ကနေ ထွက်ပြေးလာခဲ့တာပေါ့။ ဒါပေမယ့် လမ်းမှာ ဓားပြတွေက ဖမ်းပြီး ဒီမှာပစ်ထားခဲ့ကြပြန်တယ်။ ကျွန်မကို အဖေ့ဆီ ပြန်ပို့ပေးပါနော်။ အဖေက ရှင့်ကို ဆုလာဘ်တွေပေးမှာပါရှင်''



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဝါလီက ...

''ပြန်ပို့ပေးမှာပေါ့။ အင်း ... အရင်ဆုံး မင်းအတွက် အဝတ်အစား သစ်တွေ ရမှဖြစ်မယ်''ဆိုပြီး မှော်ကုန်းနှီးအိတ်ထဲ တိုးတိုးလေးတောင်းဆို လိုက်တယ်။ အဲဒီနောက် ပန်းနုရောင်ဘောင်းဘီရှည်၊ အနီရင့်ရင့်ကတ္တီပါအကျီ၊ ရွှေရောင်ဖိနပ်တစ်ရန်နဲ့အတူ နူးညံ့ပါးလွှာတဲ့ မျက်နှာကာပဝါလေးတစ်ထည် အိတ်ထဲက ထုတ်ယူလိုက်တယ်။ ဇူလိုင်ကာဟာ အဲဒီအဝတ်အစားတွေလည်း ဝတ်ဆင်လိုက်ရော မင်းသမီးလေးတစ်ပါးနဲ့တောင် တူနေတော့သတဲ့။

ဝါလီနဲ့ ဇူလိုင်ကာတို့ အတူတကွခရီးဆက်လာလိုက်ကြတာ မကြာခင် သစ်သီးခြံကြီးအလယ်က အိမ်ကြီးတစ်လုံးဆီ ရောက်လာခဲ့ကြတယ်။

''ဒါ ကျွန်မတို့အိမ်ပဲ'' လို့ ဇူလိုင်ကာက ပြောလိုက်တယ်။

''ကျွန်မတော့ ဘယ်သူမှမမှတ်မိအောင် မျက်နှာကာပဝါနဲ့ ဖုံးထားမှ ဖြစ်မယ်''

အိမ်တံခါးလာဖွင့်ပေးသူက သူတို့နှစ်ဦးကို သံသယရှိပေမယ့် ဇူလိုင် ကာရဲ့ ဖခင်ထံ သူတို့ကို ခေါ်ဆောင်သွားပါတယ်။ ပထမတော့ ဖခင်ကြီးက လည်း သူစိမ်းတွေလို့ထင်လိုက်သေးတာပေါ့။ ဇူလိုင်ကာက ပဝါကို ဖယ်ရှားပစ် လိုက်တော့မှ ဖခင်ကြီးခမျာ ဝမ်းနည်းဝမ်းသာ ငိုကြွေးရှာသတဲ့။

''အို သမီးရယ်၊ မင်းမိထွေးက ငါ့သမီး ရေနစ်သေပြီလို့ ပြောခဲ့တာ''

ဖခင်ကြီးဟာ မိထွေးလုပ်သူက ဇူလိုင်ကာအပေါ် ရက်စက်ယုတ်မာ ပုံတွေကြားရတော့ ဒေါသအကြီးအကျယ်ထွက်ပြီး ကောက်ကျစ်တဲ့မိန်းမကို တစ်ခါတည်းနှင်ထုတ်ပစ်လိုက်တော့တယ်။ ပြီးတော့ ဝါလီ့ကို ပြောသတဲ့။

''ဟောဒီက သူငယ်လည်း အဖေတို့နဲ့အတူ နေပေါ့ကွယ်။ မင်းကျေးဇူး ကို ဘယ်လိုဆပ်ဆပ် ကျေမှာမဟုတ်ပါဘူး''

ဝါလီလည်း ဇူလိုင်ကာရဲ့ လှပတဲ့မျက်ဝန်းအကြည့်တွေကို မြင်တွေ့ ရတော့ သဘောတူလိုက်တော့တာပေါ့။ သူ့ဘဝရှေ့ရေးကို သူ ကောင်းကောင်း ကြီး သိသွားပြီလေ။ ကမ္ဘာကြီးထဲ ခရီးဆက်ထွက်ခွာဖို့ မလိုတော့ဘူးပေါ့။

ဝါလီနဲ့ ဇူလိုင်ကာတို့ ထိမ်းမြားလက်ထပ်လိုက်ကြပြီး ဘဝတစ်လျှောက် လုံး ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားကြတယ်။ မှော်ကုန်းနှီးအိတ်ဆီကနေ လိုအပ် တဲ့အခါကျမှ တောင်းဆိုကြတယ်။ လိုသလောက်ထက်ပိုပြီးတော့လည်း မ တောင်းဆိုကြဘူးတဲ့။ ဝါလီတို့ဇနီးမောင်နှံ သက်ဆုံးတိုင်အထိ မှော်ဝင်အိတ်က အလုပ်အကျွေးပြုသွားပါသတဲ့ကွယ်။

၀ ၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

၉

# ကာဂျစ်တို့ရဲ့ နှတ်မြင်းများ

ကျွန်ုပ်တို့ ကာဂျစ်တို့ရဲ့နယ်မြေကို ရောက်ပါပြီ။ တောင်တန်းတွေရဲ့ အမြင့်ပိုင်းမှာပေါ့။ ဒါပေမယ့် ကျွန်ုပ်တို့ထက် ပိုမြင့်တာတွေ ရှိပါသေးတယ်။ နေရောင်အောက်မှာ တောက်ပနေတဲ့ နှင်းဖုံးတောင်ထွတ်ကြီးတွေလေ။ အပြာရင့်ရင့်ကောင်းကင်မှာတော့ လင်းယုန်ငှက်တွေ ဝဲလှည့်လေဟုန်စီးနေကြတယ်။ ဒီမှာ တောင်ပေါ်စားကျက်မြက်ခင်းတွေ ရှိတယ်။ မြက်ခင်းစိမ်းစိမ်းပေါ်မှာ ပန်းပွင့်ကလေးတွေ ရောင်စုံစီခြယ်ထားတဲ့ စားကျက်ခင်းတွေပေါ့။ စမ်းချောင်းတွေ ဆင်ခြေလျှောတစ်လျှောက် စီးဆင်းပြီး တိရစ္ဆာန်တွေနဲ့ လူနေအိမ်ရာတွေအတွက် ကြည်လင် သန့်စင်တဲ့ရေကို ပေးတယ်။ ကဲ . . . ကာဂျစ်တွေနဲ့ အတူ ခဏနားကြဦးစို့နော်။ ကာဂျစ်လူမျိုးတွေဟာ အိမ်ရာရွှေ့ပြောင်းနေလေ့ရှိသူတွေပေါ့။ *ယာ့တ်(yurt)*လို့ ခေါ်တဲ့ သူတို့ရဲ့တဲတစ်လုံးကို သွားကြမယ်။ ယာ့တ်ဆိုတာ အဝိုင်းပုံစံ၊ ရွက်ဖျင်တဲတွေပါပဲ။ သက္ကလပ်အပျော့စားရွက်ဖျင်ကို သစ်ချောင်းတွေ၊ ရာဇမတ်ကွက်တွေပါတဲ့ အောက်ခံဘောင်ပေါ် အုပ်မိုးထားတာမျိုးပေါ့။ ဒီတဲတွေက သယ်ယူရွှေ့ပြောင်းရတာ လွယ်ကူတယ်။ အထဲမှာ ရောင်စုံသက္ကလပ် လိုက်ကာတွေ၊ ကော်ဇောတွေနဲ့ ဆင်ယင်ခင်းကျင်းထားတယ်။ နွေးနွေးထွေးထွေးနဲ့ ဖိမ်အတော်ကျပါတယ်။ တဲအတွင်းမှာ အနွေးဓာတ်မပြတ်စေဖို့ မီးဖိုကလေးနဲ့ တဲခေါင်မိုးမှာ မီးခိုးထွက်ပေါက်လည်း ရှိတယ်လေ။ *ကူးမစ်* လို့ခေါ်တဲ့ မြင်းနို့ဒိန်ချဉ် သောက်လိုက်ရင် မောပန်းသမျှ ပြန်ပြီးလန်းဆန်းသွားမှာပဲ။ အဲဒီနောက်တော့ မှောင်ရီပျိုးတာနဲ့ တဲထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဖွဲ့ထိုင်ပြီး ကာဂျစ်တွေ ပြောတဲ့ပုံပြင်တွေ နားထောင်ကြရမှာ။ သူတို့ဟာ ပိုးလမ်းမတစ်လျှောက်က ခရီးသည်တွေနဲ့ ပုံပြင်တွေ၊ တေးသီချင်းတွေ ဖလှယ်ရတာကို နှစ်သက်ကြတယ်။

ကာဂျစ်တွေဟာ မြင်းစီးသမားကောင်းတွေ ဖြစ်ကြတယ်။ ယောက်ျားတွေ၊ မိန်းမတွေရော ကလေးတွေပါမကျန် အားလုံးဟာ မြင်းကျောပေါ်မှာ အိမ်ရာလုပ်ပြီးနေကြတာတဲ့။ အမြဲတမ်း မြင်းပေါ်မှာပဲ ရှိနေတဲ့သဘောပါ။ သူတို့ရဲ့ မြင်းကုန်းနှီးထည်တွေကို သက္ကလပ်အဆင်အမျိုးမျိုးနဲ့ ဆင်ယင်ထားတတ်ကြတယ်။ သူတို့ရဲ့မြင်းတွေကလည်း လျင်မြန်ဖျတ်လတ်ပြီး ကြော့မော့နေတာပဲတဲ့။ ပိုးလမ်းမှာ မြင်းတွေက အရေးပါလှတယ်။ မြင်းအရောင်းအဝယ်ကလည်း လမ်းကြောင်းအနှံ့ ပျံ့နေတာပဲပေါ့။ တရုတ်လူမျိုးတွေဟာ အာရှတိုက်အလယ်ပိုင်းက မြင်းကောင်းတွေကို ပထမဆုံးအကြိမ် တွေ့သွားကြတော့ အတော့်ကိုမနာလိုတိုရှည်ဖြစ်ကြသတဲ့။ သူတို့ဆီမှာက ဂင်တိုတိုမြင်းပုကလေးတွေပဲ ရှိရှာတာကိုး၊ သွားတော့လည်း နှေးနှေးကွေးကွေးနဲ့တဲ့။

ဖာဂါနာတောင်ကြားဒေသ၊ ကိုးကန့်နယ်က မြင်းတွေဟာ အကောင်းဆုံးပဲလို့ သူတို့ ကြားထားကြတယ်။ ဘီစီ ၁၀၂ မှာတော့ တရုတ်ဧကရာဇ်ဝူဟာ အဲဒီ 'နတ်မြင်း'တွေကို ဖမ်းဆီးဖို့ အဖွဲ့တစ်ဖွဲ့စေလွှတ်ခဲ့သတဲ့။ ဒေသခံတွေက သူတို့မြင်းတွေကို ဘယ်ပေးချင်ပါ့မလဲ။ ဒီတော့ တရုတ်တပ်တွေကို တိုက်ခိုက်မောင်းထုတ်ခဲ့ကြတာပေါ့။ တစ်ခါ တရုတ်စစ်တပ်ကလည်း နောက်တစ်ကြိမ်ထပ်လာပြီး မြင်းတွေကို ဖမ်းဆီးသွားကြပြန်သတဲ့။ ဒါပေမယ့် တရုတ်ပြည်အထိ ရှည်လျားလှတဲ့အပြန်ခရီးမှာ မြင်းတွေအတော်များများ သေဆုံးကုန်ကြပါတယ်။

'ခန်း'ဆိုတာ ဒီဒေသရဲ့ ဘုရင်ခံတွေပေါ့။ ၁၇ ရာစုမှာ တရုတ်ပြည်က ဘုန်းတော်ကြီး *ရွှင်ကျန်း* ကြွလာတော့ မဟာခန်းကြီးနဲ့ အိုက်ဆစ်ကူးလ်ရေကန်ရဲ့ မြောက်ဘက်က ဆောင်းရာသီစံအိမ်တော်မှာ တွေ့ဆုံခဲ့ကြတယ်။ မဟာခန်းကြီးဟာ ဖဲဝတ်ရုံစိမ်းကြီးဝတ်ဆင်ပြီး ဆံပင်ကို ပိုးစည်းကြိုးတွေနဲ့ စည်းနှောင်ထားသတဲ့။ သူ့ထံခစားသူ မှူးကြီးမတ်ရာတွေက ၂၀၀ လောက်ရှိတယ်။ မြင်းနဲ့ ကုလားအုတ်စီးစစ်သည်တွေကတော့ မရေမတွက်နိုင်အောင်ပဲတဲ့။ ခန်းကြီးက ဘုန်းတော်ကြီးကို သူ့စံအိမ်တော်ဆီ ဖိတ်ခေါ်ပြီး ဆွမ်းကပ်တယ်။ စံအိမ်တော်ကြီးကလည်း ယာ့တ်လို့ခေါ်တဲ့ ရွက်ဖျင်တဲအကြီးကြီးပါပဲ။ ရွက်ဖျင်တွေပေါ်မှာ ရွှေရောင်ပန်းပွင့်တွေ ထိုးပြီး အလှဆင်ထားတယ်။ မှူးကြီးမတ်ကြီးတွေကတော့ တောက်တောက်ပပပိုးဝတ်စုံတွေ ဝတ်ဆင်ပြီး သိုးသ[illegible]

www.burmeseclassic.com



နွားနကာလေးသား စတဲ့ စားကောင်းသောက်ဖွယ်တွေကို အားရပါးရစားသောက်ကြသတဲ့။ ဘုန်းတော်ကြီးက သက်သတ်လွတ်ပဲ ဘုန်းပေးတာဆိုတော့ ဆန်မုန့်၊ နို့နှစ်၊ ပျားရည်နဲ့ စပျစ်သီးခြောက်တွေပေါ့။

ကဲ . . . အခုဆို မှောင်ရီပျိုးပြီ။ ကာဂျစ်တွေနဲ့အတူ တဲကလေးထဲမှာ ဝိုင်းဖွဲ့ထိုင်လိုက်ကြစို့လေ။ အစတော့ မီးဖိုက မီးနိုးငွေ့ကြောင့် မျက်စိနည်းနည်းကျိန်းစပ်စပ်ဖြစ်မှာပေါ့။ အဲ . . . ပုံပြင်ကိုလည်း နားထောင်လိုက်ရရော အဲဒါကို သတိထားမိမှာတောင် မဟုတ်တော့ပါဘူး။

ဖ ဇ ဖ ဇ

www.burmeseclassic.com

www.burmeseclassic.com

# ပညာရှိကလေး အာရှစ်

ကာဂျစ်လူမျိုးတွေဟာ အသက်အရွယ်ကြီးရင့်တာကို လေးစားတတ်ကြတယ်။ အသက်အရွယ်ကြီးရင့်တဲ့ ပညာရှိအဘိုးအိုတွေကို 'အက်ဆာကယ်' လို့ ခေါ်တယ်။ အက်ဆာကယ်အဘိုးအိုတွေဟာ ဝိုင်းဖွဲ့ထိုင်၊ မုတ်ဆိတ်ကြီးတွေကို ပွတ်သပ်ပြီး သူတို့ဟာ လူတိုင်းအတွက် အကောင်းဆုံးတွေးခေါ်စဉ်းစားနေတယ်လို့ ပြောဆိုလေ့ရှိကြတယ်။ အက်ဆာကယ်တွေဟာ တကယ့်ကို အတွေ့အကြုံများပြီး ဉာဏ်ပညာရှိသူတွေပေါ့။ ဒါပေမယ့် အသက်ငယ်ရွယ်သူတွေလည်း ပညာရှိဖြစ်နိုင်တယ် ဆိုတာကိုတော့ မေ့လျော့နေကြတယ်လေ။ နှစ်ပေါင်းများစွာတိုင်အောင် အသက် ၆၀ အောက်လူတွေထဲက တစ်ယောက်မှ အက်ဆာကယ် မဖြစ်ခဲ့ကြပါဘူး။ အဲဒီနောက်တော့ အာရှစ်ဆိုတဲ့ကောင်



www.burmeseclassic.com

www.burmeseclassic.com



ကလေးက အဲဒီအစဥ်အလာကို ပြောင်းလဲပစ်ခဲ့ပါသတဲ့။

အာရှစ်ရဲ့ မိဘနှစ်ပါးဟာ အာရှစ်ငယ်ငယ်လေးကတည်းက ဆုံးပါးသွားခဲ့ကြတယ်။ ဒါကြောင့်လည်း အသက်ငယ်ငယ်ရွယ်ရွယ်ကလေးနဲ့ သူ့ဝမ်းသူကျောင်းခဲ့ရတာပေါ့။ *'ဘေ'* လို့ခေါ်တဲ့ လူချမ်းသာသူဌေးတစ်ဦးရဲ့ သိုးတွေကိုအစား ကျောင်းပေးရတယ်။ သူဌေးက လောက်ငရုံစားစရာနဲ့ နေစရာ၊ ကြမ်းပေမယ့် တောင်ပေါ်လေပြင်းဒဏ်ကို ကာကွယ်နိုင်တဲ့ အဝတ်အစားတွေ လောက်ပဲ ပေးသတဲ့။

အာရှစ်ဟာ တောင်ပေါ်စားကျက်ခင်းထဲမှာပဲ သိုးအုပ်နဲ့အတူ အနေများတယ်။ တစ်ခါတစ်ရံမှသာ ရွာထဲကို ဆင်းလာတတ်သတဲ့။ အဲဒါကလည်း သူဌေးက သူ့သိုးတွေကိုရေတွက် ကြည့်ချင်တဲ့အခါတွေမှာပေါ့။ တစ်နေ့တော့ အာရှစ်တစ်ယောက် ရွာကိုအသွား လမ်းမှာ ဖားကလေးတစ်ကောင် တွေ့ရတယ်။ ဖားကလေးက ခြေတစ်ဖက်ကျိုးနေရှာတယ်။ မြင်းအကန်ခံရတာဖြစ်မှာပါပဲ။ အာရှစ်ဟာ ဖာကလေးကိုကောက်ယူပြီး သူ့တဲဆီ ခေါ်သွားတယ်။ ဖားကလေးရဲ့ခြေထောက်ကို ကျပ်စည်းပြီးကုသပေးခဲ့တယ်။

တစ်နေ့တော့ သူဌေးဟာ အာရှစ်ရဲ့တဲကို ရောက်လာတယ်။ သိုးပေါက်ကလေးတွေ ဘယ်လောက်တိုးနေပြီဆိုတာ သိချင်စိတ်နဲ့ပေါ့။ သိုးခြံထောင့် ရေအိုင်ထဲက ဖားကိုလည်းမြင်ရော အကြီးအကျယ်ဒေါသထွက်ပြီး ဆူပူမာန်မဲတော့တာပဲ။

''ဒါ ဘာတုံးကွ။ မင်းက ငါ့မြေကို တူးလားဆွလားလုပ်ရဲတယ်ပေါ့။ ဒီဖားနဲ့ပဲ အချိန်တွေဖြုန်းနေတယ်ပေါ့လေ။ မင်းကို အခကြေးငွေပေးနေတာ ဘယ်သူလဲဆိုတာ သတိရစမ်းပါဦး။ ငါသာမရှိရင် မင်း အခုလောက်ထိ အသက်ရှင်နေမှာမဟုတ်ဘူး ဟေ့''

ပိုင်ရှင်သူဌေးက အဲဒီလို အော်ဟစ်ကြိမ်းမောင်းပြီး အာရှစ်ကို ကြာပွတ်နဲ့ ရိုက်သတဲ့။

''ဒါမှ မင်း သင်ခန်းစာကောင်းကောင်းရမယ်။ ဒီဖားစုတ်ကို ခုချက်ချင်း လွှင့်ပစ်စမ်း၊ ကြားလား''

ဒီလိုနဲ့ အာရှစ်ဟာ ဖားကလေးကိုကောင်ယူပြီး ရေကန်ထဲချပေးလိုက်တယ်။ ကံကောင်းထောက်မစွာပဲ ဖားကလေးဟာ ရေကောင်းကောင်းကူးနိုင်နေပြီတဲ့။ အဝေးဆီ ကူးသွားတော့မလို့နဲ့ ရပ်တန့်ပြီး အာရှစ်ကို စကားပြောဆိုတယ်။

''ကျေးဇူးတင်ပါတယ် အာရှစ်ရယ်။ ကျွန်တော့်အသက်ကို အသင်

www.burmeseclassic.com

www.burmeseclassic.com





ကယ်တင်ခဲ့တာပဲ။ ကဲ . . . ကျွန်တော်ကလည်း တစ်ခုလောက်တော့ ပေးခဲ့ချင်တယ်။ ရော့ ဒီမှာ . . . ကျွန်တော်ပေးနိုင်တဲ့ အကောင်းဆုံး ပစ္စည်းကလေးပါ''လို့ ပြောပြီး အစိမ်းရောင်ကျောက်စရစ်ခဲလေးတစ်လုံး အန်ထုတ်ပေးသတဲ့။

''ဒါ မှော်ကျောက်ပဲ အာရှစ်။ သင် ဒုက္ခရောက်တဲ့အခါ ဒီကျောက်ခဲကလေးကို ပွတ်လိုက်၊ သင်ဖြစ်ချင်တာ ဖြစ်ရစေ့မယ်''

အဲဒီနောက်တော့ ဖားကလေးလည်း အဝေးကို ကူးခတ်သွားတော့သတဲ့။ အာရှစ်ဟာ ကျောက်ခဲကလေးကို အိတ်ကပ်ထဲထည့်ထားလိုက်တော့တယ်။ ရွာအပြန်လမ်းမှာတော့ မြင်းနဲ့ လူတစ်ယောက် ကဆုန်စိုင်းပြီး သူ့ကိုဖြတ်သွားတယ်။ အဲဒီလူက အာရှစ်ကို အရေးတကြီးအော်ဟစ်ပြောဆိုသွားတယ်။ ဒါပေမယ့် အာရှစ်က သဲသဲကွဲကွဲမကြားလိုက်ဘူး။

ရွာထဲကိုရောက်လို့ မြင်းနဲ့လူကိုလည်း မီလာရော ရွာသားတွေအားလုံး ထိတ်ထိတ်ပျာပျာ၊ ကျီးလန့်စာစား ဖြစ်နေကြတာကို တွေ့လိုက်ရတယ်။ မိန်းမတွေက ငိုယိုနေကြတယ်။ ယောကျ်ားတွေက အော်ဟစ်ပြောဆိုနေကြတယ်။ ကလေးသူငယ်တွေကတော့ ထိန်းမယ့်သူမရှိလို့ ဟိုဟိုဒီဒီ ပြေးလွှားနေကြသတဲ့။ လူစုလူဝေးရဲ့အလယ်မှာတော့ အက်ဆာကယ်အဘိုးအိုတွေ ဝိုင်းထိုင်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ ရွာသားတွေရဲ့ အကျပ်အတည်းကို ဖြေရှင်းပေးဖို့ပေါ့။

ဖြစ်ပုံက အနီးဝန်းကျင်က 'ခန်း'တစ်ဦးဖြစ်တဲ့ *ကာရာခန်းကြီး*ဟာ ရွာသားတွေကို ဒုက္ခရောက်အောင် ကြီးစည်နေသတဲ့။ သူ့နာမည်ကို ရွာထဲက ကလေးတွေတောင် သိကြတယ်။ ဘာကြောင့်လဲဆိုတော့ မလိမ္မာတဲ့ ကလေး သူငယ်တွေကို မိခင်တွေက ခြောက်လှန့်ပြောဆိုလေ့ရှိကြလို့ပါပဲ။

''လိမ်လိမ်မာမာနေနော်။ ဒီလိုဆိုးနေရင် ကာရာခန်းကြီး လာဖမ်းသွား လိမ့်မယ်''တဲ့။

အခုတော့ တကယ်ပဲဖြစ်လာပြီပေါ့။ ကာရာခန်းဟာ သူ့ပတ်ဝန်းကျင်က ရွာတွေအားလုံး သူ့ထံမှောက်အညံ့ခံရမယ်။ သူ့ဆီမှာ လာရောက်ခစားကြရ မယ်လို့ အမိန့်တော်မှတ်တယ်လေ။ အာရှစ်တို့နားက ရွာတချို့က ကာရာခန်း ကြီးစိတ်ပြောင်းသွားအောင် တမန်တော်တွေလွှတ်၊ လက်ဆောင်ပဏ္ဏာတွေ အပို့နိုင်းကြတယ်။ ဒါပေမယ့် ဘယ်တမန်တော်မှ ပြန်ရောက်မလာခဲ့ကြဘူးတဲ့။

''တို့တွေ နောက်တစ်ကြိမ် တမန်တော်တွေ ထပ်လွှတ်ကြည့်ရင်ကောင်း မယ်''လို့ အက်ဆာကယ်တွေက အကြံပေးကြတယ်။ စောစောကမြင်းစီးသမား ကတော့ ခေါင်းကို တွင်တွင်ခါယမ်းပြီး ...

''မဖြစ်ဘူး။ ကာရာခန်းက မဖြစ်နိုင်တာကို လုပ်ခိုင်းနေတာ။ သူ့ဆီ အခစားဝင်တဲ့သူဟာ မြင်းစီးမလာရဘူး။ ကုလားအုတ်စီးမလာရဘူး။ ခြေကျင် လည်း လျှောက်မလာရဘူးတဲ့။ လယ်ကွင်းတွေကိုလည်း ဖြတ်မလာရ၊ လမ်း ပေါ်ကလည်း လျှောက်မလာရ ... တဲ့''

ဒီစကားကြားရတော့ အက်ဆာကယ်အဘိုးအိုတွေလည်း ခေါင်းချင်း ရိုက်ပြီး ပွစိပွစိလုပ်ကြပြန်ရောပေါ့။ ဒါပေမယ့် ဘာအဖြေမှလည်း ထွက်မလာ ပါဘူး။

ဒီအချိန်မှာ အာရှစ်က ရုတ်တရက်ပြောလိုက်တယ်။

''ကျွန်တော်သွားပါရစေ ခင်ဗျာ''

ဒီအခါမှာ အက်ဆာကယ်ခေါင်းဆောင်တစ်ဦးက ပြောသတဲ့။

''မင်းသွားမယ် ဟုတ်စ။ မိုက်ရိုင်းလိုက်တဲ့ကောင်လေး။ ဒီလောက် အင်အားကြီးလှတဲ့ ခန်းကို မင်းက ဘာများလုပ်နိုင်မှာတုံး''

တခြားအက်ဆာကယ်တွေကလည်း ဒါဟာ ရယ်စရာပဲလို့ ထင်ကြ တယ်။ ဗိုက်နှိပ်ပြီး တခွိခွိရယ်မောကြသတဲ့။

''နားထောင်ပါဦး ပညာရှိမင်းတို့ခင်ဗျာ''လို့ အာရှစ်က ပြောတယ်။

''ကျွန်တော် သူပြောတဲ့အတိုင်း လုပ်နိုင်ပါတယ်။ မြင်းလည်း စီးမ

www.burmeseclassic.com





သွားဘူး၊ ကုလားအုတ်လည်း စီးမသွားဘူး၊ လမ်းလည်းလျှောက်မသွားပါဘူး။ ကျွန်တော် ဆိတ်တစ်ကောင် စီးသွားပါ့မယ်။ လယ်ကွင်းတွေလည်း မဖြတ်၊ လမ်းပေါ်ကလည်း လျှောက်မသွားဘူးလေ။ အဲဒီနှစ်နေရာကလွတ်အောင် လမ်းဘေး ကွင်းစပ်ကနေသွားမှာပါ ခင်ဗျာ''

အဲဒီလိုလည်း ပြောလိုက်ရော အက်ဆာကယ်တွေလည်း ငြိမ်ကျသွားတော့တာပဲတဲ့။ အဲဒီနောက်တော့ သူတို့မျက်နှာတွေ ဝင်းပလာကြတယ်။ ဟုတ်တယ်လေ၊ သူတို့တွေ ဒီအကြံအစည်ကို သဘောကျကြတယ်။

အဲဒါနဲ့ အာရုစ်တစ်ယောက် သူ့ခရီးကိုစတင်ထွက်ခွာတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရွာထဲက အသက်အကြီးဆုံး ဆိတ်အိုကြီးကို စီး၊ နောက်မှာ ကာရာခန်းအတွက် လက်ဆောင်ပဏ္ဏာအဖြစ် အရပ်အရှည်ဆုံးကုလားအုတ်ကြီးကို ဆွဲလို့ပေါ့။

ကာရာခန်းဟာ တရွေ့ရွေ့လာနေတဲ့ အာရှစ်ကိုလည်းမြင်ရော ဒေါသတကြီးအော်ဟစ် ကြိမ်းမောင်းတော့တာပါပဲ။

''လူပါးဝလိုက်တဲ့ကောင်စုတ်ကလေး၊ ဘာကြောင့် ဒီဆိတ်အိုကြီးကို စီးပြီး လာတာတုံး။ ငါ့ဆီကို ဒူးထောက်လာသင့်တာပေါ့ကွ''

ဒီတော့ အာရှစ်က . . .

''ကျွန်တော်မျိုး အရှင့်အမိန့်အတိုင်း လိုက်နာတာပါခင်ဗျာ''လို့ လေးလေးစားစားပြန်ပြောလိုက်တယ်။ ''ကျွန်တော်မျိုး မြင်းလည်းစီးမလာဘူး၊ ကုလားအုတ်လည်း စီးမလာဘူး၊ လမ်းလည်းလျှောက်မလာပါဘူး၊ မြင်တဲ့အတိုင်းပါပဲ ခင်ဗျာ။ လမ်းနံဘေး ကွင်းစပ်တစ်လျှောက်က လာတာပါ''

ကာရာခန်းဟာ အာရှစ်ရဲ့စကားကိုကြားရတော့ ဒေါသနဲ့ မျက်နှာတစ်ခုလုံး မည်းခနဲဖြစ်သွားသတဲ့။ ဒါပေမယ့် ဘာမှအငြင်းအခုံမလုပ်ဘဲ အခုလိုပြောတယ်။

''မင်းတို့ရွာမှာ ပညာရှိသက်ကြီးရွယ်အိုတွေ မရှိဘူးလား။ မင်းလို မလောက်လေး မလောက်စား အရူးတွေချည်းပဲလားကွ . . . ဟေ''

ဒီတော့ အာရှစ်က ပြန်ပြောတယ်။

''ဒီဆိတ်က ရွာမှာအသက်အကြီးဆုံးပါပဲ ခင်ဗျာ။ အသက်အရွယ်ကြီးသူတွေနဲ့ စကားပြောချင်သပဆိုရင် သူနဲ့ပြောနိုင်ပါတယ် အရှင်''

ဒီအခါမှာ ကာရာခန်းက အော်ငေါက်မေးပြန်ပါရော။

''ကောင်းပြီ။ မင်းထက် ကြီးထွားသူရောမရှိတော့ဘူးလား''

''ဟောဒီ ကုလားအုတ်ပါပဲ ခင်ဗျာ။ ကျွန်တော်တို့အားလုံးထဲမှာ သူက အရပ်အရှည်ဆုံး၊ အကြီးထွားဆုံးပါပဲ။ အရှင်ပြောချင်သပဆိုရင် သူနဲ့ပြောနိုင်ပါတယ် ခင်ဗျာ''

ကာရာခန်းဟာ အာရှစ်ကလေးရဲ့စကားကို မချေပနိုင်ဘူးဆိုတာ သိသွားပါတော့တယ်။ ဒါမှမဟုတ်ရင်တော့ ခန်းတစ်ပါးရဲ့ အရှိန်အဝါ ကျဆင်းသွားတော့မှာပေါ့။

''ကောင်းပြီ။ ဒီမှာဉာဏ်ကျယ်ကလေး . . . မင်းကိုငါ ခွင့်ပြုလိုက်မယ်။ မင်းတို့ရွာ တစ်ရွာတည်းချန်ထားခဲ့မယ်။ အဲ . . . ဒါပေမယ့် ဒီအတိုင်းတော့ မရဘူးဟေ့။ ငါ မင်းဆီက မြင်းနက်တစ်ရာ၊ အကောင်းဆုံးဘာရိကိတ်ထည် တစ်ရာအပြင် နံရံအကာပေါင်း တစ်ရာရှိတဲ့ အဖြူရောင်တဲကြီးတစ်လုံး

www.burmeseclassic.com

www.burmeseclassic.com



ရမှဖြစ်မယ်။ မနက်ဖြန်မနက် မိုးလင်းတာနဲ့ ငါ လိုချင်တယ်။ ဒါမှမဟုတ် ရင်တော့ မင်း သေပြီသာမှတ်ပေတော့။ ဟော့ သူ့ကို ဖမ်းချုပ်ထားလိုက်''လို့ ခန်းက အမိန့်ပေးလိုက်တယ်။

အာရှစ်လည်း ချက်ချင်းအဖမ်းခံရတော့တာပေါ့။ အကူအညီတောင်းဖို့ လည်း မျှော်လင့်လို့မရရှာဘူး။ ဒါပေမယ့် ဘာရမလဲ။ အာရှစ်မှာ မှော်ကျောက် ကလေးရှိတယ်လေ။ ဖားကလေး ပေးခဲ့တဲ့ မှော်ကျောက်ကလေးပေါ့။ အာရှစ်က ''မှော်ကျောက်ကလေး၊ မှော်ကျောက်ကလေး'' လို့ တိုးတိုးလေးပြောပြီး အ စိမ်းရောင်ကျောက်ကလေးကို လက်နဲ့ပွတ်သပ်လိုက်တယ်။

''ကောက်ကျစ်ယုတ်မာတဲ့ ကာရာခန်း တောင်းဆိုတာတွေ ရပါစေ။ မြင်းနက် အကောင်တစ်ရာ၊ ကောင်းဆုံးဘာရိုကိတ်အထည်တစ်ရာ၊ နံ့ရုံတစ်ရာ ရှိတဲ့ အဖြူရောင်ရွက်ဖျင်တဲ ...''

ဒီလိုနဲ့ အာရှစ်ရဲ့စကားဆုံးတာနဲ့ လက်ထဲက ကျောက်ခဲကလေးဟာ ခွဲဖြာထွက်ပြီး မိန်းမလှလေးတစ်ယောက် သူ့ရှေ့မှာ ဘွားခနဲပေါ်လာသတဲ့။ နက်မှောင်နေတဲ့ ဆံပင်ရှည်ကို ကျစ်ဆံမြီးကျစ်ထားတယ်။ ပြုံးရယ်လိုက်တဲ့အခါ ပါးနှစ်ဖက်မှာ ပါးချိုင့်ကလေးတွေနဲ့တဲ့။ မိန်းမလှကလေးက ပြောတယ်။

''မစိုးရိမ်ပါနဲ့ အာရှစ်။ ကာရာခန်းတောင်းဆိုတာတွေ မနက်ကျရင် ရရပါစေ့မယ်။ ဒါပေမယ့် သတိတော့ထားနော်။ သူက အငြိုးကြီးတယ်။ ဒါ ကို ယူထားလိုက်ပါ။ ရှင့်ကို အကူအညီပေးပါလိမ့်မယ်''ဆိုပြီး မိန်းမလှ ကလေးက အာရှစ်ကို ဘီးတစ်ချောင်းရယ်၊ အပ်ကလေးရယ်၊ မှန်ကလေးတစ် ချပ်ရယ် ပေးသတဲ့။ ပေးပြီးတာနဲ့ သူ့ကျစ်ဆံမြီးကလေးကို လက်နဲ့မြှောက်ပြီး ပခုံးပေါ်တင်လိုက်တဲ့အခါ ဖျတ်ခနဲဆို ပျောက်ကွယ်သွားရောတဲ့။

မနက်အရုဏ်မတက်ခင်မှာဘဲ ခရီးသည်အုပ်စုကြီးတစ်စု ကာရာခန်း ရဲ့နန်းတော်ဆီ ရောက်လာကြောင်း သတင်းကြားရတယ်။ အဲဒီခရီးသည်တွေ နဲ့အတူ ဘာရိုကိတ်အထည်တစ်ရာ၊ အဖြူရောင်ရွက်ဖျင်နန်းဆောင်ကြီးအတွက် သစ်ချောင်းနဲ့ ရွက်ဖျင်တွေ ပါလာကြတယ်။ နန်းဆောင်ထဲမှာ ဆင်ယင်ဖို့ ပရိဘောဂ၊ အသုံးအဆောင်တွေတောင် ပါတယ်ဆိုပဲ။ ပြီးတော့ မြင်ဖူးသမျှ ထဲမှာ အသားနားဆုံးမြင်းနက်တွေရောပေါ့။ ကာရာခန်း တောင်းဆိုထားတဲ့ အတိုင်းပါပဲ။

အဲဒါတွေအားလုံး အဆင်သင့်ဖြစ်တဲ့အခါမှာတော့ ကာရာခန်း ကြွချီ တော်မူလာသတဲ့။ သူ့ကို လာရောက်ဆက်သတဲ့ အရာတွေကို လက်ခံယူဖို့ပေါ့။ ဒါပေမယ့် ဒီကောင်လေး သူ့ကို ထပ်ပြီးပညာပြပြန်ပြီ ဆိုပြီး အကြီးအကျယ်

www.burmeseclassic.com

www.burmeseclassic.com



ဒေါသထွက်နေပြန်ပါရောလေ။

''ကဲ မင်းသွားနိုင်ပြီ''လို့ အာရှစ်ကို အေးတိအေးစက်ပြောလိုက်တယ်။ ဒါပေမယ့် ဒီကောင်လေးလုပ်ခဲ့သမျှ ပြန်ခံရစေ့မယ်လို့ သူ့စိတ်ထဲမှာ ဆုံးဖြတ်ထားသတဲ့။ အာရှစ်ကတော့ ဝမ်းသာအားရ အိမ်ကိုပြန်တော့တာပေါ့။ မကြာခင်မှာဘဲ သူ့နောက်က အပြင်းနှင်လာတဲ့မြင်း ခွာသံတွေ ကြားလိုက်ရတယ်။ ခန်းရဲ့ရဲမက်တွေ မြင်းတွေကို အပြင်းနှင်ရင်း လုံတွေတယမ်းယမ်းနဲ့ လိုက်လာကြတယ်။ အာရှစ်ကို သတ်ဖြတ်ကြတော့မယ်လေ။

အာရှစ်ဟာ သူ့အိတ်ကပ်ကို စမ်းကြည့်လိုက်တယ်။ အိတ်ထဲမှာ မိန်းမလှလေးပေးခဲ့တဲ့ ပစ္စည်းကလေးတွေရှိတယ်လေ။ ပထမဆုံး ဘီးကလေးကို ထုတ်ပြီး သူ့နောက်ဘက်မှာ ပစ်ချလိုက်တယ်။ ချက်ချင်းပဲ သူနဲ့ မြင်းစီးရဲမက်တွေကြားမှာ သစ်တောကြီးတစ်တော ဖြစ်သွားသတဲ့။ ခန်းရဲ့ရဲမက်တွေဟာ တောနက်ကြီးထဲမှာ လမ်းစရှာမရဖြစ်ကုန်တော့တယ်။ သူတို့အလုပ် မအောင်မြင်ဘဲ လှည့်ပြန်ပြီး ကာရာခန်းကို တောင်းပန်ကြတယ်။

''ကြီးမြတ်တော်မူသောအရှင်၊ ကျွန်တော်မျိုးတို့ လမ်းခရီးမှာ တောကြီးတစ်တော ရှိနေပါတယ်။ ဖြတ်သန်းသွားဖို့ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့အသက်ကို ချမ်းသာပေးပါ အရှင်။ ကျွန်တော်မျိုးတို့ဟာ အရှင့်ရဲ့သစ္စာရှိ ကျေးကျွန်တွေပါ''

ရဲမက်တွေက အဲဒီလိုတောင်းပန်ပေမယ့် ကာရာခန်းက ဘယ်တော့မှ မသနား မညှာတာတတ်ပါဘူး။ အဲဒီရဲမက်တွေအားလုံးကို ကွပ်မျက်ပစ်လိုက်သတဲ့။ ပြီးတော့ နောက်တစ်ဖွဲ့ စေလွှတ်ပြန်တာပေါ့။ ဒီတစ်ဖွဲ့ကတော့ တောကြီးထဲကို ဖြတ်သန်းပြီး အာရှစ်ကို အမီလိုက်နိုင်ကြတယ်။ တပ်ဖွဲ့ခေါင်းဆောင်က ''အလွယ်လေးပါကွာ။ မကြာခင် ဒီကောင်လေးကို တို့မိမှာပါ''လို့ ပြောဆိုတယ်။

ဒါပေမယ့် မီလုမီခင်မှာဘဲ အာရှစ်က အိတ်ထဲက အပ်ကိုထုတ်ပြီး မြေပြင်ပေါ် ပစ်ချလိုက်တယ်။ အင်မတန်မြင့်တဲ့ တောင်ကြီးတစ်တောင် ရဲမက်တွေရှေ့မှာ ရုတ်ချည်းပေါ်လာပြန်သတဲ့။ တောင်က မတ်စောက်လွန်းတော့ ကျော်ဖြတ်လို့မရပြန်ဘူးပေါ့။

ဒီလိုနဲ့ ဒုတိယတပ်ဖွဲ့လည်း လာရာလမ်းအတိုင်း လှည့်ပြန်ကြရပြန်တယ်။ ဖြစ်ကြောင်းကုန်စင် လျှောက်တင်ပြီး တောင်းပန်ပေမယ့် ကာရာခန်းက ဂရုမစိုက်ပါဘူး။ ''ခေါင်းဖြတ်သတ်စေ''လို့ အမိန့်ချမှတ်ပြန်တာပဲပေါ့။

နောက်ဆုံးတော့ ကာရာခန်းဟာ အာရှစ်ကိစ္စကို သူကိုယ်တိုင်လိုက်

www.burmeseclassic.com

www.burmeseclassic.com





မှဖြစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ *'တာလ်ပါ'*လို့ အမည်ရတဲ့ သူ့မြင်းပျံကို ခေါ်ထုတ်လာခဲ့တယ်။ ကာရာခန်းဟာ မှော်စွမ်းအင်ကို အသုံးချလိုတဲ့အခါမှာမှ ဒီမြင်းပျံကို စီးလေ့ရှိတယ်။

တာလ်ပါကို စီးနင်းပြီး တောနက်ကြီးနဲ့တောင်တွေပေါ်ကနေ ပျံသန်းလာလိုက်တာ မကြာပါဘူး။ အာရှစ်ကိုမီလာတော့တာပေါ့။ အာရှစ်ဟာ မြင်းပျံရဲ့ တောင်ပံခတ်သံကို ကြားလိုက်ရတယ်။ ကာရာခန်းရဲ့ ကြုံးဝါးသံနဲ့အတူ သူ့ခေါင်းကို ဖြတ်ဖို့ ဓားကိုဝှေ့ယမ်းလိုက်တာကိုလည်း အချိန်မီမြင်လိုက်ရသတဲ့။ အာရှစ်ဟာ မှန်ကိုထုတ်ပြီး မြေပြင်ပေါ်ပစ်ချလိုက်တယ်။ မိန်းမလှလေး ပေးခဲ့တဲ့ ပစ္စည်းသုံးမျိုးထဲက နောက်ဆုံးပစ္စည်းကလေးပေါ့။ မှန်ကလေးဟာ မြေပြင်ပေါ်ကျတာနဲ့ တစ်ပြိုင်နက် ကျယ်ဝန်းတဲ့ရေကန်ကြီးတစ်ကန် ဖြစ်သွား

www.burmeseclassic.com



သတဲ့။ မြင်းပျံဟာ မြေပြင်ပေါ် အရှိန်နဲ့ဆင်းသက်တော့မယ့်ဆဲဆဲ ဟန်ချက်ပျက်ပြီး ကာရာခန်းနဲ့အတူ ရေကန်ထဲ ဖောက်ထိုးကျသွားတော့တယ်။

ကာရာခန်းဟာ ရေမကူးတတ်ဘူး။ ဒါကြောင့် ဘာကမှ မကယ်တင်နိုင်တော့ဘဲ ကောက်ကျစ်ယုတ်မာတဲ့ခန်းဟာ ရေနစ်တော့တာပဲပေါ့။ မြင်းပျံကတော့ ရေကူးတတ်လေတော့ ကမ်းပေါ်ကို ဘေးမသီရန်မခ ရောက်သွားတော့တယ်။ ကာရာခန်းက ရက်စက်တယ်။ တစ်ခါတလေ မြင်းပျံကိုတောင် ရိုက်နှက်တတ်သတဲ့။ ဒါကြောင့်လည်း မြင်းပျံက သူရေနစ်နေတာကို ဘယ်အရေးစိုက်ပါ့မလဲ။ အရေးမစိုက်တဲ့အပြင် သူ့ကျောပေါ် အာရျစ် တက်စီးတဲ့အခါ အသာတကြည်လက်ခံပြီး အာရျစ်တို့ရွာအရောက် ပျံသန်းသွားတော့တယ်။

ရွာသားတွေဟာ ကာရာခန်းသေဆုံးပြီဆိုတဲ့သတင်းကို မယုံနိုင်အောင် ဖြစ်ကြတယ်။ ဒါပေမယ့် သူတို့ရွာကို ကယ်တင်ခဲ့တဲ့ အာရျစ်ကလေးကိုတော့ ဝိုင်းဝန်းချီးကျူးကြတာပေါ့။

အက်ဆာကယ်အဘိုးအိုတွေလည်း တအောင့်လောက် ခေါင်းချင်းရိုက်တိုင်ပင်ကြသတဲ့။ ဒီလိုကိစ္စမျိုးမှာ မြန်မြန်ဆန်ဆန်လုပ်ရတာ သိက္ခာကျတယ်လို့ သူတို့ တွေးကြတယ်။ နောက်ဆုံးတော့ ပညာရှိဟန်ပါပါ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ရွာသူရွာသားတွေကို ပြောဆိုကြေညာလိုက်ကြတယ်။

''အချင်းတို့ ... ဒီသူငယ်လေး ဘယ်လောက်ဉာဏ်ရှိတယ်ဆိုတာ ကျုပ်တို့တွေ့ခဲ့ကြပြီ။ ကျုပ်တို့ သူ့ကို အက်ဆာကယ်လို့ခေါ်ကြရမယ်''တဲ့။

ရွာသူရွာသားတွေအားလုံး လက်ခုပ်သြဘာပေးပြီး ချီးကျူး ဂုဏ်ပြုကြတယ်။ အဲဒီအချိန်ကစပြီး ဘယ်သူပဲဖြစ်ဖြစ်၊ အသက်အရွယ် ဘယ်လောက်ပဲရှိရှိ၊ အာရျစ်လို ဉာဏ်ပညာရှိသူကို အက်ဆာကယ်အဖြစ် သတ်မှတ်ခေါ်ဝေါ်ခဲ့ကြပါတယ်။

ဖ လ ဆ ဃ

www.burmeseclassic.com

www.burmeseclassic.com

၇

# ဆမာကန်ရဲ့ခမ်းနားကြီးကျယ်မှုများ

ပိုးလမ်းမတစ်လျှောက်က လူတိုင်းလူတိုင်း ဆမာကန်မြို့အကြောင်း ကြားဖူးကြတယ်။ ဆမာကန်ဟာ *အိပ်မက်များရဲ့မြို့တော်* တဲ့လေ။ အခုဆို ကျွန်ုပ်တို့တစ်တွေ ဆမာကန်ရဲ့ ဂိတ်တံခါးတွေကို ဖြတ်သွားနေကြပြီပေါ့။ ဟောဟိုမှာ ကြည့်စမ်းပါ့။ ဗလီအဆောက်အဦထိပ်က ကျော်ကြားလှတဲ့ စိမ်းပြာရောင် အမိုးခုံးလုံးလုံးကြီးတွေလေ။ ဒီမြို့မှာ ပိုးထည်နဲ့ ဟင်းခပ်အမွှေး အကြိုင်တွေရောင်းချရာ ဈေးကြီးတွေရှိတယ်။ လမ်းတွေပေါ်မှာလည်း လူတွေ များလိုက်တဲ့ဖြစ်ချင်း။ အဲဒီခရီးသွားတွေဟာ ကုန်တွေကူသန်းရောင်းဝယ်ဖို့တင် မဟုတ်ဘဲ အနယ်နယ်အရပ်ရပ်က အသိအမြင် ဗဟုသုတတွေ၊ သတင်းစကား တွေကို ယူလာပြီး ဖလှယ်ကြတာပေါ့။ ပညာသင်လာကြတဲ့ ဆေးဆရာတွေ၊ နက္ခတ္တဗေဒဆရာတွေ၊ ကျော်ကြားတဲ့အနုပညာရှင်တွေ၊ လူချမ်းသာ ကုန်သည် ကြီးတွေနဲ့ ခံ့ညားလှတဲ့ နိုင်ငံခြားသံတမန်တွေဟာ ဘုရင်ကေရာဇ်ရဲ့ ညီလာခံ ကို တက်ရောက်ဖို့ အသင့်ရှိနေကြတယ်။ အခု ကျွန်ုပ်တို့ရောက်ရှိနေတဲ့ကာလက အကြီးကျယ်ဆုံးကေရာဇ် *တာမာလိန်း* အုပ်ချုပ်နေတဲ့ခေတ်ပေါ့။ (ရောထွေး မသွားနဲ့ဦးနော်။ တို့တွေက အတိတ်ကာလဆီ နောက်ကြောင်းပြန်ရောက်နေ တယ်ဆိုတာ သတိရပါ) ပြည်သူတွေက သူ့ကို *တီမူး* လို့လည်းခေါ်ကြတယ်။ တီမူးဆိုတဲ့ အဓိပ္ပာယ်က သံမဏိတဲ့။ တကယ်လည်း သံမဏိကေရာဇ် ဆို တဲ့ အမည်နဲ့ လိုက်ဖက်ပါပေတယ်။ သူဟာ သမိုင်းမှာ *စစ်ဘုရင်တီမူး*လို့ နာမည်ကျော် ထင်ရှားခဲ့သူပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဆမာကန်ဟာ အလွန်လှပတဲ့မြို့အဖြစ် ခေတ်ကာလများစွာ တည်ရှိခဲ့တယ်။ လာရောက် ကြတဲ့ခရီးသည်တွေဟာ ဆမာကန်မြို့က အရိပ်အာဝါသ ကောင်းလှတဲ့ ဥယျာဉ်တွေ၊ အေးမြတဲ့ ရေပန်းတွေနဲ့ ရောင်းကုန်တွေ တောင်လိုပုံနေတဲ့ ဈေးကြီးတွေကို ချီးမွမ်းလေ့ရှိကြတယ်။ အဲဒီဈေးကြီးတွေမှာ ပိုးလမ်းမတစ်လျှောက်က ကုန်ပစ္စည်းတွေကို ရာစုနှစ်တွေနဲ့ချီပြီး ခင်းကျင်းရောင်းချခဲ့ကြတယ်။ ပြီးတော့ ဆမာကန်ဟာ ဒေသထွက် လက်မှုပစ္စည်းတွေနဲ့လည်း ကျော်ကြားတယ်။ အထူးသဖြင့် ဆမာကန်ထွက် ကော်ဇောတွေ၊ ဖန်ထည်ပစ္စည်းတွေနဲ့ စက္ကူကောင်းကောင်းတွေပေါ့။

ခရီးသွားကုန်သည်အုပ်စုတွေ ဒီအရပ်မှာ နှစ်ပေါင်းတစ်ထောင်ကျော် ဝင်ထွက်သွားလာခဲ့ကြတယ်။ ၁၅ ရာစုရဲ့အစပိုင်းဟာ ဆမာကန်မြို့တော်ရဲ့ အစည်ကားဆုံးကာလတွေပေါ့။ ဒီကာလဟာ အတောက်ပဆုံးအချိန်တွေရဲ့ နောက်ဆုံးကာလပါပဲ။ ဒီနေ့ ထောင်ချီတဲ့ကုလားအုတ်တွေနဲ့ ကုန်သည်အုပ်စုကြီးတစ်စု တရုတ်ပြည်က ရောက်လာတယ်။ တရုတ်ကုန်သည်တွေ၊ ရုရှကုန်သည်တွေနဲ့ *ဆစ်ဘားရီးယန်း* သားမွေးကုန်သည်တွေလည်း အဲဒီအုပ်စုကြီးနဲ့အတူ ပါလာကြတယ်။ သူတို့ယူဆောင်လာတဲ့ အထုပ်အပိုးတွေထဲက ကုန်ပစ္စည်းတွေကိုကြည့်ဖို့ မြို့ထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်နေပြီပေါ့။

ပိုးလမ်းမတစ်လျှောက် အမျိုးမျိုးအဖုံဖုံ စုံလင်တဲ့ အံ့ဩဖွယ်ရာကုန်ပစ္စည်းတွေ သယ်ဆောင်လာကြတယ်။ ပါရှားနဲ့ အနောက်နိုင်ငံတွေကနေ စွံပလွံသီး၊ မက်မွန်သီး၊ သစ်ကြားသီးတွေနဲ့ *နာဆီဆာယ်*ပန်းတွေ၊ *လော်ဇန်* နဲ့ *မုရန်စေး* ရေမွှေးတွေ လာရောက်ရောင်းချကြတယ်။ အာရှအလယ်ပိုင်းကနေ ကျောက်စိမ်းနဲ့ ကြည်ပြာရောင်ကျောက်မျက်တို့လို အဖိုးသိပ်မကြီးတဲ့ ကျောက်မျက်တွေ လာကြတယ်။ အိန္ဒိယက *ဒေါက်ခွ* နဲ့ ငရုတ်ကောင်း၊ စန္ဒကူးနံ့သာတို့အပြင် အရေးပါတဲ့ ထွက်ကုန်သစ်ဖြစ်တဲ့ ချည်ထည်တွေတင်ပို့တယ်။ တရုတ်ပြည်မကြီးကတော့ ပိုးထည်တွေသာမက ချင်းနဲ့ လူး၊ ဆပ်၊ ပြောင်း စတဲ့ ကောက်နှံတွေ၊ နှင်းဆီ၊ ကမဲလီယာ၊ ပီအိုနီနဲ့ ဂန္ဓမာလိုပန်းတွေ လာရောက်ရောင်းချကြပါတယ်။

\+ + +

ကဲ ... ပိုးလမ်းမတစ်လျှောက် တရုတ်ပြည်ဘက်ကနေ ဆမာကန်မြို့တိုင်အောင် ကျွန်ုပ်ရဲ့ ပိုးချည်မျှင်တွေနဲ့ သင့်ကို ခေါ်ဆောင်ခဲ့ပြီနော်။ ဒီမှာပဲ ကျွန်ုပ်တို့ခရီးစဉ် အဆုံးသတ်ပြီပေါ့။ မကြာခင် သင့်ကို ကျွန်ုပ် နှုတ်ဆက်ခဲ့ခွာရတော့မှာပါ။ ကျွန်ုပ်မှာ လုပ်စရာတာဝန်တွေ ရှိနေသေးတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



သဲကန္တာရတွေထဲက ခရီးသည်တွေကို ဂရုတစိုက် စောင့်ကြပ်ကြည့်ရှုရမယ်။ ထိန်းမနိုင်သိမ်းမရ သောင်းကျန်းလှတဲ့ မကောင်းဆိုးဝါးတွေကို ဟန့်တားရဦးမယ်။ နေးကွေးလေးလံလှတဲ့ ကုလားအုတ်ကြီးတွေကို ထကြွလှုပ်ရှားအောင် နှိုးဆော်ရဦးမယ်လေ။

ဒီကနေ့ည ကေရာဇ်မင်းဟာ စားပွဲသောက်ပွဲကြီး ဆင်ယင်ကျင်းပ လိမ့်မယ်လို့ လူတွေ ပြောနေကြတယ်။ အဲဒီကို သွားကြမလားဟင်။ တိုင်းတစ်ပါးက ဧည့်သည်တော်တွေတော့ ကေရာဇ်ရဲ့ ဥယျာဉ်တော်စံနန်းမှာ ပွဲတော်ကြီး ဆင်နွှဲနေကြပြီတဲ့။ ဝိုင်အရက်တွေလည်း အလျှံပယ်ပဲပေါ့။ ဒီတော့ ပုံပြောသူတွေရဲ့ ပုံပြင်တွေကို နားထောင်မယ့်သူတောင် ရှိပါ့မလား မသိပါဘူး။

ဏ ဏ ဏ ဏ

www.burmeseclassic.com

www.burmeseclassic.com

# ဝိုးသားသက်တံ

တစ်ခါက အင်မတန်ပြည့်စုံကြွယ်ဝတဲ့ ဘုရင်တစ်ပါးရှိသတဲ့။ သူ့အနားမှာ အချိန်ပြည့် ဦးညွှတ်ခစားတဲ့ ကျေးကျွန်တွေ အများအပြားရှိတယ်။ သူ အမိန့်ပေးလိုက်တာနဲ့ သူ သောက်သုံးဖို့ အေးမြတဲ့အချိုရည်တွေ၊ တမြုံ့မြုံ့ဝါးဖို့ အရည်ရွှန်းတဲ့စပျစ်သီးတွေ အလျှင်အမြန် ယူဆောင်လာကြတယ်။ သူ့ရဲ့ အဖြူရောင်စီးတော်မြင်းကို စီးပြီး မြို့တော်တစ်ဝန်း လှည့်လည် ကြည့်ရှုလေ့ရှိသတဲ့။ သစ်သီးခြံနဲ့ ဥယျာဉ်တွေ၊ မနက်ခင်းနေရောင်အောက်မှာ အပြာရောင်တောက်ပနေတဲ့ အမိုးခုံးလုံးလုံးကြီးတွေနဲ့ ဗလီဝတ်ကျောင်းတွေကို ကြည့်ရှုလေ့ရှိတယ်။ သူသွားလေရာမှာ ပြည်သူပြည်သားတွေကလည်း လိုက်လိုက်လှဲလှဲ ကြိုဆို နှုတ်ခွန်းဆက်ကြသတဲ့။ အထူးတလည်ပြင်ဆင် မွမ်းမံထားတဲ့ စံအိမ်တော်တွေထဲမှာ ခမ်းနားကြီးကျယ်တဲ့ စားတော်ပွဲကြီးတွေလည်း ခင်းကျင်းလေ့ရှိတယ်။ နှစ်လိုဖွယ်ကောင်းတဲ့ မိန်းမလှလေးတွေက ဘုရင်ကေရာဇ်နဲ့ ညီ့သည်တော်တွေကို ကပြဖျော်ဖြေကြသတဲ့။ ရတနာရွှေငွေတွေ ပေါကြွယ်ဝ၊ သီးနှံတွေအောင်မြင်ပြီး တိုင်းတစ်ပါးက ရန်သူတွေလည်း ကင်းရှင်းတဲ့ အချိန်အခါပဲပေါ့။ သူဆန္ဒရှိရင် လက်ဖျောက်တစ်ချက်တီးလိုက်တာနဲ့ ဘာမဆိုရနိုင်ပါသတဲ့။ ဒါပေမယ့် . . . သူဟာ အလွန့်အလွန်ကို ပျင်းရိငြီးငွေ့နေတယ်ဆိုပဲကွယ်။

တစ်နေ့တော့ သူဟာ ပျင်းရိငြီးငွေ့နေတာကို သည်းမခံနိုင်တော့တာနဲ့ ယုံကြည်ရတဲ့ သက်တော်ရှည်အမတ်ကြီးကို ခေါ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com





''ငါကိုယ်တော် အသစ်အဆန်းတစ်ခုခု အလိုရှိတယ်''လို့ မိန့်ကြားပြီး ကလေးဆိုးကြီးတစ်ယောက်လို မျက်ရည်တွေစီးကျလာတော့တယ်။ အမတ်ကြီး လည်း ထိတ်လန့်တုန်လှုပ်သွားတာပေါ့။

''အရှင်မင်းကြီး၊ ခုလည်း အရာရာတိုင်း ကောင်းနေတာပဲမဟုတ် လား၊ ပြည်သူပြည်သားတွေ ဘေးရန်ကင်းကင်းနဲ့ ပျော်ပျော်ရွှင်ရွှင်ရှိကြတယ်။ သစ်သီးသစ်နှံတွေလည်း အောင်မြင်ဖြစ်ထွန်း .....''လို့ ပြန်လျှောက်တင်နေ တုန်း ....

''ဟုတ်ပ၊ ဟုတ်ပ။ ဒါပဲလေ ...သင်မမြင်ဘူးလား။ အဲဒါကိုပဲ ငါ ကိုယ်တော်က ငြီးငွေ့နေတာ ...''လို့ မင်းကြီးက ဖြတ်ပြောသတဲ့။ ဒီတော့ အမတ်ကြီးက ...

''အရှင်မင်းကြီး၊ အလွန်တော်တဲ့ မျက်လှည့်ဆရာအသစ်တွေကို ဒီက နေ့ည အရှင့်ညီလာခံမှာ လာရောက်ဖျော်ဖြေဖို့ အမိန့်ပေးလိုက်ပါ့မယ်။ အရှင် ရွှေဘောတော်ကျလိမ့်မယ်လို့ ကျွန်တော်မျိုး အာမခံပါတယ်။ ကျွန်တော်မျိုး ကိုယ်တိုင် မနေ့ကမှကြည့်ခဲ့ရတာ။ ပြီးတော့ ....''

ဒီအခါမှာ မင်းကြီးက

''အိုး ငါကိုယ်တော် အားလုံးကြည့်ဖူးပြီးပါပကော''လို့ ထခုန်၊ ခြေ ဆောင့်ပြီး ငေါက်သတဲ့။

''ဒီလိုဆိုရင်တော့ .....''လို့ အမတ်ကြီးက စကားဆက်မရဘဲ တိုးလိုးတန်းလန်းရပ်ပြီး အပြင်းအထန် စဉ်းစားနေရတော့တယ်။ ဒီလိုအခြေ အနေမျိုး အရင်က ကြုံမှမကြုံဖူးခဲ့ဘူးကိုး၊ မေးစေ့ကိုပွတ်ပြီး ...

www.burmeseclassic.com

www.burmeseclassic.com



“အင်း ကျွန်တော်မျိုးလည်း ဘာမှမသိတော့ပါဘူး အရှင်မင်းကြီးရယ်”လို့ လျှောက်တင်မိသတဲ့။ မင်းကြီးက အမတ်ကြီးကို သတ်ချင်ဖြတ်ချင်သလို ကြည့်လိုက်တယ်။ ဒီအမတ်အိုကြီး ဒီလိုစကားမျိုး ပြောရပါ့မလားဆိုပြီး အပြစ်ကြီးကြီးပေးဖို့ သူ အမိန့်ပေးနိုင်ပါတယ်။ သူ့အမိန့်ကို ဘယ်သူတစ်ဦးတစ်ယောက်ကမှ မငြင်းပယ်ရဲဘူးလေ။ ဒါပေမယ့် ဒါက မတရား ဘူးဆိုတာလည်း သူ သိတယ်။ အင်း ... အံ့ဩစရာ အသစ်အဆန်းတစ်ခုခုလောက်ရှိခဲ့ရင်တော့ ...။

“တစ်ခုခုစဉ်းစားစမ်း”လို့ မြည်တွန်တောက်တီးပြီး အတွင်းတော်ထဲလှည့်ဝင်သွားတော့တယ်။ အမတ်ကြီးကတော့ ဦးညွှတ်ပြီးကျန်ရစ်တယ်။ သူ့ အရှင်မင်းကြီး ဘယ်လိုများဖြစ်တာပါလိမ့်လို့ တွေးနေမိတာပေါ့။ အဲ ... ဒါပေမယ့် ဘုရင့်အမိန့်ကိုတော့ မနာခံဘဲနေရဲပါဘူး။ ချက်ချင်းပဲ မြို့ထဲက အတော်ဆုံးပန်းချီဆရာတွေ၊ လက်မှုပညာသည်တွေ၊ စာဆိုတွေ၊ ကဗျာဆရာတွေနဲ့ ကျွမ်းဘားသမား၊ လူရွှင်တော်၊ နက္ခတ်ကြည့်သူတွေ၊ ဆေးဆရာတွေ ပါမကျန် အားလုံးဆင့်ခေါ်ပြီး အကြံဉာဏ်တောင်းတယ်။



“ပွင့်ပွင့်လင်းလင်း ပြောရရင် ဘယ်လိုလုပ်ရမယ် ဆိုတာ ကျုပ် မသိဘူး၊ ဒါပေမယ့် ကျုပ်ကို ကူပြီးစဉ်းစားပေးကြပါဦးကွယ်ရို့”

ရောက်လာသူအပေါင်း တုန်လှုပ်ချောက်ချားသွားကြတယ်။ မရောင့်ရဲနိုင်တဲ့ ဘုရင်တစ်ပါးကို ဘာမှမတတ်နိုင်ဘူးလေ။ အရင်က ဒေါသထွက်နေတဲ့ ဘုရင်တွေဟာ ဆိုးဆိုးဝါးဝါးတွေ လုပ်ခဲ့ကြတာ ကြုံဖူးကြပြီ။ လူတွေရဲ့ ခေါင်းကို ဖြတ် သုတ်သင်ပစ်တာမျိုးတွေ ပေါ့။ ဒါကြောင့် လုပ်သင့်တာတွေကို ချက်ချင်းလုပ်ကြတော့တယ်။

နက္ခတ်ကြည့်သူတွေက အရင်ဆုံးအလှည့်ကျတယ်။ သူတို့

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ရှာဖွေတွေ့ရှိမှု အသစ်တစ်ခုနဲ့ပေါ့။ ဘုရင့်ရှေ့တော်မှောက် ဝင်ရောက် ခစား ကြတယ်။

"အရှင်မင်းကြီး မိုးကောင်းကင်မှာ ကြယ်သစ်တစ်လုံးတွေ့ရှိထားပါ တယ်။ ကျွန်တော်မျိုးတို့ အဲဒီကြယ်သစ်ကို အရှင့်အမည်ပေးလိုပါတယ် အရှင်"

ကြားကြားချင်းတော့ မင်းကြီး စိတ်လှုပ်ရှားသွားတယ်။

"ပြစမ်း၊ ဒီညှ ငါ့ကို ပြစမ်း"လို့ စိတ်အားထက်သန်စွာ ပြောသတဲ့။

ဒါပေမယ့် ကြည့်လို့လည်း ပြီးရော မကျေနပ်ပြန်ဘူးလေ။

"အင်း ဒါလည်း တခြားကြယ်တွေလိုပဲ။ ဘာမှမထူးခြားဘူး။ ကြိုက် သလိုသာ နာမည်ပေးကြ။ ဒါပေမယ့် ငါ့နာမည်တော့ မပေးနဲ့နော်။ ငါကိုယ် တော်က တခြားလူတွေနဲ့ မတူဘူး" လို့ စိတ်တိုတိုနဲ့ပြောသတဲ့၊ ဘုရင်ကေရာဇ် တွေဟာ အဲသလိုပါပဲ။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲဆိုတော့ သူတို့ထက် ဉာဏ်ကြီးသူတွေရှိတယ်လို့ ဘယ်သူကမှ သူတို့ကို မပြောရဲကြလို့ပါပဲ။

အဲဒီနောက်တော့ ကျွမ်းသမားတွေ၊ လူရွှင်တော်တွေရဲ့ ရင်သပ်ရှု မောဖွယ် ပြကွက်တွေပေါ့။ လူတွေ တစ်ယောက်ပြီးတစ်ယောက် ဆင့်တက်ပြီး *လူသားပိရမစ်ပုံစံ* လုပ်ပြကြတယ်။ ဘယ်တုန်းကမှနဲ့မတူအောင် မြင့်မားလှ သတဲ့။ တစ်ခါ လှည်းဘီးတွေလိုမှိပြကြ. ကျွမ်းတွေ အပတ်ပေါင်းများစွာ ထိုးပြကြ၊ ရယ်စရာဟာသပြက်လုံးတွေ ထုတ်ကြနဲ့ တင်ဆက်အသုံးတော် ခံကြတယ်။ ပြက်လုံးအသစ်တွေရဖို့လည်း ရောက်လာသမျှ ခရီးသွားတွေကို မေးမြန်းကြတာ ခရီးသွားတွေတောင် ဒုက္ခရောက်ကုန်ကြသတဲ့။ ဒါပေမယ့် မင်းကြီးကတော့ ဘာကိုမှ အထင်မကြီးသေးပါဘူး။

"ဘာမှ မထူးခြားဘူး"တဲ့။ အဲဒီလိုပြောပြီး ဆတ်ခနဲထ၊ ဖျော်ဖြေနေတဲ့ အဖွဲ့ရဲ့ အလယ်ကနေ ဖြတ်တောင်လျှောက်လိုက်သေးတယ်။ အတော့်ကို ရိုင်းပျတဲ့အပြုအမူပဲပေါ့။

ဆေးဆရာတွေကတော့ *မသေဆေး* ဆိုလား၊ ဆက်သကြသတဲ့။ အဲဒီ ဆေးထဲမှာ ဘုရင်ကြီးရဲ့သက်တော်ကို ရှည်စေမယ့် အထူးဆေးအမယ်တွေ ပါဝင်တယ်ဆိုပဲ။ ဒါပေမယ့် ဒါလည်း အလုပ်မဖြစ်ပြန်ပါဘူး။

"ဟမ် ... မသေဆေးတဲ့လား။ သင်တို့ သေတဲ့အထိတောင် ခံမှာ မဟုတ်ဘူး"လို့ ပြောပြီး မနှစ်မြို့တဲ့အကြည့်နဲ့ကြည့်လိုက်တော့ ဆေးဆရာတွေ လည်း ထလစ်ကုန်ကြရောပေါ့။ နို့မဟုတ်ရင် သူတို့အတွက် အန္တရာယ်က မျှော်လင့်ထားတာထက် ပိုမြန်မြန်ရောက်လာနိုင်တယ်လေ။

စာဆိုတွေနဲ့ ကဗျာဆရာတွေလည်း စာ၊ ကဗျာ၊ လင်္ကာတွေ အပြ

www.burmeseclassic.com

www.burmeseclassic.com



ပြင်း ရေးသားစပ်ဆိုကြတယ်။ မင်းကြီးထံ သူတို့လက်ရာအသစ်စက်စက်တွေကို ဖတ်ကြားတင်ဆက်ခွင့်ပြုဖို့ တောင်းပန်ကြတယ်။ ဒါပေမယ့် မင်းကြီးက 'ဝါး'ခနဲ အကျယ်ကြီးသမ်းဝေပြီး သူတို့လက်ထဲက စာရွက်လိပ်တွေကို ဆွဲယူ မီးရှို့ပစ်သတဲ့လေ။ အတော့်ကို ရက်စက်တဲ့လုပ်ရပ်ပါပဲ။

အင်း . . . လူတိုင်းပဲ ဘုရင်ကြီးအပေါ် စိတ်မရှည်နိုင်ကြတော့ဘူးပေါ့။ ဒါပေမယ့် စိတ်မရှည်တဲ့အမူအရာလည်း မပြရဲကြဘူးလေ။ အခုတော့ အားလုံးရဲ့မျှော်လင့်ချက်တွေကို ပန်းချီဆရာတွေနဲ့ လက်မှုပညာသည်တွေအပေါ် ပုံချထားကြတော့တယ်။

ဖန်ထည်ပစ္စည်းပြုလုပ်သူတွေက အပြာရောင်ဖန်သားနဲ့ ပြုလုပ်ထားတဲ့ ငန်းရုပ်တစ်ရုပ် ယူဆောင်လာကြတယ်။ ရုပ်လုံးဖော်ထားပုံက သေသေသပ်သပ်၊ ဖန်သားက ပုလဲလိုကောင်းမွန်တဲ့ လက်ရာပါပဲ။ ညီလာခံထဲမှာတော့ မြင်သူတိုင်း အသက်ရှူမှားသွားကြတယ်။ အင်မတန်လှပပါသတဲ့။ ဒါပေမယ့် အခုအချိန်မှာ မင်းကြီးရဲ့ဒေါသအကြောင်း သူတို့ ကောင်းကောင်းကြီး သိလိုက်ကြတယ်။ ငန်းရုပ်ကို မင်းကြီး လှမ်းယူပြီး ပေါက်ခွဲမပစ်ခင် လက်မတင်လေး ပြန်လည်သိမ်းဆည်းလိုက်ကြရသတဲ့။

ဒီအချိန်မှာ ကော်ဇောရက်လုပ်သူတွေက မင်းကြီးရဲ့ စီးတော်မြင်းအတွက် ကုန်းနှီးကော်ဇောကြီးတစ်ချပ် ရက်လုပ်ကြတယ်။ အဖွဲ့လိုက် အဖွဲ့လိုက် နေ့ရောညပါ ရက်လုပ်လိုက်ကြတာ *ရက်သုံးဆယ်ကော်ဇော*လို့ အမည်ရတဲ့ ကုန်းနှီးကော်ဇောကြီး ပြီးစီးသွားသတဲ့။ တကယ်တော့ ဒီလိုကော်ဇောမျိုး ရက်လုပ်ဖို့ လပေါင်းများစွာ၊ နှစ်တွေချီပြီးတော့တောင် ကြာတတ်တာပေါ့။ အခုလို အချိန်တိုအတွင်း ပြီးစီးသွားတာ အံ့ဖွယ်ပါပဲ။ ဒါပေမယ့် မင်းကြီးကတော့ လုံးဝကို စိတ်မဝင်စားဘူး။ သူကိုယ်တိုင် သွားလေ့သွားထမရှိတဲ့ အစွန်အဖျားက စံအိမ်တစ်ခုမှာ သွားချိတ်ထားဖို့ အမိန့်ပေးလိုက်ပါတယ်။

ပန်းထိုးပညာရှင်တွေ၊ လက်ဝတ်ရတနာပညာသည်တွေ၊ အုတ်ကြွပ်ကြွေပြားခတ်ကျွမ်းကျင်သူတွေ၊ သတ္တုထည်လုပ်သူတွေ . . . အားလုံး အားလုံး သူတို့အရှင် စိတ်ကျေနပ်မှုရစေမယ့် လက်ရာအသစ်အဆန်းတွေ ကြိုးစားဖန်တီးကြတယ်။ မင်းကြီးကတော့ ဘာတစ်ခုမှ စိတ်ကျေနပ်မှု မရဘူးတဲ့။


နောက်ဆုံးတော့ မင်းကြီးဟာ သက်တော်ရှည်အမတ်ကြီးကို ဆင့်ခေါ်ပြီး ရာဇသံပေးတော့သတဲ့။

''နောက်တစ်ရက်ပဲ ထပ်ရမယ်။ နားလည်လား အမတ်ကြီး။ ကျုပ် ငြီးငွေ့လှပြီ။ အသစ်တစ်ခုခု အလိုရှိတယ်။ မနက်ဖြန် ရရမယ်နော်။ ဒါမှ

www.burmeseclassic.com

www.burmeseclassic.com





မဟုတ်ရင်တော့ ....''

သက်တော်ရှည်အမတ်ကြီး ကြောက်ရွံ့ထိတ်လန့်သွားတယ်။ ဘယ်လို လုပ် အောင်မြင်နိုင်ပါ့မလဲပေါ့။ တွေးလို့ရသမျှ အရာတိုင်းလည်း ကြိုးစား ကြည့်ခဲ့ပြီးပြီ။ ပါရမီရှိသူတိုင်းကလည်း အမျိုးမျိုးလုပ်ပြခဲ့ကြပြီးပြီ။ အသစ် အဆန်းတစ်ခုခုဆိုတာ ဘယ်လိုလုပ်ရှိနိုင်ပါတော့မလဲ။

သနားစရာအမတ်အိုကြီးဟာ တစ်ညလုံးအိပ်မပျော်ရှာဘူး။ အိပ်ရာထဲ လူးလိုက်လိမ့်လိုက်နဲ့ ကြောင်တောင်တောင်စိတ်ကူးတွေကို ယောင်ယမ်း တွေး တောနေမိတယ်။ လစန္ဒာဆီ ပျံသန်းဖို့ဆိုတာမျိုး၊ အဝေးကလူတွေကို လှမ်းစ ကားပြောနိုင်တဲ့ အသံထွက်သေတ္တာလိုမျိုး လူတိုင်းက မဖြစ်နိုင်ဘူးလို့သိထား တဲ့ စိတ်ကူးမျိုးတွေပေါ့လေ။

နောက်ဆုံးတော့ မနက်ခင်းနေရောင်ခြည်ဟာ ပြတင်းပေါက်ကနေ ဝင်လာပြီပေါ့။ အမတ်အိုကြီးရဲ့ မျက်လုံးတွေထဲ မျက်ရည်တွေ ဝေ့ဝဲ စီးဆင်း လာတော့တယ်။ နေရောင်က မျက်ရည်တွေပေါ် ထိလိုက်တာနဲ့တစ်ပြိုင်နက် တောက်ပတဲ့ ရောင်စဉ်ဖြာသက်တံလေးတစ်ခု သူ့မြင်ကွင်းထဲ ပေါ်လာသတဲ့။

''ဒါပဲ'' အမတ်ကြီးဟာ ရုတ်တရက် နှုတ်က ရေရွတ်ပြီး ဝေါက်ခနဲ ထထိုင်လိုက်တယ်။ မယုံနိုင်လောက်အောင်ကို စိတ်လှုပ်ရှားနေမိသတဲ့။ ချက် ချင်း အိပ်ရာထဲက ပြေးထွက်ပြီး မင်းကြီးရှေ့မှောက် ဒူးထောက်ခစားရင်း လျှောက်တင်လိုက်တယ်။

''ရေမြေ့သခင်၊ တော်ဝင် အရှင်မင်းကြီးဘုရား၊ ကျွန်တော်မျိုး လုပ် နိုင်ပြီလို့ ထင်ကြောင်းပါ။ အံ့ဩဖွယ်စိတ်ကူးတစ်ခု ရပါပြီ။ ရက်အနည်းငယ် ထပ်မံပေးသနားတော်မူပါ အရှင်''

ဒီအမတ်ကြီး စိတ်လှုပ်ရှားတက်ကြွနေတာကို မင်းကြီးတောင် မြင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါရဲ့။ ထူးခြားတဲ့ အခြေအနေတစ်ခု ရှိနေပြီဆိုတာ ရိပ်မိလိုက်တယ်။ မင်းကြီးက လက်ရှိဝန်းကျင်အငွေ့အသက်ကို ပြောင်းပစ်ချင်နေတာလေ။ တီထွင်မှုအသစ်တွေနဲ့အတူ လာရောက်ခစားကြသူတိုင်းဟာ အင်မတန် ရှိသေကျိုးနွံကြတယ်။ သူတို့ကိုယ်တိုင်က သူတို့လုပ်နိုင်တာတွေအပေါ် ကျိတ်ပြီး ငြီးငွေ့နေကြသလိုမျိုးပါပဲ။ ဟော ... အခု ဘဝတစ်လျှောက်လုံး ဘာတစ်ခုမှ မတီထွင်ခဲ့ဖူးတဲ့ ဒီအမတ်အိုကြီးမှာ စိတ်ကူးအသစ်တစ်ခုခု ရှိနေပြီ။ ဒါကို ရှင်းရှင်းကြီးမြင်နေရတယ်လေ။ အင်း ... သူ့ကို ခွင့်ပြုမှ ဖြစ်တော့မပေါ့။

မင်းကြီးက သိမ်သိမ်မွေ့မွေ့ ခေါင်းညိတ်ပြီး အမတ်ကြီးကို ခွင့်ပြုလိုက်တယ်။ ဒီနေ့တော့ မင်းကြီးဟာ မနက်စာကို ကောင်းကောင်းကြီး ပွဲတော်တည်နိုင်ခဲ့ပြီပေါ့။

အမတ်ကြီးဟာ ပိုးထည်ရက်လုပ်သူတွေကို အဖွဲ့တွေဖွဲ့ပြီး တာဝန်အသီးသီးပေးတယ်။ ပိုးချည်တွေလည်း ဆေးဆိုး၊ ရက်လုပ်ဖို့ အသင့်၊ အလုံအလောက်ရှိပြီးသား။ မြို့တွင်းအနှံ့ ပိုးစာပင်တောကလေးတွေ ရှိတယ်။ မြို့ပြင် ယာကွင်းအစပ်တွေမှာရောပေါ့။ ရာသီချိန်မို့ ပိုးစာသီးဖြူဖြူတွေ တဖုတ်ဖုတ်ကြွေနေကြတယ်။

အမတ်ကြီးဟာ ဆေးဆိုးသူတွေကို ဆင့်ခေါ်ပြီး ဘယ်လိုလုပ်ရမယ်ဆိုတာ တိတိကျကျပြောပြတယ်။ နောက်ဆုံးတော့ သူ့ရဲ့ အံ့ဖွယ်အကြံအစည်ဟာ အောင်မြင်ဖို့အဆင်သင့်ဖြစ်ခဲ့ပြီပေါ့။ အင်မတန်နှစ်သိမ့် ကျေနပ်နေတော့တယ်။ စိတ်တွေလည်း လှုပ်ရှားတက်ကြွပြီး ဘုရင်ကေရာဇ်ကိုတောင် မကြောက်တော့ဘူးတဲ့။ သူ့စိတ်ကူးကို အကောင်အထည်ဖော်နေရတာ ပျော်စရာကောင်းလိုက်တာ။

အမတ်ကြီးရယ်၊ ရက်ကန်းအဖွဲ့အကြီးအကဲရယ်၊ ဘုရင့်လက်စွဲတော် အပ်ချုပ်ဆရာရယ် မင်းကြီးရှေ့တော်မှောက် ဝင်ရောက်ခစားကြတယ်။ ဆေးဆိုးသူတွေကိုတော့ ဝင်ခွင့်မပြုဘူးတဲ့။ သူတို့လက်တွေက အမြဲတမ်း ထူးဆန်းတဲ့အရောင်တွေ စွန်းပေနေတယ်လေ။ သူတို့အဝတ်အစားတွေကလည်း ဆေးနံ့တွေမွှန်နေလေတော့ မင်းကြီး စိတ်ပျက်သွားမှာစိုးလို့ပေါ့။

''ကဲ ကဲ ... ဘာများ ယူလာကြသတုံး''လို့ မင်းကြီးက စိတ်အားထက်သန်စွာမေးတယ်။

အပ်ချုပ်ဆရာက ယူလာတဲ့အလိပ်ကို ဖြေ၊ ဆွဲခါပြီး ဖြန့်၊ ဟန်ပါပါလက်နဲ့ ကိုင်မြှောက်ပြလိုက်တယ်။ အလှပဆုံး ရောင်စုံပိုးသားနဲ့ ရက်လုပ်ထားတဲ့ ဝတ်ရုံတစ်ထည်ပါပဲ။ ရောင်စဉ်ခုနစ်သွယ်လုံး ပါဝင်ပြီး သားနားထည်ဝါ

www.burmeseclassic.com



လွှန်းလှပါတယ်။ သက်တံရောင်စဉ်တွေ တစ်ရောင်နဲ့ တစ်ရောင် ပေါင်းယှက်ပြီး တဖျတ်ဖျတ် လက်နေတော့သတဲ့။ မျက်စိအောက်မှာတင် တကယ့် သက်တံ တစ်စင်း ကခုန်နေသလိုမျိုးလေ။ အမတ်ကြီးတောင် ကျေနပ်နှစ်သိမ့်မှုနဲ့ ပင့်သက်ရှိုက်နေမိသတဲ့။ ဒါက သူ့ မျက်ရည်တွေကြားကနေ မြင်ရတဲ့ သက်တံ ထက်တောင် ပိုမိုလှပနေပါသေးရဲ့။

အဲဒီနောက်မှ သူတို့တွေ မင်းကြီးကို သတိရလိုက်ကြတယ်။ မင်းကြီးရဲ့ မျက်နှာကို စိုးရိမ်တကြီးကြည့်မိကြတယ်။ သူတို့အားလုံး သက်ပြင်းကြီးချပြီး အသက်မှန်မှန်ရှူနိုင်ကြပြီပေါ့။ မင်းကြီးရဲ့မျက်နှာတော်ဟာ တဖြည်းဖြည်းနဲ့ တစ်စတစ်စ အစွမ်းကုန်ပြုံးလာသတဲ့။ အားရကျေနပ်စွာ လက်ခုပ်တီးပြီး

''ဟုတ်ပြီ၊ ဟုတ်ပြီ''လို့ အောင်မြင်ဝံ့ကြွား ရွှင်လန်းအားရစွာ မိန့် တော်မူသတဲ့။

''ဒါပဲ။ ငါ မျှော်လင့်နေတာ ဒါပဲ။ တကယ့်ကို အသစ် ...''လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုပြီး ပိုးသားဝတ်ရုံကိုခြုံ ညီလာခံထဲ လှည့်ပတ်လျှောက်လှမ်းတော့တယ်။ ဘုရင်ကေရာဇ်တစ်ပါးနဲ့တောင် မတူတော့တဲ့ ဟန်မျိုးနဲ့ပေါ့။

"အခု ငါ မငြီးငွေ့တော့ဘူး ဟော့ . . ."တဲ့။

နောက်တော့ သူ့ကိုယ်သူသတိထားမိပြီး ပလ္လင်ပေါ်ထိုင်ချလိုက်တယ်။ ရာဇဣန္ဒြေပြန်ဆည်ရတာပေါ့။ ပြီးတော့မှ အခုလိုပြောသတဲ့။

"အင်း ဒီကနေ့ ငါကိုယ်တော် စိတ်လက်ချမ်းသာရှိတော်မူတယ်။ ဟောဒီ သက်တံပိုးထည်မျိုးတွေကို ကြိုက်တဲ့အချိန်မှာ ဝတ်ဆင်ကြဖို့ ပြည်သူပြည်သားတွေကို ငါ ခွင့်ပြုတော်မူတယ်"တဲ့။

အဲဒီနေ့ကစပြီး ယနေ့တိုင်အောင် ဆမာကန်ကလူတွေဟာ ပိုးသား သက်တံဝတ်စုံမျိုးတွေ ဝတ်ဆင်ခဲ့ကြပါသတဲ့။

၆၄ ၈၃ ၈၁ ၉၀

လင်းတည်ဦး

BURMESE CLASSIC

www.burmeseclassic.com